# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၄)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်
၂၀၂၅ ခုနှစ်၊ မေ ၂၂ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည်ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လူငယ်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက အခြေခံနှင့်တန်းမြင့်ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြစဉ်။

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်ကိုတည်ငြိမ်အေးချမ်းမှုရှိပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိရာတွင် လူငယ်များ၏အခန်းကဏ္ဍနှင့်ပတ်သက်ပြီး အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များ မွေးမြူနေချိန်တွင် မောင်တို့မယ်တို့အနေဖြင့် သင်ယူခဲ့သည့်ပညာရပ်များ၏ အခြေခံသဘောတရားများမှတစ်ဆင့် စူးစမ်းလေ့လာမှုများပြုလုပ်ပြီး တိုးတက်အောင်မြင်အောင်ထပ်မံကြိုးစားသွားကြရန်လိုကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် အခြေခံနှင့်တန်းမြင့်

**စာမျက်နှာ ၁၆ ကော်လံ ၁** ★




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၂၂ ရက်)

# ကျောင်းအပ်နှံရေး ဦးစားပေးဆောင်ရွက်

မြန်မာနိုင်ငံတွင် နှစ်စဉ်မေလ ၂၂ ရက်နေ့ရောက်သည်နှင့် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ကာ ကျောင်းအပ်နှံရေးလှုပ်ရှားမှုများဆောင်ရွက်လျက်ရှိသည်။ မေလလွန်မြောက်၍ ဇွန်လရောက်သည်နှင့်ကျောင်းများပြန်လည်ဖွင့်လှစ်ကာ စာသင်နှစ်တစ်နှစ်ကိုအစပြုသည်။ ဇွန်လဆန်းတွင် မြန်မာနိုင်ငံအတွက် အလွန်တရာလှပသောမြင်ကွင်းကိုတွေ့မြင်ကြရသည်။ အဖြူနှင့်အစိမ်းဝတ်ဆင်ကာကျောင်းတက်နေကြသည့် ကျောင်းသား၊ ကျောင်းသူများကိုမြင်တွေ့ရသည်မှာ စိတ်ဝယ်ချမ်းမြေ့မှုဖြစ်စေသည်။ ရိုးသား၍ကြိုးစားသော ကျောင်းသား၊ ကျောင်းသူများသည် နောင်တစ်ခေတ်တွင် နိုင်ငံတော်အတွက်အားထားဖွယ်ရာခေါင်းဆောင်များဖြစ်လာပေလိမ့်မည်။

ကျောင်းသား၊ ကျောင်းသူတို့သည် လူ့ဘဝသက်တမ်းတွင် ပထမအရွယ်ဖြစ်သည်။ လောကနီတိစာဆို၏ သတ်မှတ်ချက်အရ လူကိုအရွယ်သုံးပါးပိုင်းခြားထားသည်။ ပထမအရွယ်သည် ပညာသင်သည့်အရွယ်၊ ဒုတိယအရွယ်သည် စီးပွားဥစ္စာရှာဖွေသည့်အရွယ်၊ တတိယအရွယ်သည် တရားဘာဝနာပွားများသည့်အရွယ်ဟူ၍ဖြစ်သည်။ ပထမအရွယ်တွင် ကျောင်းသား၊ ကျောင်းသူတို့သည် စာပေကိုတတ်မြောက်အောင် (ထူးချွန်စွာတတ်မြောက်အောင်)သင်ယူကြရမည်ဖြစ်သည်။ မိမိတို့တတ်မြောက်ထားသောပညာအရည်အချင်းအလိုက် နိုင်ငံ့တာဝန်ထမ်းဆောင်မှုတွင် အဆင့်အတန်းကွာခြားကြမည်ဖြစ်သည်။ ထို့အတူ စီးပွားဥစ္စာရှာဖွေရာတွင် ကွာခြားလိမ့်မည်ဖြစ်သည်။ သူ့အရွယ်နှင့်သူပြည့်စုံအောင်ဖြည့်ဆည်းထားနိုင်မှသာ တတိယအရွယ်တွင် တရားဘာဝနာများကိုစိတ်အေးချမ်းသာစွာပွားများနိုင်ကြမည်ဖြစ်သည်။

အစမကောင်းလျှင် အနှောင်းမသေချာသည့်အတွက် ပထမအရွယ်ဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများသည် ပညာကိုတတ်မြောက်အောင်မဖြစ်မနေသင်ကြားကြရမည်ဖြစ်သည်။ မည်သို့သောအခက်အခဲနှင့်ကြုံလာသည်ဖြစ်စေ ပညာတတ်မြောက်ရေးသည် အဓိကဟူသောရည်မှန်းချက်ဖြင့် ကြိုးစားကြရမည်ဖြစ်သည်။ လူတိုင်းသည် မိမိဘဝကိုမိမိတို့ပိုင်ဆိုင်ကြသည်ဖြစ်ရာ ကိုယ်တိုင်ကြိုးစားမှုမရှိဘဲအောင်မြင်မှုဟူသည် ရလာနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူတိုင်းသည် စာပေပညာကိုတတ်မြောက်အောင်သင်ယူကြရမည်ဖြစ်သည်။ ကျောင်းနေပျော်၍ စာတော်သူများဖြစ်အောင် ကျောင်းကိုနေ့စဉ်မပျက်မကွက်(ရက်ပျက်မရှိ)တက်ရောက်ကြရမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများ ကျောင်းနေပျော်၍စာတော်ရေးတွင် မိဘတို့၏အခန်းကဏ္ဍမှာအဓိကဖြစ်သည်။ ထို့အတူ ဆရာများ၏သင်ကြားပြသမှု၊ ဂရုစိုက်မှု၊ မျက်ခြည်မပြတ်စောင့်ကြည့်မှုတို့သည်လည်း လိုအပ်လှပေသည်။ မိဘများအနေဖြင့် ယခုနှစ်တွင် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ်သတ်မှတ်ထားသည့် မေလ၂၂ ရက်မှ ဇွန်လ ၁ ရက်အတွင်း မိမိတို့သားသမီးများကို ကျောင်းအပ်နှံပေးကြရမည်ဖြစ်သည်။ ယခုနှစ်ကျောင်းအပ်နှံရေးအတွက် ပညာရေးဝန်ကြီးဌာန၏ဆောင်ပုဒ်မှာ "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဟူ၍ဖြစ်သည်။ မိဘများအနေဖြင့် မိမိတို့သားသမီးများ၏ပညာရေးနှင့်ပတ်သက်လာလျှင် အထူးအလေးထားလုပ်ဆောင်ကြရမည်ဖြစ်သည်။ ကျောင်းအပ်နှံရမည့်သတ်မှတ်ရက်အတွင်း ကျောင်းအပ်နှံပေးခြင်း၊ မိမိတို့သားသမီးများ၏စိတ်ကိုကြည်လင်အောင်ထားရှိခြင်းနှင့် သားသမီး၏စိတ်တွင် လွဲမှားစေသော၊ အားနည်းစေသောအတွေးမျိုးမဝင်စေရန် အထူးသတိထားကြရမည်ဖြစ်သည်။

မိမိတို့သားသမီး ငါးနှစ်အရွယ်ကလေးများကို သူငယ်တန်း (KG)သို့အပ်နှံရန်နှင့် ခြောက်နှစ်အရွယ်ကလေးများကို ပထမတန်း (Grade 1)သို့အပ်နှံရန်ဖြစ်သည်။ ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ မိဘများအနေဖြင့် ငွေကြေးချို့တဲ့၍မအပ်နှံခြင်းမျိုးမဖြစ်အောင် ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့်စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝကောက်ခံခြင်းမရှိကြောင်းကိုလည်း သိရှိထားစေချင်သည်။ ထို့အတူ သူငယ်တန်း(KG)မှ ဒွါဒသမတန်း (Grade 12 ) အထိ ပုံနှိပ်စာအုပ်နှင့် စာရေးကိရိယာများကိုအခမဲ့ပေးထားသည်။ ထို့ပြင် သူငယ်တန်း (KG) မှ ပဉ္စမတန်း (Grade 5 )အထိ ကျောင်းဝတ်စုံ (၁)စုံစီအခမဲ့ပေးသည်။ ဤသို့ပံ့ပိုးမှုအတိုင်းအတာသည် မိဘများအတွက် ဝန်ထုပ်ဝန်ပိုးကို များစွာလျော့ကျစေသည်။

ထို့ကြောင့် မိဘများက မိမိတို့သားသမီးများကို မဖြစ်မနေကျောင်းထားကြရမည်ဖြစ်သည်။ ငွေကြေးချို့တဲ့၍ ကျောင်းမထားနိုင်ဟူသောအဖြစ်မျိုး၊ အဖြေမျိုးကိုမရှိသင့်၊ မပေးသင့်တော့ပေ။ မိဘတိုင်းသည် မိမိတို့သားသမီးများကို ရင်သွေးဟူက ချစ်မဝဆိုသည့်အတိုင်း ချစ်ကြသည်သာဖြစ်သည်။ ချစ်လျှင် ကျောင်းအပ်နှံပေးကြပါ၊ ကျောင်းထားပေးကြပါဟုတိုက်တွန်းလိုသည်။ မိဘတို့အနေဖြင့် စားဝတ်နေရေးခက်ခဲကျပ်တည်းမှုများနှင့်ကြုံတွေ့စေကာမူ မိမိတို့၏ သားသမီးများကို ပညာတတ်ဖြစ်စေခြင်းဖြင့် ထိုအခြေအနေအတွင်းမှ လွတ်မြောက်စေရမည်ဖြစ်သည်။ လူတိုင်းတွင်အနာဂတ်ကာလရှိနေသည်။ ထို့အတူ တိုင်းပြည်တွင်လည်း အနာဂတ်ကာလရှိနေသည်။ လူငယ်တိုင်းသည် အနာဂတ်ကိုဖန်တီးပုံဖော်တည်ဆောက်ကြရမည့်သူများဖြစ်သည်။ သို့ဆိုပါလျှင် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ များစွာအထောက်အပံ့ပေးထားပြီးဖြစ်ပေရာ မိဘတိုင်းက မိမိတို့သားသမီးများကိုကျောင်းအပ်နှံပေးခြင်းဖြင့် သူတို့၏အနာဂတ်ကိုအလှဆင်ကြရန်ဖြစ်ပါကြောင်း။ ။

# လှူဒါန်းနိုင်ရန်နှိုးဆော်ချက်

၂၈.၃.၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ (၁၇၈၁) ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ (၄၉၉၈) ခု စုစုပေါင်း (၆၇၇၉)ဆူ ထိခိုက်ပျက်စီးခဲ့ပါသည်။ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဘုရား၊ စေတီတစ်ဆူလုံးကိုဖြစ်စေ သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် စေတီ၊ ဘုရားများပြုပြင်ရန် လှူဒါန်းလိုပါက နေပြည်တော်တွင် ဦးထွန်းမြင့်အောင်၊ ညွှန်ကြားရေးမှူး၊ နေပြည်တော်သာသနာရေးမှူးရုံး၊ ဖုန်း- ၀၆၇ ၃၅၅၀၁၈၃၊ ၀၉၄၂၀၇၀၁၄၆၉ နှင့် ဒေါ်နီလာအေး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း -၀၉၄၂၀၇၁၄၇၆၀ တို့သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဦးဖြိုးဇော်ဇော်၊ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း- ၀၉၄၂၁၂၂၂၂၅၁ နှင့် ဒေါ်မျိုးပပကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၄၂၀၇၀၀၇၉၀ တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဦးဇော်ဦး၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း-၀၉၂၀၃၈၅၆၃ နှင့်ဒေါက်တာဝတ်ရည်ဝင်းသန့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၅၁၉၄၀၈၂ တို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဦးလှမင်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း- ၀၉၄၀၂၆၁၀၁၃၄၊ ၀၉၆၆၄၆၉၀၆၇၅ နှင့် ဦးဖြိုးနောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း-၀၉၄၂၀၇၂၆၄၉၀၊ ၀၉၇၈၈၉၁၁၂၁၁ တို့သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဦးစိုးမိုးကျော်၊ ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း- ၀၉ ၂၅၉၂၀၉၄၄၈ နှင့် ဦးထွန်းထွန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း- ၀၉၄၃၀၁၉၁၆၈ တို့သို့လည်းကောင်း၊ ရှမ်းပြည်နယ်တွင် ဦးသိန်းဌေး၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်သာသနာရေးမှူးရုံး၊ ဖုန်း- ၀၉၄၂၀၇၃၀၈၃၉ နှင့် ဒေါ်ခက်ခက်လှ၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၄၃၀၄၁၃၀၇ တို့သို့လည်းကောင်း ဆက်သွယ်၍လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းဆွေးနွေး

**နေပြည်တော် မေ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်အတွင်း၌စာပေဖတ်ရှုခြင်းဖြင့် စာပေဝါသနာရှင်များစွာပေါ်ထွန်းလာစေရန် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club) စာဖတ်ဝိုင်းဆွေးနွေးပွဲကိုမေလ ၂၀ ရက်တွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြစန်းရီက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရေး၊ လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးအတွက် ယခုလိုစာဖတ်ဝိုင်းများပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် စာရေးဆရာရဲမွန်ကျော်နှင့်မောင်ရည်ကျော်(ရှုပ)တို့က စာရေးဆရာခင်မောင်တိုး(မိုးမိတ်)ရေးသားသည့် ဘဝနေ့စဉ်ပျော်ရွှင်ရေးစာအုပ်ပါ ကိုယ်ကျင့်တရားနှင့်သိက္ခာ၊ ရိုးစင်းတဲ့ဘဝဘက်ဦးတည်ပါ ခေါင်းစဉ်တို့ဖြင့်ဆွေးနွေးပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများ၏မေးမြန်းချက်များကိုပြန်လည်ဖြေကြားပေးသည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲသို့ ပုဗ္ဗသီရိမြို့နယ် အဝါရောင်မျိုးဆက်သစ်လူငယ်ပရဟိတအသင်း(YGW)မှ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး တက်ရောက်ကြောင်း သိရသည်။ (၄၁၃)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၂-၅-၂၀၂၅(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# “တပ်မတော်ကနေ ဒီလိုမျိုးသင်တန်းတွေကို ဖွင့်လှစ်သင်ကြားပေးမှသာ ကလေးတွေက တက်ရောက်ခွင့်၊ သိခွင့်ရကြတာဖြစ်ပါတယ်။ နိုင်ငံအတွက် မျိုးဆက်သစ်လူငယ်တွေကို မွေးထုတ်ပေးနိုင်တဲ့သင်တန်းလို့လည်း ပြောလို့ရပါတယ်။”

**ဗိုလ်မှူးသော်တာဇော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အခြေခံနှင့်တန်းမြင့်ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/ ၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/ ၂၀၂၅) သင်တန်းသား၊ သင်တန်းသူများ၊ အုပ်ချုပ်သူ/ နည်းပြများအား တွေ့ဆုံဂုဏ်ပြုအမှာစကားပြောကြားသည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ကျင်းပသည်။ အဆိုပါအခမ်းအနားသို့တက်ရောက်လာသည့် သက်ဆိုင်ရာသင်တန်းမှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူများ၏စကားသံများကို ပြန်လည်မျှဝေလိုက်ရပါသည်-**


ဗိုလ်မှူးသော်တာဇော်


ဦးအောင်မိုးလွင်


မငုရီကိုကို


မောင်ဥက္ကာမင်း

**ဗိုလ်မှူးသော်တာဇော်**
**(အုပ်ချုပ်သူတာဝန်ခံ)**

ရေကြောင်းလူငယ်သင်တန်းမှာ ရေကြောင်းလူငယ်အခြေခံသင်တန်းနဲ့တန်းမြင့်သင်တန်းရှိပါတယ်။ အခြေခံသင်တန်းနဲ့ တန်းမြင့်သင်တန်းမှာ အခြေခံစစ်ရေးပြသင်ပါတယ်။ သင်တန်းမှာ အခြေခံရေကူးသင်တန်းဘာသာရပ်၊ အခြေခံလှေလှော်/ရွက်တိုက်ဘာသာရပ်၊ ရေတပ်သားလမ်းညွှန်ဘာသာရပ်၊ ရေကြောင်းလမ်းညွှန်ဘာသာရပ်တွေ၊ အလံအချက်ပြဘာသာရပ်၊ ဆက်သွယ်ရေးဘာသာရပ်စတာတွေကိုသင်ကြားပေးပါတယ်၊ ကလေးတွေကို သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်တဲ့သူ၊ ဘာသာရပ်အလိုက်ထူးချွန်တဲ့သူတွေကို ရွေးချယ်ပြီးတော့မှ စခန်းပေါင်းစုံပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခိုင်းပါတယ်။ ကျွန်တော်တို့ ကျိုင်းတုံစခန်းသင်တန်းမှာဆို သင်တန်းသား ၂၂ ဦး၊ သင်တန်း သူ ၃၈ ဦး စုစုပေါင်း ၆၀ ဦးတို့ကို လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်၊ ကျွန်တော်တို့ကလေးတွေက တောင်ပေါ်ဒေသကဖြစ်တဲ့အတွက် ရေတပ်တို့၊ လေတပ်တို့နဲ့ ဝေးကွာပါတယ်။ တပ်မတော်ကနေ ဒီလိုမျိုးသင်တန်းတွေကို ဖွင့်လှစ်သင်ကြားပေးမှသာ ကလေးတွေကတက်ရောက်ခွင့်၊ သိခွင့်ရကြတာဖြစ်ပါတယ်။ နိုင်ငံအတွက် မျိုးဆက်သစ်လူငယ်တွေကို မွေးထုတ်ပေးနိုင်တဲ့သင်တန်းလို့လည်း ပြောလို့ရပါတယ်။

**ဦးအောင်မိုးလွင် (အုပ်ချုပ်သူ)**

ကျွန်တော်က ပြည်စခန်းက ကျောင်းသား၊ ကျောင်းသူတွေကို အုပ်ချုပ်သူအဖြစ်တာဝန်ယူဆောင်ရွက်ရတာဖြစ်ပါတယ်။ သင်တန်းကို ကျောင်းသား၊ ကျောင်းသူတွေလာတက်ရောက်တဲ့အခါမှာ သူတို့အတွက် အများကြီး အကျိုးကျေးဇူးရရှိပါတယ်။ နွေရာသီကျောင်းပိတ်ရက် အားလပ်ရက်မှာ အချိန်ကိုအကျိုးရှိစွာနဲ့အသုံးချတဲ့သင်တန်းလို့ပြောလို့ရပါတယ်။ အကျိုးကျေးဇူးတွေက သူတို့အချင်းချင်းပူးပေါင်းဆောင်ရွက်မှုမှာ ညီညီညွတ်ညွတ်နဲ့လုပ်ဆောင်လာတာတွေ၊ ရိုင်းပင်းကူညီစိတ်ထားလေးတွေ၊ စည်းစနစ်တကျအချိန်ကို အကျိုးရှိစွာ အသုံးချတတ်မှုတွေကို သင်တန်းမှာတွေ့ရပါတယ်။ နွေရာသီကျောင်းပိတ်ရက်အားလပ်ရက်မှာ အချိန်ကို အလကားမထားဘဲ ဒီလိုမျိုးသင်တန်းကို ကျောင်းသား၊ ကျောင်းသူတွေအားလုံး တက်ရောက်ကြဖို့ တိုက်တွန်းချင်ပါတယ်။

**မငုရီကိုကို**
**(တန်းမြင့်ရေကြောင်းလူငယ်သင်တန်း)**

ကျွန်မက အင်းယားစခန်းမှာ တန်းမြင့်ရေကြောင်းသင်တန်းတက်တာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်တက်ရောက်တဲ့ပွဲအခမ်းအနားမှာ ရေကြောင်းလူငယ်မောင်မယ်များ ကိုယ်စားကျေးဇူးတင်စကားပြောကြားရတဲ့အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ကျွန်မတို့ လူငယ်မောင်မယ်များအနေနဲ့ အချိန်ကို အကျိုးရှိရှိအသုံးချတတ်မှု၊ အမိန့်နာခံတတ်ပြီး စည်းကမ်းကို တိကျစွာလိုက်နာတတ်မှုတွေ၊ အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်တတ်မှုတွေ၊ မိမိကိုယ်မိမိယုံကြည်မှုရှိလာတာတွေ၊ သူငယ်ချင်းသစ်ရရှိတာတွေ စတဲ့အကျိုးကျေးဇူးတွေကိုလည်းရရှိခဲ့ပါတယ်။ ကျွန်မတို့မသိသေးတဲ့ မြန်မာ့ပင်လယ်ပြင်ကြီးရဲ့ ရေကြောင်းအကျိုးစီးပွားအတွက် အဓိကအခန်းကဏ္ဍမှာပါဝင်တယ်ဆိုတာ ဗဟုသုတအနေနဲ့ သိရှိခဲ့ရပါတယ်။ ကျွန်မတို့က အမိနိုင်ငံကမွေးဖွားလာတာဖြစ်တဲ့အတွက် မိမိတို့တိုင်းပြည်အတွက် အားထားရတဲ့လူငယ်မောင်မယ်များအဖြစ် ကြိုးစားနေထိုင်သွားပါ့မယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မောင်ဥက္ကာမင်း**
**(တန်းမြင့်လေကြောင်းလူငယ်သင်တန်း)**

ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီးကနေ တန်းမြင့်လေကြောင်းလူငယ်သင်တန်းပညာကို လာရောက်သင်ကြားတာဖြစ်ပါတယ်။ သင်တန်းကတော့ လေယာဉ်တစ်စင်းမှာပါတဲ့ဘာသာရပ်တွေ၊ လေယာဉ်သမိုင်း၊ လေကြောင်းနဲ့ပတ်သက်တဲ့ပညာရပ်တွေကို သင်ကြားပေးတဲ့သင်တန်းဖြစ်ပါတယ်။ ဒီသင်တန်းက စိတ်ဝင်စားဖို့အလွန်ကောင်းပါတယ်။ အတွေ့အကြုံဗဟုသုတတွေအများကြီးကိုယ့်အတွက်ရရှိတဲ့သင်တန်းလို့ ပြောလို့ရပါတယ်။ ဒီသင်တန်းမှာ သင်ကြားခဲ့တဲ့ဘာသာရပ်တော်တော်များများကိုကျွန်တော်ကြိုက်နှစ်သက်ပါတယ်။ စစ်ရေးပြဘာသာရပ်ကို အကြိုက်ဆုံးဖြစ်ပါတယ်။ ကျွန်တော်က စစ်တက္ကသိုလ်တက်ဖို့ စိတ်ဝင်စားတဲ့အတွက် စစ်သမိုင်းဘာသာရပ်တွေနဲ့ပတ်သက်တာကို လေ့လာဖို့ ကြိုးစားနေပါတယ်။ ကျွန်တော့် ရည်မှန်းချက်က နိုင်ငံတော်ကိုကာကွယ်တဲ့ တပ်မတော်သားကောင်းတစ်ယောက်ဖြစ်ချင်ပါတယ်။


မဆုလင်းထက်


မောင်စောခန့်ထက်ကို

**မဆုလင်းထက်**
**(တန်းမြင့်လေကြောင်းလူငယ်သင်တန်း)**

ကျွန်မကတော့ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်းကနေ လေကြောင်းလူငယ်သင်တန်းကိုလာတက်ရောက်တဲ့ မဆုလင်းထက်ဖြစ်ပါတယ်။ ကျွန်မတက်တဲ့သင်တန်းက တန်းမြင့်လေကြောင်းလူငယ်သင်တန်းဖြစ်ပါတယ်။ လေကြောင်းအခြေခံသင်တန်းမှာ သင်ခဲ့ရတာက လေကြောင်းနဲ့ပတ်သက်တဲ့အခြေခံသဘောတရားတွေကို သင်ခဲ့ရပါတယ်။ တန်းမြင့်လေကြောင်းသင်တန်းမှာက ပိုပြီးကျယ်ပြန့်လာတယ်။ လေယာဉ်တစ်စင်းပျံသန်းဖို့အတွက် ဘာတွေလိုအပ်လဲ။ အခြေခံသင်တန်းထက်ပိုပြီး လေ့လာစရာတွေ၊ အသိပညာတွေပိုတိုးလာပါတယ်။ မနှစ်က စစ်ရေးပြဘာသာရပ်မှာ လက်နက်မဲ့လေ့ကျင့်ရပြီး ဒီနှစ်မှာ တန်းမြင့်သင်တန်းဆိုတော့ သေနတ်ကိုင်ပြီးလေ့ကျင့်ခဲ့ရပါတယ်၊ ဒီနှစ်မှာလေယာဉ်အုပ်တွေကိုလည်း မနှစ်ကထက်ပိုပြီး လေ့လာခွင့်ရရှိခဲ့တယ်။ လေယာဉ်တွေကို စိတ်ဝင်စားတဲ့အတွက် ကျွန်မကအနာဂတ်မှာလေယာဉ်တွေကို ပြင်ဆင်နိုင်တဲ့အင်ဂျင်နီယာလိုမျိုးဖြစ်ချင်ပါတယ်။

**မောင်စောခန့်ထက်ကို**
**(အခြေခံရေကြောင်းလူငယ်သင်တန်း)**

ကျွန်တော်က အခြေခံရေကြောင်းလူငယ်သင်တန်းကို တက်ရောက်တဲ့ မောင်စောခန့်ထက်ကို ဖြစ်ပါတယ်။ ကျွန်တော် ရေကြောင်းအခြေခံပညာသင်တန်းကို စိတ်ဝင်စားတဲ့အတွက် စာရင်းပေးတက်ရောက်တာဖြစ်ပါတယ်။ သင်တန်းမှာဆိုရင် ရေကြောင်းနဲ့ပတ်သက်တဲ့ ဘာသာရပ်တွေ၊ သင်္ဘောတစ်စင်းရဲ့ ကိုယ်ထည်အစိတ်အပိုင်းတွေ၊ သင်္ဘောတစ်စင်းတည်ဆောက်ပုံအဆင့်ဆင့်တွေကို လေ့လာသိရှိခွင့်ရခဲ့ပါတယ်။ နောက်ပြီး အခြေခံရေတပ်သားဘာသာရပ်၊ အခြေခံလှေလှော်၊ ရွက်တိုက်ဘာသာရပ်၊ အခြေခံရေကူးဘာသာရပ်၊ အခြေခံရေကြောင်းလမ်းညွှန်ဘာသာရပ်၊ အခြေခံစစ်ရေးပြဘာသာရပ်တွေကို သင်ကြားပေးပါတယ်။ ဒီရေကြောင်းလူငယ်သင်တန်းကိုတက်ရောက်ခဲ့တာ ကျွန်တော့်အတွက် အကျိုးရှိတဲ့သင်တန်းလို့ပြောလို့ရပါတယ်။ မိမိကိုယ်တိုင်လည်း အသင်းအဖွဲ့အစည်းများနဲ့ပူးပေါင်းဆောင်ရွက်တတ်မှု၊ အချိန်ကိုအကျိုးရှိစွာအသုံးချတတ်မှု၊ စည်းကမ်းရှိမှုတွေလည်းပိုမိုရရှိခဲ့တယ်။ ဒီသင်တန်းကိုမတက်ရသေးတဲ့ ကျွန်တော့်သူငယ်ချင်းအားလုံးလည်းတက်ရောက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ။

**လဲ့ရည်လှိုင်**

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm
၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm
၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm
၄။ Myawady Webportal https://myawady.net.mm
၅။ Myanmar National Portal https://myanmar.gov.mm

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

## စားလောက်ရုံအကျိုးပေးသောဇာတာ

ထိုစဉ်အခါက ကိုသိန်းဖေမှာ ရန်ကုန်သို့ ပျော်ရအောင် တမင်တကာ ဆင်းလာသူဖြစ်သည် တစ်ကြောင်း၊ ကိုခင်မောင်တင့်နှင့် ကျွန်ုပ်မှာ ပိန်ကြုံသော အလှည့်အပတ်သို့ ဆိုက်ရောက်နေကြသူများဖြစ်သည်တစ်ကြောင်းကြောင့် သူက ဧည့်သည်ပင်ဖြစ်ပါလျက် အတူထွက်၍ လည်ကြရာတွင် အများဆုံးငွေကုန်ခံပေးခြင်းအတွက် ကျွန်ုပ်တို့နှစ်ယောက်မှာ ရှက်လည်းရှက် အားလည်းနာဖြစ်ကြရသည်။ ကိုသိန်းဖေကမူ ဗောတံတားသို့ ခေါ်ရည်သောက်ဖို့မခေါ်၊ အနည်းဆုံး ဘီယာတိုက်၍ တရုတ်ဆိုင်၌ ကျွေးပါပေသည်။ တစ်ခါတစ်ရံတွင် တရုတ်ကလပ်သို့တက်ကြ၍ ကိုသိန်းဖေ၏ငွေရင်းဖြင့် လေးကောင်ဂျင်ကစားကြရာတွင် ကျွန်ုပ်သာလျှင် သဘာပတိလည်းလုပ်ရ၏။ အခါပေးပုဏ္ဏားလည်းလုပ်ရ၏။ ကျွန်ုပ်က တန်ကြစို့ဟုဆိုလျှင် ကိုခင်မောင်တင့်လည်း မကန့်ကွက်ဝံ့တော့ချေ။ ကျွန်ုပ်မှာ လောင်းကစားခြင်းအလုပ်တွင် ကိုခင်မောင်တင့်ကဲ့သို့ လောဘမကြီးဘဲ သုံးလောက်ရုံရလျှင် တန့်တတ်သည်ဖြစ်သောကြောင့် အများအားဖြင့် နိုင်သည်ကများလေသည်။ တစ်နေ့သ၌ ကျွန်ုပ်သည် သူတို့နှစ်ယောက်နှင့်အတူကလပ်တက်၍ လေးကောင်ဂျင်ထိုးရာ ငွေ ၅၀ ကျပ်ခန့်နိုင်ပြီးမှ ပြန်ရှုံးသဖြင့် ငွေ ၂၀ ကျပ်မျှသာ အမြတ်ကျန်တော့၏။ သူတို့နှစ်ယောက်စလုံးက ဆက်၍ကစားဖို့ တိုက်တွန်းကြသော်လည်း ကျွန်ုပ်က တန့်လိုက်လေပြီ။ ဤတွင် ဒိုင်လုပ်သောတရုတ်က "ခင်ဗျားက ၆၀၀ ကျပ်စားထင်တယ်" ဟုပြော၏။

"ဘာကြောင့်လဲကွာ"

"တစ်နေ့ ၂၀ ကျပ်ဆိုတော့ တစ်လ ၆၀၀ ကျပ်ပေါ့"

တရုတ်များသည် အလွန်မျက်စိရှင်လှ၏။ ကျွန်ုပ်၏ အနိုင်အရှုံးကိုပင်သိလောက်အောင် ဂရုစိုက်တတ်ကြလေသည်။ ဤစကားကို ဆိုလိုခြင်းမှာ ကျွန်ုပ်အား မခံချင်အောင်ပြော၍ စိတ်ထွက်လာပြီး တစ်ဖန်ပြန်ကစားအောင်ပြောခြင်းဖြစ်လေသည်။ သို့ရာတွင် ကျွန်ုပ်က တစ်ဖန်မကစားတော့သည့်အပြင် " ဟုတ်တယ်လေကွာ၊ ဘာဖြစ်သလဲ၊ နိုင်အောင်ကစားတာပဲ၊ ရှုံးအောင်ကစားတာမဟုတ်ဘူး" ဟု ပြန်ပြောကာ ဆင်းလာခဲ့ကြလေသည်။ တရုတ်များသည် ကိုခင်မောင်တင့်ကဲ့သို့ မကုန်မချင်းကစားသော ကစားသမားမျိုးကိုသာလိုချင်သည်။ ကျွန်ုပ်ကဲ့သို့ အတိုင်းအရှည်နားလည်သောလူကိုအလိုမရှိကြချေ။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် ယင်းကလပ်သို့ ဘယ်တော့မှ မသွားတော့ဘဲ တခြားကလပ်များသို့သာ သွားတော့သည်။ ဤကဲ့သို့ ပါးနပ်စွာ လောင်းကစားခြင်းအားဖြင့် ကျွန်ုပ်သည် ကိုသိန်းဖေရှိနေစဉ်ကတွင် သာမက သူပြန်သွားပြီးသည့်နောက်တွင်လည်း အိမ်စရိတ်ကာမိအောင် တရုတ်ကလပ်များမှ ရရှိပါသည်။ ကျွန်ုပ်သည် စီးပွားရေးအတွက်မဟုတ်၊ (အလုပ်ရှားပါးခိုက်တွင်) ဝမ်းရေးအတွက် လောင်းကစားရခြင်းဖြစ်ရာ ဤစိတ်အတိုင်းသာထားနိုင်သမျှကာလပတ်လုံး နိုင်ခဲ့သည်သာများ၏။ တစ်ခါတစ်ရံ လောဘတက်ပြီး သူဌေးဖြစ်၊ ခွေးဖြစ် လောင်းကစားမိရာတွင်မူကား ရှုံးသည်ချည်းကြုံရ၏။ ကျွန်ုပ်၏ ဇာတာကား တော်တော်ဆန်း၏။ အလွန်အကျွံ စီးပွားမဖြစ်နိုင်။ စားလောက်သောက်လောက်ရုံမျှ ရည်ရွယ်ပါမူကား ခပ်ချောင်ချောင်နှင့် ရတတ်ပါသည်။ ဤနောက်ပိုင်း၌ ကျွန်ုပ်အား လက္ခဏာဆရာ၊ နက္ခတ်ဆရာများက (ပိုက်ဆံမယူဘဲ) အလကားဟောတတ်ကြပေရာ ၎င်းတို့ကလည်း ဤအတိုင်းပင်ဟောကြ၍ ကျွန်ုပ်ကလည်း ဟုတ်မှန်ကြောင်း ထောက်ခံလိုက်ရပေသည်။ ဂျပန်တစ်ခေတ်လုံးတွင်လည်း ဤအတိုင်းပင်ကြုံရ၍ သက်ဆိုင်သောနေရာတွင် ဖော်ပြပါဦးမည်။

## ခေါင်းကြီးရေးဖို့ကြောက်ခြင်း

ကိုသိန်းဖေပြန်သွားပြီးသည့်နောက် ၁၉၃၆ ခုနှစ် ဇူလိုင်လတွင် သူရိယတိုက်အုပ် ဦးဘကလေးသည် ကျွန်ုပ်နှင့်တွေ့လိုကြောင်း စာရေးခေါ်သဖြင့် တိုက်သို့ ရောက်သွား၏။ ဦးဘကလေးက ခေါင်းကြီးရေးရသည့် တာဝန်ခံအယ်ဒီတာ လုပ်လိုပါသလောဟု မေးရာ ကျွန်ုပ်မှာ မဂ္ဂဇင်းခေါင်းကြီးနှစ်ပုဒ်၊ သုံးပုဒ်မျှလောက်ကိုသာ တစ်လတစ်ကြိမ် ရေးခဲ့ဖူးသည်ဖြစ်၍ နေ့စဉ် ခေါင်းကြီးတစ်ပုဒ်ရေးဖို့တာဝန်ကို ကြောက်လှ၏။ သူရိယမဂ္ဂဇင်းအယ်ဒီတာလုပ်ခဲ့စဉ်ကလည်း ကိုကျော်(ပီမိုးနင်း)နှင့် ကိုဘသန်းတို့ နေ့စဉ် တစ်ပုဒ်ရေးနိုင်ကြခြင်းကို အံ့သြချီးကျူးခဲ့မိဖူး၏။ "မည်သည့်အကြောင်းအရာကို ရေးပါဟု ခေါင်းစဉ်ကလေးမျှပြောလျှင် ရေးတတ်ပါသည်"ဟု ကျွန်ုပ်ကပြောရာ ဦးဘကလေးက ဤသို့မပြောနိုင်၊ ကိုယ်ရေးချင်ရာရေးနိုင်သည်ဟုပြန်ပြော၏။ ကျွန်ုပ်လည်း ခပ်လန့်လန့်နှင့်ပင် စမ်းကြည့်ပါမည်ဟု ပြော၍ ပြန်လာခဲ့သည်။ ပြောမည့်သာပြောခဲ့ပါသည်၊ ဖြစ်မှဖြစ်ပါ့မည်လောဟု ပူပန်လျက်ရှိ၏။ အကြောင်းအရာတစ်ခုခုကို ရေးလိုက်စမ်းပါဟုခိုင်းလျှင် ကိုယ့်ဗဟုသုတကို ကိုယ်ယုံကြည်သဖြင့် အင်္ဂလိပ်လိုဖြစ်စေ၊ မြန်မာလိုဖြစ်စေ အတော်အတန် လူကိုမကြောက်ပါ။ လူချီးမွမ်းခံရသည့် အသနားခံလွှာများလည်း ရေးခဲ့ဖူးပါသည်။ သို့ရာတွင် မည်သည့်အကြောင်းကို ရေးထိုက်ပါသနည်းဟု ဆုံးဖြတ်ရန်မှာ အလေ့အကျင့်မရှိသော ကျွန်ုပ်အဖို့ရာ၌ အလန့်ကြီးလန့်လျက်ရှိ၏။ "အကျင့်ရလာတော့ ရေးနိုင်ပါလိမ့်မယ်ဗျာ"ဟု ဦးဘကလေးက အားပေးခြင်းကို ယုံကြည်ပါ၏။ သို့ရာတွင် ထိုကဲ့သို့ အကျင့်မရမီ ရွေးရမည့်အရေးကို ပူပန်လှသည်။ နောက်တစ်နေ့၌ ခေါင်းကြီးတစ်ပုဒ် ရေးတင်လိုက်ရာ "ကောင်းသားပဲဗျ" ဟု ဦးဘကလေးက ပြောပါ၏။ သို့သော် ထိုခေါင်းကြီးကိုမရေးမီ လေး၊ ငါးပုဒ်မျှရွေးရင်း၊ ပယ်ရင်းလုပ်ပြီးခါမှ ရေးတင်လိုက်ခြင်းဖြစ်ပါသည်။

## ဦးစောနှင့် တွေ့ရပုံ

ကျွန်ုပ်၏ခေါင်းကြီးများအကြောင်းနှင့် ပတ်သက်၍ ဂဠုန်ဦးစောက ကျွန်ုပ်အား ပြောဖူးခြင်းကို သတိရပါသေးသည်။ ဦးစောမှာ သူရိယတိုက် အစုရှင်များအနက်တွင် အစုအများဆုံးလက်ကိုင်ရှိသူ တစ်ယောက်ဖြစ်၍ (အယ်ဒီတာချုပ်မဖြစ်လာမီကတည်းကပင်) သူရိယပေါ်လစီနှင့် အုပ်ချုပ်ရေးတွင် အတော်စွက်ဖက်နိုင်ဟန်ရှိ၏။ ဦးစောဝင်လာပြီးသည့်နောက် တစ်နေ့သ၌ ကျွန်ုပ်အား သူ၏အခန်းသို့ခေါ်၍ လက်ဖက်ရည်ဖြင့်ဧည့်ခံရင်း "ခင်ဗျား ရောက်လာကတည်းက ခင်ဗျားခေါင်းကြီးတွေကို ကျွန်တော် ဂရုစိုက်ပြီး ဖတ်ပါတယ်။ ခင်ဗျားရေးတဲ့ ပထမ ခေါင်းကြီးအကြောင်းကို ဦးဘကလေးကမေးလို့ ကျွန်တော်က ဒီလူကို လက်မလွှတ်ပါစေနဲ့၊ ရအောင်ယူပါလို့ ပြောလိုက်ရပါသေးတယ်" ဟု ပြောပေသည်။

အမှန်ကိုပြောရလျှင် သူရိယတိုက်သို့ ကျွန်ုပ် ပြန်ဝင်လာပြီးသည့်နောက် တစ်နှစ်ကျော်ခန့်ကြာသောအခါတွင် ဦးစောဝင်လာခြင်းဖြစ်ရာ သူက အယ်ဒီတာချုပ်၊ ကျွန်ုပ်က တာဝန်ခံအယ်ဒီတာအဖြစ်နှင့် လုပ်ကြရာတွင် သတင်းစာအကြောင်းကို ဘာမျှနားမလည်သော နိုင်ငံရေးသမားတစ်ယောက်က သတင်းစာတိုက်တွင် ကျွန်ုပ်အထက်မှ ဩဇာပေးနိုင်ခြင်းကို ကျွန်ုပ်ခံပြင်းလှသောကြောင့် နုတ်ထွက်ရန် အတန်တန် စိတ်ကူးခဲ့၏။ နုတ်ထွက်လျှင် မည်သို့ လုပ်ကိုင်စားသောက်မည်ကိုပင် ကြံစည်စိတ်ကူးလျက်ရှိပါပြီ။ ထိုသို့သော အခြေအနေတွင် ဦးစောသည် ကျွန်ုပ်အား လက်ဖက်ရည်တိုက်ပြီး အထက်ပါစကားကို ပြောလိုက်ခြင်းဖြစ်လေသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်သည် သူရိယတိုက်မှ နုတ်ထွက်ဖို့ စိတ်မကူးတော့ဘဲ လခတိုးတောင်းရန်သာ ကြံစည်ပါတော့သည်။ သတင်းစာအကြောင်းကို မသိသော်လည်း ဆက်ဆံရေးကို ကောင်းကောင်းနားလည်သော နိုင်ငံရေးသမားတစ်ယောက်ဖြစ်သည်ဟု မြင်လာပါသည်။


## သာသနာပြုဆရာကြီးနှင့် တွေ့ရပုံ

တစ်နေ့သ၌ စာတော်ပြန်လုပ်ခဲ့စဉ်က ကြီးကြပ်လုပ်ခဲ့၍ ကတ်သတ်သော အမေရိကန်လူမျိုးဟု ကျွန်ုပ်မှတ်ချက်ချခဲ့ဖူးသည့် သာသနာပြုဆရာကြီးသည် သူရိယတိုက်သို့ ကျွန်ုပ်ရောက်နေခြင်းကို ဘယ်ဆီကကြားခဲ့သည်မသိ။ ကျွန်ုပ်၏ အလုပ်ခန်းကို ဝင်လာ၍နှုတ်ဆက်လေသည်။ ကျွန်ုပ်မှာ တာဝန်ခံအယ်ဒီတာ ဖြစ်သည့်အလျောက် ကျယ်ဝန်းသောအခန်းကြီးထဲတွင် ရောမစားပွဲကြီး၌ထိုင်ကာ လေယပ်တပူးပူးနှင့် လက်ဖက်ရည်ကြမ်းသောက်လိုက်၊ ဆေးတံသောက်လိုက်၊ လန်ဒန်တိုင်း သတင်းစာကြီးနှင့် မဂ္ဂဇင်းများကို ဖတ်လိုက်လုပ်နေခြင်းကို သူမြင်၍ အတော်အထင်ကြီးသွားပုံရ၏။ သူ့လက်အောက်၌ စာတော်ပြန်လုပ်ရစဉ်ကမူ ကျဉ်းမြောင်းသော အခန်းကလေးထဲတွင် လေယပ်မရှိဘဲ ထိုင်လုပ်ခဲ့ရသည်ဖြစ်ရာ ကျွန်ုပ်သည် သူ့မျက်နှာ၌ "တယ်ဟုတ်ပါလား" ဟူသော အမူအရာကိုမြင်ရသည်နှင့် ကြွားချင်သောစိတ်ဝင်လာတော့သည်။

**ဆက်လက်ဖော်ပြပါမည်။**



# ထားဝယ်ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ပန်းအလှထိုးနည်းသင်တန်းဖွင့်လှစ်



ထားဝယ် မေ ၂၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မေလ ၂၀ ရက်က ပန်းအလှထိုးသင်တန်း ဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်သင်ကြားပြီး သင်တန်းတွင် နည်းပြဒေါ်ချိုမာသက်က အလှဆင်ပန်းများ၏ အခြေခံသဘောတရားများ၊ အပူအအေးအရောင်တွဲစပ်နည်းများ၊ အိမ်တွင်းပန်းအလှဆင်ခြင်း၊ မင်္ဂလာပွဲ၊ ဂုဏ်ပြုပွဲ၊ ညစာစားပွဲများတွင် ပန်းအလှဆင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ ဒေါ်ချိုမာသက်က အလှပန်းထိုးနည်း၊ စားပွဲတင်ပန်းအလှထိုးနည်း၊ လက်ကိုင်ပန်းထိုးနည်း၊ အခမ်းအနား၊ အလှူ၊ မင်္ဂလာပွဲများတွင် ပန်းအလှဆင်ထိုးနည်းများကို လက်တွေ့သင်ကြားပေးသည်။

အဆိုပါသင်တန်းကို မိမိတို့ဝါသနာပါသည့် ပန်းအလှထိုးလုပ်ငန်းများအား လေ့လာနိုင်ပြီး စိတ်ပါဝင်စားစွာလုပ်ကိုင်ဆောင်ရွက်နိုင်ရန်၊ မိမိတတ်ကျွမ်းထားသည့်ပညာရပ်များကို အကျိုးရှိစွာအသုံးပြုတတ်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **ချမ်းမြေ့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိုက်ကြီးမွေးမြူရေးဇုန်အတွင်း သက်ဆိုင်ရာကုမ္ပဏီများအလိုက် မွေးမြူရေးလုပ်ငန်းများအတွက် ဝက်ခြံများနှင့် ကြက်ခြံများအပါအဝင် အခြားအဆောက်အဦများ အကောင်အထည်ဖော်တည်ဆောက်နေသည့်လုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးစဉ်။

**■ ကျောဖုံးမှအဆက်**

ဦးဆောင်ကော်မတီဖွဲ့စည်းထားရှိမှု၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည့်ကုမ္ပဏီများမှ တိရစ္ဆာန်အမျိုးအစားနှင့် အကောင်ရေ မွေးမြူရန် လျာထားဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ဇုန်အတွင်း မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် လမ်း၊ လျှပ်စစ်မီး၊ ရေရရှိရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



**◆ တိုက်ကြီးမွေးမြူရေးဇုန်အနေဖြင့် ဒေသအတွင်း စားရေရိက္ခာဖူလုံရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန်အတွက် အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လို . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ်(၃) စိုက်ပျိုးမွေးမြူရေးစခန်းရှိ Novogen Brown ဥစားကြက်များမွေးမြူထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

**◆ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူများကို စားရေရိက္ခာဖူလုံစေရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဇုန်အလိုက်စနစ်တကျတိုးချဲ့ဆောင်ရွက်ရန် လမ်းညွှန်မှာကြားထား၊ ထို့ကြောင့် တိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများ မိမိဒေသအတွင်းရှိ ပြည်သူများအတွက် စားကုန်၊ သောက်ကုန်နှင့် လူသုံးကုန်များ ဖူလုံမှုရှိစေရန် ယခုတိုက်ကြီးမွေးမြူရေးဇုန်ကို ဒေသတွင်းသာမက Export ဆောင်ရွက်နိုင်သည်အထိ မျှော်မှန်း၍ အပိုင်းလိုက်၊ နှစ်အလိုက် စီမံချက်များချမှတ်၍ စနစ်တကျ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ် . . .**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လမ်းညွှန်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက်(၂)ရပ်နှင့် အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ကိုချမှတ်ထားကြောင်း၊ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သဘာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့ကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် တိုက်ကြီးမွေးမြူရေးဇုန်အနေဖြင့် ဒေသအတွင်း စားရေရိက္ခာဖူလုံရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန်အတွက်အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေ ၇ ဒသမ ၃ သန်းကျော် နေထိုင်လုပ်ကိုင်စားသောက်ကြရာ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများ လုံလောက်ခြင်းမရှိသည့်အတွက် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်စားသောက်ကုန်များကို မှီခိုအားထားနေသည်ကိုတွေ့ရှိရကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးရှိပြည်သူများကိုစားရေရိက္ခာဖူလုံစေရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဇုန်အလိုက် စနစ်တကျတိုးချဲ့ဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားကြောင်း၊ ထို့ကြောင့်တိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်သည့်စားသောက်ကုန်ပစ္စည်းများ မိမိဒေသအတွင်းရှိ ပြည်သူများအတွက် စားကုန်၊ သောက်ကုန်နှင့် လူသုံးကုန်များ ဖူလုံမှုရှိစေရန် ယခုတိုက်ကြီးမွေးမြူရေးဇုန်ကို ဒေသတွင်းသာမက Export ဆောင်ရွက်နိုင်သည်အထိမျှော်မှန်း၍ အပိုင်းလိုက်၊ နှစ်အလိုက် စီမံချက်များချမှတ်၍ စနစ်တကျအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မွေးမြူရေးဇုန်အတွင်း လာရောက်ရင်းနှီးမြှုပ်နှံကြမည့်လုပ်ငန်းရှင်များ မွေးမြူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများကလည်း လိုအပ်သည်များကို ဝိုင်းဝန်းကူညီအကြံပြုခြင်းများ၊ ပြုပြင်ပေးခြင်းများ ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထို့ပြင် မွေးမြူရေးနှင့်ပတ်သက်၍ တိရစ္ဆာန်များအတွက်ရောဂါကာကွယ်ရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ တိရစ္ဆာန်များကို မွေးမြူခြင်းဖြစ်သဖြင့် ဇီဝကာကွယ်မှုလုပ်ငန်း Biosecurity သည်လည်း အဓိကအရေးကြီးကြောင်း၊ ဇီဝရောဂါကူးစက်မှုများသည် လူများဝင်ထွက်သွားလာမှု စနစ်မကျခြင်းမှတစ်ဆင့်စတင်ကူးစက်ပြီး တိရစ္ဆာန်အချင်းချင်းကူးစက်မှုဖြစ်သဖြင့် ဂေဟစနစ်ကိုသိရှိပြီး ကြိုတင်ကာကွယ်မှုများကို စတင်ထူထောင်စဉ်ကပင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မွေးမြူရေးလုပ်ငန်းတွင် တိရစ္ဆာန်များအတွက် အစာအာဟာရလုံလောက်စွာရရှိရေးသည် အရေးကြီးကြောင်း၊ မွေးမြူရေးလုပ်ငန်းတွင် လွှတ်ကျောင်းစနစ်၊ လှောင်မွေးစနစ်နှင့် အဆိုပါနှစ်ခုကိုပေါင်းစပ်၍ Hybrid စနစ်ဖြင့်မွေးမြူခြင်းများရှိကြောင်း၊ ထိုအထဲတွင် လှောင်မွေးစနစ်သည် အကောင်းဆုံးဖြစ်ကြောင်း၊ လှောင်မွေးစနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက နေ့စဉ်ကျွေးရမည့်တိရစ္ဆာန်အစာနှင့်ဖြည့်စွက်စာများလိုအပ်ကြောင်း၊ အဆိုပါလိုအပ်သည့်အစာများထဲမှ ဖြည့်စွက်စာများကို မိမိတို့ဇုန်အတွင်း၌ပင် စဉ်ဆက်မပြတ် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ဇုန်အတွင်း သတ်မှတ်လျာထားပြည့်မီအောင် အမြန်ဆုံးအကောင်အထည်ဖော်

**စာမျက်နှာ ၆ သို့ ■**

■ စာမျက်နှာ ၅ မှအဆက်

ဆောင်ရွက်သွားကြရန်နှင့် မွေးမြူရေးဇုန်နှင့် သက်ဆိုင်ခြင်းမရှိသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရန် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုက်ကြီးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များကလည်း မိမိတို့တာဝန်ယူ ဆောင်ရွက်သွားကြမည့် လုပ်ငန်းကဏ္ဍ အလိုက် ထဲထဲဝင်ဝင်စနစ်တကျနှင့် သိပ္ပံနည်းကျမွေးမြူရေးသို့ ရှေးရှုလုပ်ဆောင်ကြရန်လိုကြောင်း။

မွေးမြူရေးလုပ်ငန်းများလုပ်မည်ဆိုပါက ရေနှင့်မီးသည် အဓိကလိုအပ်သည့်အချက်များပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရေနှင့်မီးရရှိရေး ဆောင်ရွက်ပေးထားသည်ကိုတွေ့ရှိရကြောင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်မှုမရှိပါက လုပ်ငန်းရှင်များအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား တစ်ပိုင်တစ်နိုင် ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ ထို့ပြင် မိမိတို့ခြံနယ်နိမိတ်အလိုက် ယခုမိုးရာသီမှစတင်၍ အကြီးမြန်သည့်သစ်ပင်များကို နိုင်ငံတော် ဝန်ကြီးချုပ် လမ်းညွှန်ထားသည့် အပင်သုံးတန်းကို Zigzag စနစ်ပုံစံဖြင့် စတင်စိုက်ပျိုးကြရန်လိုကြောင်း၊ ထိုသို့ စိုက်ပျိုးခြင်းဖြင့် အပင်များသည် တိရစ္ဆာန်များနှင့် အဆောက်အဦများအတွက် သဘာဝဘေးအန္တရာယ်များကို အထိုက်အလျောက် ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း၊ တိုက်ကြီးမွေးမြူရေးဇုန်ကို စံပြမွေးမြူရေးဇုန်ဖြစ်ရန် သတ်မှတ်ကာလအလိုက် လုပ်ငန်းများ အပိုင်းလိုက် စီမံချက်များရေးဆွဲ၍ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း။

ဇုန်အတွင်း လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရင်းနှီးမတည်ငွေများ လိုအပ်ပါကလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏အရင်းမပျောက်မတည်ငွေ၊ MSME ချေးငွေများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို ချေးယူရရှိနိုင်ကြောင်း၊ သတ်မှတ်ကာလအတွင်း မှန်မှန်ကန်ကန် ပြန်လည်ပေးဆပ်ရန်လိုကြောင်းနှင့်တိုက်ကြီးမွေးမြူရေးဇုန်အား နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည်အထိ တိုးတက်အောင်မြင်စေရေး အားလုံးက မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် ဝိုင်းဝန်းကြိုးပမ်းသွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုက်ကြီးမွေးမြူရေးဇုန်အတွင်း သက်ဆိုင်ရာကုမ္ပဏီများအလိုက် မွေးမြူရေးလုပ်ငန်းများအတွက် ဝက်ခြံများနှင့် ကြက်ခြံများအပါအဝင် အခြားအဆောက်အဦများ အကောင်အထည်ဖော်တည်ဆောက်နေသည့် လုပ်ငန်းခွင်များကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထုစားရေရိက္ခာဖူလုံရေးနှင့် ဖြည့်ဆည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ စိုက်ပျိုးမွေးမြူရေးဇုန်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုက်ကြီးမွေးမြူရေးဇုန်ကို မြေဧက ၂၁၀၁ ဒသမ ၀၄ ဧကပေါ်တွင် မွေးမြူရေးလုပ်ငန်းများအပိုင်းအလိုက် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃ ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိရာ မြေပြင်အသေးစိတ်တိုင်းတာခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ လုပ်ကွက်များသတ်မှတ်ပေးခြင်း၊ ရေအရင်းအမြစ်ရရှိရေးလုပ်ငန်းနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး လက်ရှိအခြေအနေတွင် မွေးမြူရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဇုန်အတွင်း လုပ်ငန်းရှင်များက အသားစားကျွဲ၊ ဆိတ်၊ သိုး၊ ဝက်၊ အသားစားကြက်၊ ဥစားကြက်၊ နို့စားနွား၊ အသားစားနွား၊ ဘဲ၊ မျိုးဘဲမ၊ ငုံး၊ ငန်း၊ ငါးနှင့် ဇီဝဖိုးငှက် မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လိုအပ်သည့်ကိစ္စရပ်များအား နေ့ညမပြတ် ထူထောင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**◆ တိရစ္ဆာန်များကိုမွေးမြူခြင်းဖြစ်သဖြင့် ဇီဝကာကွယ်မှုလုပ်ငန်း Biosecurity သည်လည်း အဓိကအရေးကြီး . . .**

**◆ တိုက်ကြီးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များကလည်း မိမိတို့တာဝန်ယူဆောင်ရွက်သွားကြမည့် လုပ်ငန်းကဏ္ဍအလိုက် ထဲထဲဝင်ဝင် စနစ်တကျနှင့်သိပ္ပံနည်းကျမွေးမြူရေးသို့ ရှေးရှုလုပ်ဆောင် . . .**

**◆ ဇုန်အတွင်း လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရင်းနှီးမတည်ငွေများ လိုအပ်ပါကလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏အရင်းမပျောက်မတည်ငွေ၊ MSME ချေးငွေများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကိုချေးယူရရှိနိုင်၊ သတ်မှတ်ကာလအတွင်း မှန်မှန်ကန်ကန်ပြန်လည်ပေးဆပ်ရန်လို၊ တိုက်ကြီးမွေးမြူရေးဇုန်အား နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည်အထိ တိုးတက်အောင်မြင်စေရေး အားလုံးကမလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် ဝိုင်းဝန်းကြိုးပမ်း . . .**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ် (၄) စိုက်ပျိုး/မွေးမြူရေးစခန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တိုင်းမှူးက တိုင်းစစ်ဌာနချုပ်ရှိ ဘက်စုံစိုက်ပျိုး/မွေးမြူရေးစခန်းများဆိုင်ရာအချက်အလက်များ၊ အကြီးအကဲ၏လမ်းညွှန်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် အခြေအနေများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးစခန်းများနှင့် ခြံများတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ထွက်ရှိလာသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ကြက်ဥနှင့် နွားနို့များကို အရာရှိ၊ စစ်သည် မိသားစုများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က ဘက်စုံစိုက်ပျိုး/မွေးမြူရေးစခန်းများမှ ထွက်ရှိသည့် စားသောက်ကုန်ပစ္စည်းများသည်လတ်ဆတ်ပြီး အာဟာရပြည့်ဝမှုရှိရန်လိုကြောင်း၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် တပ်မတော်သားများအပြင် နိုင်ငံ့ဝန်ထမ်းများအား ပြင်ပပေါက်ဈေးထက် သက်သာစွာရောင်းချပေးနိုင်ရန်ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အမြတ်ကိုအဓိကမထားဘဲ သက်သာချောင်ချိရေးကို ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူထားသည့် တိရစ္ဆာန်များကိုလည်း တိရစ္ဆာန်အစာများ စနစ်တကျကျွေးမွေးရန်နှင့် ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မွေးမြူရေးဆောင်ရွက်ရာတွင် ကုသရေးပိုင်းနှင့် မွေးမြူရေးပညာရှင်များနှင့် တိုင်ပင်ဆွေးနွေး၍ ကျန်းမာရေးနှင့်ညီညွတ်သည့် ထုတ်ကုန်များရရှိအောင် ဆောင်ရွက်ကြရန်နှင့် တိုင်းစစ်ဌာနချုပ်အတွင်းရှိ တပ်မတော်သားများ၊ မိသားစုများအားလုံး စားရေရိက္ခာလုံလောက်ဖူလုံသည်အထိ၊ ၎င်းမှတစ်ဆင့် ပိုလျှံသည်အထိ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး ကာလအလိုက်၊ အပိုင်းအလိုက် စီမံချက်များ စနစ်တကျရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ် အမှတ်(၄) စိုက်ပျိုး/မွေးမြူရေးစခန်းရှိ နို့စားနွားများမွေးမြူထားရှိမှုများနှင့် အမှတ်(၃) စိုက်ပျိုး/မွေးမြူရေးစခန်းရှိ Novogen Brown ဥစားကြက်၊ Evaporated Cooling System ဖြင့် အဆင့်မြင့်အသားတိုးဝက်နှင့် ကာကီကင်းဘဲ မွေးမြူထားရှိမှုအခြေအနေများကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (ဝဝဝ)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးစခန်းများနှင့်ခြံများတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ်(၃) စိုက်ပျိုး/မွေးမြူရေးစခန်းရှိ Evaporated Cooling System ဖြင့် အဆင့်မြင့်အသားတိုးဝက်များမွေးမြူထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

# မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ လျှင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အဆောက်အဦများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် ဘိလပ်မြေ၊ သံချောင်းနှင့်အထပ်သားပြားများ ဆက်လက်ရောင်းချပေးလျက်ရှိ





စဉ့်ကိုင်မြို့နယ်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် ရောင်းချပေးစဉ်။

မန္တလေး မေ ၂၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အဦများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့်အထပ်သားပြားများကို ယနေ့တွင် စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် စဉ့်ကိုင်မြို့နယ်၊ ဆီဆိုင်ကျေးရွာ၌ ပြည်သူများလက်ဝယ်သို့ ဆက်လက်ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# နမ့်စန်မြို့နယ်နှင့် လင်းခေးမြို့နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်

နေပြည်တော် မေ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင်လည်းကောင်း၊ လင်းခေးမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ညနေပိုင်းတွင်လည်းကောင်း အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များက နယ်မြေခံတပ်ရင်းခန်းမများ၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် တိုင်းမှူးက အဖွင့်အမှာစကားအသီးသီးပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း နမ့်စန်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

ထို့ပြင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြရာ တိုင်းမှူးနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသနိုင်ရေး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃˚c | / | ၃၅˚c |
| ရန်ကုန် | ၂၅˚c | / | ၃၄˚c |
| မန္တလေး | ၂၄˚c | / | ၃၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ၂၀၂၅ ခုနှစ် မေလ(တတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် မေ ၂၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေလ ၂၁ ရက်မှ ၂၃ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း၊ မေလ ၂၄ ရက်မှ ၃၀ ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့လည်းကောင်း အသီးသီး ဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှအားကောင်းနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမှုမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမှုမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၂ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၁ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၂ ဒီဂရီဖာရင်ဟိုက်မှ ၇၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၆၈ ရာခိုင်နှုန်းမှ ၇၇ ရာခိုင်နှုန်းအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၈ ရာခိုင်နှုန်းမှ ၈၇ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၂၉ မီလီမီတာမှ ၃၉ မီလီမီတာအတွင်း၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၄၀ မီလီမီတာမှ ၅၀ မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ၅၁ မီလီမီတာမှ ၆၀ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင်(ပြည့်ဝ)အခြေအနေ၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်းတွင် (စိုစွတ်)အခြေအနေနှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

(မိုး/ဇလ)

# ရေသောက်ပြီး ဝိတ်လျှော့ကြပါ

**"ထမင်းမစားခင် ရေတစ်ခွက် အဝသောက်ကြည့်သောအခါ အစာအိမ်မှ အက်စစ်ဓာတ်ပြယ်သွားပြီး အစာစားချင်စိတ် လျော့နည်းသွားမည်။ အစာစားချင်စိတ်လျော့နည်းသူသည် တဝ မစားနိုင်တော့။ အစားလျော့သွားမည်။ အနည်းငယ်အစာဝင် သည်နှင့် တင်းတိမ်သွားမည်ဖြစ်သည်။ ထို့ကြောင့် အစာမစားမီ ကြိုတင်ပြီး ရေတစ်ခွက်သောက်လိုက်ပါက အစားလျော့နည်း သွားပြီး ဝိတ်ကျစေနိုင်သည့်နည်းပင်ဖြစ်သည် . . ."**

ရေသည် ရုပ်ကို ကြည့်လင်၊ စိတ်ကို လန်းဆန်းစေသော သဘာဝဂုဏ်သတ္တိရှိ သည့်အတွက် လူနှင့် သက်ရှိများ၊ သစ်ပင် များပါမကျန် အားထားရသောအရာဖြစ် သည်။

လူတို့တွင် အသက်ရှင်ရပ်တည်ရန် ရေ၊ လေနှင့် အာဟာရဓာတ်တို့လိုအပ် သကဲ့သို့ သစ်ပင်တို့တွင်လည်း ရေ၊ လေနှင့် မြေဩဇာတို့လိုအပ်ပေသည်။ ဤသည် မှာ သက်ရှိကမ္ဘာအတွက် အခြေခံလိုအပ် ချက်ဖြစ်သည်။ ထိုသုံးမျိုးမှ တစ်မျိုး ချို့ယွင်းလျှင်ပင် အသက်မရှင်သန်နိုင် တော့ပေ။

သစ်ပင်ပန်းမန်တို့သည် မြေဆီအား ကောင်း၊ လေဝင်လေထွက်ကောင်းပြီး လောင်းရိပ်မမိ၊ မိုးရွာသွန်းသောအရပ် တွင် ကြီးထွားမှုမြန်သည်၊ အပင်အား ကောင်းသည်၊ အသီးအပွင့်တို့ ကြီးထွား သည်။

လူတို့တွင်လည်း အာဟာရကောင်းစွာ စားရသည်၊ လေကောင်းလေသန့်ရသည်၊ ရေအဝသောက်ရသည်ဆိုလျှင် ဝလာလေ့ ရှိသည်။ သို့သော် ရေသောက်ရာတွင် အပူအအေးနှင့် ချွေးထွက်ခြင်း၊ ဆီးသွား ခြင်း၊ ဝမ်းသွားခြင်းအခြေအနေကိုလိုက် ပြီး တစ်ရက်လျှင် ရေမည်မျှသောက်ရမည် ကို တိုင်းတာရန်ခက်ခဲသည်။

တချို့ ဆေးပညာဂျာနယ်များတွင် အနောက်တိုင်းသုတေသီများက ရေကို တစ်ရက်လျှင် တစ်ဂါလန် (ပုလင်းကြီး လေးပုလင်း)ခန့် သောက်ရမည်ဟု ဆို သည်။ ထိုသို့သတ်မှတ်သော နိုင်ငံ များမှာ အလွန်အေးသော နိုင်ငံများ မှ သုတေသနပြုချက်ဖြစ်ကြောင်း တွေ့ရ သည်။

အပူပိုင်းဒေသမှ သုတေသနပြုချက် များအရ ရေကို တစ်ရက်လျှင် တစ်ဂါလန်ခွဲ (ခြောက်ပုလင်း)မှ နှစ်ဂါလန်(ရှစ်ပုလင်း) အထိသောက်မှ လုံလောက်မည်ဟုဆို သည်။ သို့သော် ထိုအဆိုပြုချက်များမှာ လည်း ပြီးပြည့်စုံမှန်ကန်လိမ့်မည်မဟုတ် ပါ။ ကလေး၊ လူကြီး၊ လူပိန်၊ လူဝ၊ သက်ကြီး ရွယ်အို စသည်ဖြင့် ကွာခြားမှုအမျိုးမျိုး ရှိမည်ဖြစ်သည်။

စာရေးသူကိုယ်တိုင်ပင် မိမိရေသောက် နှုန်းကို သတိထားကြည့်ရာ ဆောင်းရာသီ တွင် တစ်ရက်လျှင် နှစ်ပုလင်းပင် မကုန် ချင်၊ နွေရောက်သောအခါ လေးပုလင်းခန့် ကုန်သည်။ အလွန်ပူပြင်းပြီး မိုးမရွာသော မေလက တစ်ရက်လျှင် ရေခြောက်ပုလင်း ခန့်ကုန်သည်။ ညအိပ်ရာမဝင်မီပင် ရေ တစ်ပုလင်းခန့်ကုန်သည်။ နံနက်အိပ်ရာ ထသည်နှင့် ရေတစ်ပုလင်းကို နှစ်ကြိမ် ခန့်သာ သောက်ရသည်။ ရေမသောက်ဘဲ အိပ်လျှင် ညတွင် အာခေါင်ခြောက်ပြီး နိုးသဖြင့် ညဘက်ရေထသောက်ရလေ့ရှိ သည်။ ညအချိန် တစ်ရေးနိုးချိန် အာခေါင် ခြောက်ခြင်းသည် ခန္ဓာကိုယ်တွင် ရေဓာတ် လျော့နည်းခန်းခြောက်သော လက္ခဏာဟု ဆိုသည်။ အာခေါင်ခြောက်သူများသည် ဝမ်းလည်းချုပ်တတ်သည်။

တစ်ခါက ဓာတ်ဆရာကြီးတစ်ဦးရှိ သည်။ သူ့အရပ်တွင် နာမည်ကြီးသော သူပင်ဖြစ်သည်။ ထိုဆရာကြီးက 'ဝချင် တယ်' ဟုပြောသူတစ်ဦးကို 'ဝချင်ရင် ထမင်းစားပြီး ရေများများသောက်'ဟု ပြောသည်ဟုဆိုသည်။ ထိုသူသည် ရေ များများသောက်ရာမှ အမှန်တကယ်ပင် မျက်နှာပြည့်ဖြိုးလာပြီး ဝလာသည်ဟု ဆိုသည်။ နောက်တစ်ဦးက 'ပိန်ချင်တယ်' ဟု ပြောသည်။ ထိုလူကို 'ပိန်ချင်ရင် ထမင်းမစားခင် ရေအရင်သောက်' ဟု ဆိုပြန်သည်။ ထိုသူ ပိန်သွားသည်ဟု ဆိုသည်။

မှန်ပါသည်။ ထမင်းစားပြီး ရေသောက် သူများအနေဖြင့် အစာထဲတွင်ပါသော အဆီဓာတ်များ ရေနှင့်တွေ့ပြီး မကြေ ညက်တော့ဘဲ သွေးထဲသို့ အစာအိမ်နှင့် အူသိမ်မှတစ်ဆင့် ရောက်သွားသဖြင့် ကြာလျှင် ဝလာနိုင်သည်။ အဆီမတက် ချင်သူများမှာ ထမင်းစားပြီး အစာကြေ သည်အထိ ရေမသောက်ဘဲနေမှသာ အူသိမ်ဦးပိုင်းမှအဆီကို ကောင်းစွာခြေနိုင် မည်ဖြစ်သည်။ ဤနည်းဖြင့် အဆီတိုးခြင်း ကို ရှောင်ကြဉ်နိုင်သည်။

ဆရာကြီးပြောသည့် 'ပိန်ချင်ရင် ထမင်း မစားခင် ရေသောက်' ဆိုသည်မှာလည်း မှန်ပါသည်။ ထမင်းမစားခင် ရေတစ်ခွက် အဝသောက်ကြည့်သောအခါ အစာအိမ်မှ အက်စစ်ဓာတ်ပြယ်သွားပြီး အစာစားချင် စိတ် လျော့နည်းသွားမည်။ အစာစားချင် စိတ်လျော့နည်းသူသည် တဝမစားနိုင် တော့။ အစားလျော့သွားမည်။ အနည်းငယ် အစာဝင်သည်နှင့် တင်းတိမ်သွားမည်ဖြစ် သည်။ ထို့ကြောင့် အစာမစားမီ ကြိုတင် ပြီး ရေတစ်ခွက်သောက်လိုက်ပါက အစား လျော့နည်းသွားပြီး ဝိတ်ကျစေနိုင်သည့် နည်းပင်ဖြစ်သည်။

ရေများများသောက်လျှင် အကျိုးအများ ဆုံးပြုနိုင်သော ကိုယ်တွင်းအင်္ဂါများမှာ ကျောက်ကပ်ပင်ဖြစ်သည်။ ကျောက် ကပ်၏လုပ်ဆောင်ချက်မှာ ရေသန့်စင် စက်နှင့်တူသည်။ ကျောက်ကပ်သို့ စီးဆင်း လာသမျှ လူ့ခန္ဓာကိုယ်အတွင်းမှ အညစ် အကြေးများကို ရေစစ်ဆန်ခါများ အသုံးပြု ပြီး ပြင်ပသို့ စွန့်ထုတ်ပစ်နိုင်သော အရေး ကြီးအင်္ဂါဖြစ်သည်။ ရေသောက်နည်းသူ များတွင် ကျောက်ကပ်မှ အညစ်အကြေး၊ ဓာတုပစ္စည်းများ စွန့်ထုတ်မှုနည်းသဖြင့် ကျန်းမာရေးမကောင်းပေ။ ရေသောက် များသူများမှာ ကျောက်ကပ်၏ အညစ် အကြေးစွန့်ထုတ်မှုတွင် အထောက်အကူ ဖြစ်စေရုံသာမက ကျောက်ကပ်၏ ရေစစ် ဆန်ခါများ မပိတ်ဆို့အောင် အထောက် အကူပြုပေသည်။

ရေသောက်များသူများတွင် ကျောက် ကပ်မှ ရေစွန့်ထုတ်မှုများသဖြင့် အဝလွန် ခြင်း၊ ဖောရောင်ခြင်းများကို ကာကွယ်နိုင် သည်။ ရေသောက်ပြီး လမ်းလျှောက်ပေး လျှင် ကျောက်ကပ်မှ ဆန်ခါများကို ခါချ ပေးသကဲ့သို့ဖြစ်နိုင်သည်။

တချို့ ကျန်းမာရေးအတွက် တောင် တက်လမ်းလျှောက်သူများသည် လမ်း လျှောက်ရင်း ရေသောက်သွားကြသည်ကို တွေ့ရသည်။ စက်ဘီးစီးသူများသည် လည်း ရေဘူးများ ယူဆောင်လာကြသည် ကိုတွေ့ရမြဲဖြစ်သည်။ လမ်းလျှောက်ရင်း ရေသောက်ခြင်းသည် အကောင်းဆုံး ကိုယ်အလေးချိန်လျှော့နည်းဖြစ်သည်။

လမ်းများများလျှောက်ပြီး ရေသောက် သောအခါ ဆီးသွားရန်လည်း လိုအပ် သည်။ ဆီးသွားချင်လျက် မသွားရလျှင် ကျောက်ကပ်နှင့် ဆီးအိမ်ကို ဒုက္ခပေး တတ်သည်။ အနည်ထိုင်ပြီး ဆီးကျောက် တည်ရောဂါဖြစ်တတ်သည်။

အမျိုးသားများတွင် အသက်ကြီးလာ သောအခါ ရောဂါမဟုတ်ဘဲ အလို အလျောက်ဆီးကျိတ်ကြီးလာသည်။ ဆီး ကျိတ်၏ဖိအားကြောင့် ဆီးမကြာခဏ သွားချင်စိတ်ပေါ်တတ်သည်။ ဆီးသွားပြီး လျှင်လည်း ဆီးကျန်သဖြင့် ထပ်သွားချင် စိတ်ပေါ်တတ်သည်။ လူကြီးများ လမ်း လျှောက်လျှင် ကျန်းမာသည်ဆိုသော် လည်း အပေါ့အပါးသွားချင်စိတ်ဖြစ်ပေါ် လျှင် သွားဖို့နေရာရှိရန်လိုသည်။

အသက်ကြီးသောအခါ ပိန်သူများ အတွက် ကိစ္စမရှိသော်လည်း ဝသောသူ များ၊ ပေါင် ၁၇၀ အထက်ရှိသူများမှာ ရေသောက်ပြီး လမ်းလျှောက်သင့်သည်။ ဆီးများများသွားရန်လည်း လိုပါသည်။ အသက် ၆၀ ကျော်လျှင် နှစ်နာရီခြား တစ်ကြိမ် ဆီးသွားသင့်သည်။ အသက် ၇၀ ကျော်လျှင် တစ်နာရီတစ်ကြိမ်၊ အသက် ၇၅ နှစ်ကျော်လျှင် နာရီဝက် တစ်ကြိမ် ဆီးသွားသင့်သည်ဟု ဆိုလိုပါ သည်။ အသက်ကြီးသူများ ဆီးသွားလျှင် ဆီးထဲတွင် အဆီများဝေ့နေသည်ကို တွေ့ရလိမ့်မည်။ ခန္ဓာကိုယ်ထဲမှ ဓာတ် ပျက်နေသော အဆီများပါသွားခြင်းဖြစ် သည်။ အရိုးအဆစ်ကိုက်ခဲရောင်ရမ်းစေ သော ယူရစ်အက်စစ်ဓာတ်မှာလည်း ဆီးမှ စွန့်ထုတ်လျှင် အကိုက်အခဲသက်သာစေ နိုင်သည်။

မိုးအေးသောအခါနှင့် ချမ်းလွန်းသော ဆောင်းရာသီများတွင် ရေကိုပြုပြင်ပြီး သောက်ရန်လိုသည်။ ရေကိုပြုပြင်ပြီး သောက်ခြင်းမှာ ရေနွေးကြမ်းအဖြစ် ဆူအောင်ကျိုချက်ပြီး လက်ဖက်ခြောက် သို့မဟုတ် လက်ဖက်အစို ခတ်သောက် ခြင်းပင်ဖြစ်သည်။ ကော်ဖီသောက်ခြင်း သည်လည်း ကျန်းမာရေးအတွက် အထောက်အကူဖြစ်သည်ဟု ဆိုသည်။ ဘီယာသောက်ခြင်းကိုပင် ကျန်းမာရေး ပညာပေးမဂ္ဂဇင်းများက ဆီးကျိတ် ကင်ဆာကို ကာကွယ်သည်ဟု ရေးသား ထားသည်။ တောနယ်ကျေးလက်ဓလေ့ တွင်ကား မည်သည့်အိမ်သွားလည်သည် ဖြစ်စေ ရေနွေးကြမ်းတစ်အိုးချပြီး တည်ခင်းလေ့ရှိသည်မှာ မြန်မာ့ဓလေ့ပင် ဖြစ်သည်။ ရေနွေးကြမ်းသည် အဆီကျ ဆေးတစ်မျိုးဖြစ်ကြောင်း ဆရာဝန်ကြီး များကလည်း ထောက်ခံရေးသားကြ သည်။

အချုပ်ဆိုရသော် ရေသောက်ခြင်း ကြောင့် ကျန်းမာသည့်နည်းလမ်းကောင်း များစွာရှိသည်။ ရေသောက်ပုံအမျိုးမျိုး ကို ရှုထောင့်အမျိုးမျိုးမှ တင်ပြကြ သည်။ ရေကောင်းရေသန့်ဖြစ်ရန်လိုသည်။ ရေမချိုးခင် ရေတစ်ခွက်သောက်ခြင်း၊ ညအိပ်ရာဝင် ရေတစ်ခွက်သောက်ခြင်း တို့သည် များစွာအကျိုးရှိစေသော ကျန်းမာရေးနည်းလမ်းကောင်းများဖြစ် သည်။ ထို့အတူ အဆီကျချင်သူ၊ ပိန်ချင်သူ၊ ဝိတ်လျှော့ချင်သူများအတွက် ထမင်း မစားမီ ရေတစ်ခွက်သောက်သင့်ပါ ကြောင်း အကြံပြုရေးသားလိုက်ရပါ သည်။ ။

**ကြည်လွင်မြင့်(မုဒြာ)**

---

## ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း မေလ ၁၉ ရက်မှ ၃၀ ရက် အထိ အဘိတ်ဆေးခတ်ကာလအဖြစ်သတ်မှတ်ကာ သွေးလွန် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၌ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများက မေလ ၂၀ ရက်က အမှတ် (၈၉) ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်ကြောင်း သိရ သည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ရာတွင် ဒဂုံ(ဆိပ်ကမ်း) မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ အေးမူယာကျော် ဦးဆောင်သောဝန်ထမ်းများ၊ စည်ပင်ကျန်းမာ ရေးဌာနမှဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် စေတနာ့လုပ်အားရှင်များက အမှတ်(၈၉)ရပ်ကွက်အတွင်းရှိ နေအိမ်များသို့သွားရောက်ကာ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရေး အသိပညာ ပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ ရေတွင်း၊ ရေကန်များ၌ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ဒဂုံ(ဆိပ်ကမ်း)မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် အဘိတ်ဆေးခတ် ခြင်းလုပ်ငန်းများကို ရပ်ကွက်/ကျေးရွာများ၌ နေ့စဉ် အရှိန် အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**



# (၅၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ






ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပသည့် (၅၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် (၄)ကြိမ်မြောက်အာဆီယံ-အမေရိကန် ပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကဦးဆောင်၍ ရန်ကုန်မြို့ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

ဦးစွာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက အာဆီယံဒေသတွင်း ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ကြိုးပမ်းဆောင်ရွက်မှုများအပေါ် များစွာ နှစ်ထောင်းအားရဖြစ်မိကြောင်း၊ အာဆီယံ၏မျှော်မှန်းချက်ဖြစ်သည့် ဒေသတွင်း ပေါင်းစည်းဆက်သွယ်မှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ခံနိုင်ရည်ရှိမှုများကို မိမိတို့အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးများတွင် အာဆီယံ-နယူးဇီလန် လေကြောင်းပို့ဆောင်ရေး သဘောတူစာချုပ် ချုပ်ဆိုရေး၊ အာဆီယံဒေသတွင်း လျှပ်စစ်မော်တော်ယာဉ်အကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းပြမြေပုံရေးဆွဲရေး၊ အာဆီယံဒေသတွင်း သဘော်ာစွန့်ပစ်ပစ္စည်းများ စဉ်ဆက်မပြတ် စီမံခန့်ခွဲရေးအတွက် မဟာဗျူဟာရေးဆွဲရေး၊ ၂၀၂၆-၂၀၃၀ ကာလအတွက် အာဆီယံပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ အပြီးသတ်ဆွေးနွေးအတည်ပြုရေးစသည်များဆွေးနွေးသွားမည်ဟုသိရှိရသည့်အတွက် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာမည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးဒဏ်သင့်ဒေသများအတွက် အဖွဲ့ဝင်နိုင်ငံများ၏ ပံ့ပိုးကူညီမှုများကိုလည်း အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံသည် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအဆင့် အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးအဆင့် အစည်းအဝေးများကို ၂၀၁၄ ခုနှစ်တွင် အလှည့်ကျအိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ပြီး ယခု ၂၀၂၅ ခုနှစ်တွင် ထပ်မံအလှည့်ကျရောက်သဖြင့် ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်းနှင့်ယခုကျင်းပသည့် (၅၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# 39<sup>th</sup>Junior Golf Myanmar Championship ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှကြီးမှူး၍ Junior Golf Myanmar(JGM)၏ (၃၉)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့်ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ရှိ မြန်မာဂေါက်သီးရိုက်အသင်း ကိုးမိုင်၌ ယနေ့တွင် ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်နာယက ဦးအောင်ကြည်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာဂေါက်သီးရိုက်အသင်း၊ Kings International School နှင့် HAN Golf Master Pte., Ltd တို့အား အမှတ်တရဂုဏ်ပြုလက်ဆောင်ကို မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးမြင့်အောင်က ပေးအပ်သည်။

ထို့နောက် Junior Golf Myanmar (JGM) တွဲဖက်အတွင်းရေးမှူး ဦးမြင့်ဇော်က ပြိုင်ပွဲနှစ်ရက်အား ကြိုးစားယှဉ်ပြိုင်ခဲ့ကြသော ဘုန်းမြင့်မြတ်စံ၊ ချစ်ခွန်းသီအောင်နှင့် ဆုရတီထက်တို့အားလည်းကောင်း၊ Junior Golf Myanmar (JGM) အတွင်းရေးမှူး ဦးကျော်မင်းမင်းလတ်က အသက် ၁၂ နှစ်အောက်(အမျိုးသား)သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၂၂၈ ချက်ဖြင့် တတိယဆုရရှိသော ကောင်းခန့်ဇော်၊ စုစုပေါင်းရိုက်ချက် ၁၉၂ ချက်ဖြင့် ဒုတိယဆုရရှိသော အောင်စိုးထွန်း၊ စုစုပေါင်းရိုက်ချက် ၁၅၁ ချက်ဖြင့် ပထမဆုရရှိသော ထူးမြတ်အောင်အားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် Junior Golf Myanmar (JGM) အမှုဆောင် ဒေါ်စုယမင်းက အသက် ၁၂ နှစ်အောက် (အမျိုးသမီး) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၂၀၇ ချက်ဖြင့် တတိယဆုရရှိသော ရတနာအောင်၊ စုစုပေါင်းရိုက်ချက် ၂၀၀ ဖြင့် ဒုတိယဆုရရှိသော သီရိခိုင်ဇော်၊ စုစုပေါင်းရိုက်ချက် ၁၇၆ ချက်ဖြင့် ပထမဆုရရှိသော Choi Hui တို့အားလည်းကောင်း၊ မြန်မာဂေါက်သီးရိုက်အသင်းဒုတိယဥက္ကဋ္ဌ ဦးအောင်ခိုင်က အသက် ၁၈ နှစ်အောက် (အမျိုးသမီး) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၉၁ ချက်ဖြင့် တတိယဆုရရှိသော နှင်းရွှေရည်ဝင်း၊ စုစုပေါင်းရိုက်ချက် ၁၅၇ ချက်ဖြင့် ဒုတိယဆုရရှိသော ဆုနှင်းဖြူ၊ စုစုပေါင်းရိုက်ချက် ၁၅၃ ချက်ဖြင့် ပထမဆုရရှိသော ချိုသာအောင်တို့အားလည်းကောင်း၊ မြန်မာဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌ ဦးအေးကိုကိုစိုးက အသက် ၁၄ နှစ်အောက် (အမျိုးသား)သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၁ ချက်ဖြင့် တတိယဆုရရှိသော ကျော်သံလွင်ဟိန်း၊ စုစုပေါင်း ရိုက်ချက် ၁၅၉ ချက်ဖြင့် ဒုတိယဆုရရှိသော နိုင်ဦးကို၊ စုစုပေါင်းရိုက်ချက် ၁၅၇ ချက်ဖြင့် ပထမဆုရရှိသော အောင်သန်းထွဋ်တို့အားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။




ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်နာယက ဦးအောင်ကြည်က အသက် ၁၈ နှစ်အောက်(အမျိုးသား) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၀ ချက်ဖြင့် တတိယဆုရရှိသော ခန့်ဘုန်းလျှံ၊ စုစုပေါင်းရိုက်ချက် ၁၅၉ ချက်ဖြင့် ဒုတိယဆုရရှိသော Choi Hwan၊ စုစုပေါင်းရိုက်ချက် ၁၅၅ ချက်ဖြင့်ပထမဆုရရှိသော ကောင်းထက်တို့အား ဆုများကိုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၆၀ | ၂၈၃၀ | ၂၇၆၅ | ၂၈၇၀ | ၂၈၈၅ | ၂၉၀၀ | ၂၈၂၀ | ၄၅၀၅ | ၃၁၁၅ | ၂၈၃၅ | ၂၈၄၀ | ၂၉၁၀ | ၂၈၇၅ | ၂၈၉၅ | ၃၁၅၀ |
| 95 Ron | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၆၀ | ၂၈၇၅ | ၄၅၆၀ | ၃၁၇၀ | ၂၈၉၅ | ၂၈၉၅ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၀ | ၃၂၁၀ |
| HSD (500 ppm) | ၂၃၂၀ | ၂၄၃၀ | ၂၄၀၀ | ၂၃၃၅ | ၂၄၄၀ | ၂၄၅၅ | ၂၄၇၀ | ၂၃၉၀ | - | ၂၆၈၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၈၀ | ၂၄၄၅ | ၂၄၆၅ | ၂၇၂၀ |
| HSD (50 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | ၄၈၃၀ | ၃၂၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |
| HSD (10 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | - | ၃၂၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၈၇ | ၂၆၇၂ |
| 95 Ron | ၂၆၄၂ | ၂၇၂၈ |
| HSD (500 ppm) | ၂၁၇၀ | ၂၂၄၃ |
| HSD (50 ppm) | ၂၆၈၉ | ၂၇၇၂ |
| HSD (10 ppm) | ၂၆၈၉ | ၂၇၇၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၁

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကြားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

# အနာဂတ်ပန်းကလေးများပွင့်လန်းဖို့ ကျောင်းအပ်နှံကြပါစို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပညာရေးဝန်ကြီးဌာနသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မေလ ၂၂ ရက်မှစ၍ ဇွန်လ ၁ ရက်အထိ ကျောင်းသား၊ ကျောင်းသူများအားလုံးကို ကျောင်းအပ်နှံမှုလက်ခံသွားမည်ဖြစ်ပြီး ဇွန်လ ၂ ရက်တွင် နိုင်ငံတစ်ဝန်းရှိ ကျောင်းများ ဖွင့်တော့မည်ဖြစ်သည်။ မိဘပြည်သူများသည် ရင်သွေးငယ်များကို ကျောင်းအပ်နှံရေးအတွက် မွေးစာရင်း၊ အိမ်ထောင်စုစာရင်းစသည့်လိုအပ်သော စာရွက်စာတမ်းများ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားသင့်သည်။ ကျောင်းအုပ်ကြီးများနှင့် ကျောင်းတာဝန်ခံများအနေဖြင့် ဒေသအာဏာပိုင်များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့်ပူးပေါင်းကာ ကျောင်းဥပမိရုပ်ကောင်းမွန်ရေး၊ သင်ထောက်ကူပစ္စည်းများလုံလောက်ရေး၊ စာသင်ခန်းများ၊ အိမ်သာများနှင့် ကျောင်းဝင်းအတွင်း၊ အပြင် သန့်ရှင်းသာယာမှုရှိစေရေးတို့အတွက် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်လျက်ရှိသည်။

**ကြိုတင်ပြင်ဆင်**

အထူးသဖြင့် ကျောင်းသားမိဘများသည် ကလေးငယ်များအတွက် ပုံနှိပ်စာအုပ်များနှင့်လေ့ကျင့်ခန်းစာအုပ်များတွင် နာမည်များကပ်ခြင်း၊ ကျောပိုးအိတ်၊ ထမင်းဘူးနှင့် ရေဘူးများပြင်ဆင်ခြင်း၊ ကျောင်းဝတ်စုံများကိုဝတ်ဆင်ကြည့်ခြင်း၊ ထီး၊ ဖိနပ်၊ မိုးကာများကိုအသင့်ပြင်ဆင်ခြင်းစသည်တို့ကို လိုလေသေးမရှိအောင် လုပ်ဆောင်ပေးလျက်ရှိသည်။ လက်လုပ်လက်စားမိဘများသည်ပင်လျှင် သား၊သမီးများအတွက် လိုအပ်သော ကျောင်းဝတ်စုံနှင့် သင်ထောက်ကူပစ္စည်းများကို ကြိုးစားဖြည့်ဆည်းပေးလျက်ရှိသည်။ မိဘတိုင်းသည် သား၊ သမီးများ မျက်နှာမငယ်စေရန်အတွက် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ကြရသည်။ စုန်ရေမေတ္တာသည် တသွင်သွင်စီးဆင်းလျက်ပင်ရှိသည်။

စာရေးသူတို့ငယ်စဉ်က ကျေးလက်၌ကြီးပြင်းခဲ့ရသည့်အတွက် ကျောင်းမှထုတ်ပေးသော ပြဋ္ဌာန်းစာအုပ်ကိုသာအားကိုးခဲ့ရသည်။ ဆရာ၊ ဆရာမများ၏ သင်ကြားပြသမှုကိုသာအာရုံစိုက်လေ့လာမှတ်သားခဲ့ရသည်။ ဆရာ၊ ဆရာမများကလည်း စိတ်အားထက်သန်စွာ စေတနာထားသင်ကြားပြသပေးသည်။ ငယ်စဉ်က ဆရာ၊ ဆရာမများ၏ ကျေးဇူးတရားကြောင့် ဘဝတိုးတက်အောင်မြင်မှုအတွက် များစွာအထောက်အကူဖြစ်ခဲ့သည်။ ကျောင်းဝတ်စုံဆိုလျှင်လည်း ယခင်နှစ်ကဝတ်ထားသောဝတ်စုံကိုသာဝတ်ဆင်ခဲ့ရသည်။ လက်ရှိအချိန်တွင် ဈေးကွက်အတွင်း၌ ကျောင်းဝတ်စုံများနှင့် ထမင်းဘူးများကို ဈေးနှုန်းချိုသာစွာဝယ်ယူရရှိသည်။

**အပ်နှံသွားရန်**

ကျောင်းသားမိဘများအနေဖြင့် မိမိတို့ရင်သွေးငယ်များကို ကျောင်းအပ်နှံရာ၌ ငါးနှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့အပ်နှံရန်နှင့် ခြောက်နှစ်အရွယ်ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံသွားရန်လိုအပ်သည်။ မိဘများအနေဖြင့် ကျောင်းအပ်နှံရာတွင်ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင်မည်သည့်အခကြေးငွေကိုမျှ လုံးဝကောက်ခံမည်မဟုတ်ကြောင်း ပညာရေးဝန်ကြီးဌာနက အသိပေးထုတ်ပြန်ထားသည်၊ ထို့ပြင် ပညာရေးဝန်ကြီးဌာနအနေဖြင့် အခမဲ့ထောက်ပံ့ပေးမှုအစီအစဉ် ၁၃ ချက်၊ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံးသိရှိလိုက်နာရမည့် အချက် ၁၂ ချက်နှင့် မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက် ၁၃ ချက်တို့ကိုလည်း အသိပေးထုတ်ပြန်ထားရှိသည်။

> ❖ **နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်တိုးတက်ရေးသည် မျိုးဆက်သစ်များ၏ ပညာရည်တတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီနေသည် ဆိုသောအချက်ကို ကမ္ဘာ့နိုင်ငံတိုင်းက တူညီစွာလက်ခံထားရှိ၊ ထိုနည်းတူစွာပင် ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း မျိုးဆက်သစ်များ ပညာရည်မြင့်မားရေးအတွက် ရေတိုရေရှည်စီမံကိန်းများချမှတ်လျက် အမျိုးသားရေးအသွင်ဖြင့် အကောင်အထည်ဖော်လျက်ရှိ . . .**
>
> ❖ **အထူးသဖြင့် နိုင်ငံတော်အစိုးရသည် ကျောင်းနေအရွယ်ကလေး အားလုံး စဉ်ဆက်မပြတ်ပညာသင်ယူနိုင်ရေးအတွက် အခမဲ့ပညာရေး အစီအစဉ်ကို အထက်တန်းအဆင့်အထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ . . .**

**၆၃ သိန်းကျော်ရှိခဲ့**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုလက်ခံခြင်းများကိုဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် ဇွန်လ ၂ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူ ၆၃၉၄၅၂၈ ဦး အပ်နှံနိုင်ခဲ့သည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျနေသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ဆက်လက်၍ကျောင်းအပ်နှံမှုလက်ခံပေးခဲ့သည်။ ထို့ကြောင့် ယခုပညာသစ်နှစ်၌ ကျောင်းအပ်နှံမှုမြင့်တက်လာစေရေး မိဘ၊ ဆရာ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဒေသဆိုင်ရာအာဏာပိုင်များ၏ တက်ကြွသောပူးပေါင်းဆောင်ရွက်မှုများလိုအပ်သည်။

**ကျောင်းအပ်နှံမှုနှုန်းမြင့်တက်လာ**

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်တိုးတက်ရေးသည် မျိုးဆက်သစ်များ၏ ပညာရည်တတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီနေသည် ဆိုသောအချက်ကို ကမ္ဘာ့နိုင်ငံတိုင်းက တူညီစွာလက်ခံထားရှိကြသည်။ ထိုနည်းတူစွာပင် ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း မျိုးဆက်သစ်များ ပညာရည်မြင့်မားရေးအတွက် ရေတိုရေရှည်စီမံကိန်းများချမှတ်လျက် အမျိုးသားရေးအသွင်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်အစိုးရသည် ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူနိုင်ရေးအတွက် အခမဲ့ပညာရေးအစီအစဉ်ကို အထက်တန်းအဆင့်အထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကြောင့် ကျောင်းနေအရွယ်ကလေးများကျောင်းအပ်နှံမှုနှုန်း သိသာစွာမြင့်တက်လာခဲ့သည်။ ကျောင်းနေမှုနှုန်းမြင့်မားလာသည်နှင့်အမျှ ရေမြင့်ကြာတင့်ဆိုသလို စာတတ်မြောက်မှုနှုန်းလည်း သိသာထင်ရှားစွာမြင့်တက်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

**အခြေအနေကောင်းများဖန်တီးပေး**

ထို့ပြင် ကျောင်းသားလူငယ်များ ထိရောက်အောင်မြင်စွာ စာပေလေ့လာသင်ယူနိုင်ရန်အတွက် ပတ်ဝန်းကျင်အခြေအနေကောင်းများလည်း ဖန်တီးပေးရန်လိုအပ်ပေသည်။ စာသင်ကျောင်းများ၊ သင်ထောက်ကူပစ္စည်းများအပြင် အထောက်အကူပြုကျောင်းစာကြည့်တိုက်များလည်း ဖန်တီးပေးရန်လိုအပ်ပေသည်။ အထူးသဖြင့် စာသင်ကျောင်းများသည် တိတ်ဆိတ်ငြိမ်သက်မှုရှိသည့်နေရာများတွင်သာရှိသင့်သည်။ ထိုသို့တိတ်ဆိတ်ငြိမ်သက်သည့်နေရာမျိုး၌ ကျောင်းသားလူငယ်များအနှောင့်အယှက်ကင်းစွာပညာသင်ကြားနိုင်သဖြင့် ထူးချွန်ထက်မြက်သည့် လူငယ်များပေါ်ထွန်းရေးတွင် များစွာအထောက်အကူပြုပေသည်။

စင်စစ်အားဖြင့် စာသင်ခန်းများပြန်လည်ဖွင့်လှစ်ပြီး စာဖတ်စာအံသံများကြားရခြင်းသည် မိဘတိုင်းအတွက် မင်္ဂလာရှိသောနေ့ရက်များပင်ဖြစ်သည်။

**အနာဂတ်ပန်းကလေးများပွင့်လန်းဖို့ ကျောင်းအပ်နှံကြပါစို့**

စင်စစ်အားဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးသည် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတွင် မောင်းနှင်အားများဖြစ်သည့် ဘက်စုံထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာစေရန်ဆောင်ရွက်ရာ၌ အဓိကကျပြီး ပဓာနအရင်းခံပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် စဉ်ဆက်မပြတ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာနိုင်ရေးအတွက် ကျောင်းနေအရွယ်ကလေးငယ်အားလုံး စာသင်ခန်းအတွင်းရောက်ရှိနိုင်ရေးလုပ်ငန်းများကို စီမံချက်ချ၍ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသား၊ ဆရာ၊ မိဘ၊ ပြည်သူများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တို့အကြား တက်ညီလက်ညီကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားသင့်ပေသည်။

မျက်မှောက်ကာလသည် ပညာခေတ်ဖြစ်လာသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် စိန်ခေါ်မှုများစွာကိုရင်ဆိုင်ရလျက်ရှိသည်။ ထိုစိန်ခေါ်မှုများကိုရင်ဆိုင်နိုင်မည့် စဉ်ဆက်မပြတ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာနိုင်ရေးအတွက် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေးလုပ်ငန်းများကိုစီမံချက်ချ၍ဆောင်ရွက်နေခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသား၊ ဆရာ၊ မိဘ၊ ပြည်သူများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တို့အကြား တက်ညီလက်ညီကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ပေသည်။

အမှန်တော့ နိုင်ငံတစ်နိုင်ငံ၏အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ပညာတတ်မြောက်မှုအဆင့်အတန်းပေါ်တွင်များစွာတည်မှီလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဘက်စုံထူးချွန်သော မျိုးဆက်သစ်လူငယ်များပေါ်ထွန်းရေးအတွက် ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူခွင့်ရရှိရေးနှင့် ကျောင်းထွက်သူပပျောက်ရေးလုပ်ငန်းစဉ်ကို အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေးဆောင်ရွက်ရာတွင် အစိုးရအပြင် မိဘ၊ ဆရာ၊ ဒေသခံပြည်သူများသည် အဖျက်အမှောင့်သမားများ၊ ပြည်ပလက်ဝေခံများ၊ အကြမ်းဖက်သမားများ၏မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်နေမှုများ၊ လှုံ့ဆော်နေမှုများ၊ ခြိမ်းခြောက်အကျပ်ကိုင်နေမှုများကို နားမယောင်ဘဲ ပကတိအခြေအနေမှန်ကိုရှုမြင်လျက် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားသင့်သည်။ မည်သို့ပင်ဆိုစေ ကျောင်းသား၊ ကျောင်းသူအားလုံး စာသင်ခန်းအတွင်းရောက်ရှိပြီး စဉ်ဆက်မပြတ်ပညာသင်ယူခွင့်ရရှိနေမှသာလျှင် တိုင်းပြည်တာဝန်ကို လက်ဆင့်ကမ်းထမ်းဆောင်သွားမည့် ထိုကလေးများ၏အနာဂတ်သည် ပိုမိုတောက်ပြောင်လာမည်ဖြစ်ပေသည်။ ။

**ဝင်းဇင်(သုတေသန)**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအား ပထမအကြိမ် စာရေးကိရိယာများပေးအပ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်






နေပြည်တော် မေ ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအား ပထမအကြိမ် စာရေးကိရိယာများပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံရေးရက်သတ္တပတ် မေလ ၂၂ ရက်တွင် စတင်ကျောင်းအပ်နှံရမည်ဖြစ်ကြောင်း၊ ကျောင်းစတင်အပ်နှံသည်နှင့် နိုင်ငံတော်အစိုးရက ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် သက်ဆိုင်ရာ အတန်းအလိုက် ဖတ်စာအုပ်(Text Book) အပြည့်အစုံ၊ လေ့ကျင့်ခန်းစာအုပ်၊ ဗလာစာအုပ်၊ ကျောင်းဝတ်စုံ၊ ခဲတံ၊ ဘောပင်များကို အခမဲ့ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ကျောင်းအပ်နှံကြေး၊ အခြားအသုံးစရိတ် မည်သည့်စရိတ်မှပေးသွင်းရန် မလိုကြောင်း၊ ကျောင်းသားမိဘများ စိတ်ချမ်းသာစွာဖြင့် ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးထားကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းတက်ရာတွင် စာကြိုးစားကြရန်နှင့်ပညာကို တတ်မြောက်အောင် သင်ကြားကြရန်လိုအပ်ကြောင်း၊ ကျန်းမာရေးအမြဲကောင်းမွန်နေရန်လိုအပ်ပြီး ကျန်းမာမှကောင်းစွာပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းစာအပြင် အားကစား၊ အနုပညာ၊ အထွေထွေဗဟုသုတ စသည်တို့ကိုလည်း တတ်မြောက်အောင် သင်ကြားလေ့ကျင့်သွားစေလိုကြောင်း၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူတော်လူကောင်းများ ဖြစ်လာရန် မိဘများ၊ တာဝန်ရှိသူများက အမြဲတမ်းစောင့်ကြည့် ကြပ်မတ်ပံ့ပိုးပေးသွားရန်လိုအပ်ကြောင်း၊ မိမိမိသားစုအတွက်လည်းကောင်း၊ နိုင်ငံအတွက်လည်းကောင်း အားကိုးအားထားပြုရမည့် ပညာတတ်များဖြစ်အောင် ရည်မှန်းချက်ထားကြိုးစားသွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ၏ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာများပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသား၊ ကျောင်းသူများ၏ဝန်ထမ်းမိဘများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၂၁

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## တပ်ကုန်းမြို့နယ်ရှိ လျှော်ဘေးကြောင့်ပြိုကျခဲ့သည့် နေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်

နေပြည်တော် မေ ၂၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ငလျင်ဘေးကြောင့် ပြိုကျခဲ့သည့်နေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမှာစကားပြောကြားပြီး ငလျင်ဘေးဖြစ်ပွားမှုကြောင့်နေအိမ်ပြိုကျပျက်စီးခဲ့သည့်လူနေအိမ် ၁၅၇ လုံးအတွက် ထောက်ပံ့ငွေ၊ စားသောက်ဖွယ်ရာပစ္စည်းများနှင့်ကယ်ဆယ်ရေးပုံးများပေးအပ်၍ တာဝန်ရှိသူများက ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ်၊ မကျီးပင် အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုနှင့် ကျောင်းအိပ်ကျောင်းစားထားရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်သည်။

ယင်းနောက် တပ်ကုန်းမြို့မဈေးသို့ ရောက်ရှိပြီး ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ဈေးဆိုင်ခန်းများ ဖယ်ရှားရှင်းလင်းထားရှိမှုကို လည်းကောင်း၊ တပ်ကုန်းမြို့ ပြည်ထောင်စုလမ်းမကြီးဘေးနှင့် ဗိုလ်မင်းရောင်ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် တူးဖော်ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့ စုပေါင်းရုံးတွင်ကျင်းပသည့် ငလျင်ဘေးကြောင့်ပြိုကျခဲ့သော နေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားကာ ပျဉ်းမနားမြို့နယ်အတွင်းပြိုကျခဲ့သည့် လူနေအိမ် ၄၁၄ လုံးအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှပေးအပ်သော လူနေအိမ်တစ်လုံးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၄၁၄ သိန်းကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများနှင့်ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး ပါဝင်သောပုံးများပေးအပ်ခဲ့ပြီး ငလျင်ဘေးသင့်ပြည်သူများအားထောက်ပံ့ငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည်နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများအတွက် ထမင်းဘူးများလှူဒါန်းပေးသော မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စားလှယ်များအား ဂုဏ်ပြုနှုတ်ဆက်ပွဲ အခမ်းအနားတက်ရောက်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စားလှယ်များအား ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကြောင်း သိရသည်။

မြဝတီ

## ငလျင်ဒဏ်သင့်ခဲ့သည့်ဝန်ထမ်းများ ယာယီဘာရှာလိုင်းခန်းများတွင် ပြောင်းရွှေ့နေထိုင်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုးသည် ဒုတိယဝန်ကြီးဦးမြင့်စိုးနှင့်အတူ ယနေ့ညနေပိုင်းတွင်ငလျင်ဒဏ်သင့်ခဲ့သည့် ဝန်ထမ်းများအတွက် တည်ဆောက်ပြီးစီးခဲ့သည့် ယာယီဘာရှာလိုင်းခန်းများတွင် ပြောင်းရွှေ့နေထိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုပိုင် ဘက်စုံသုံးခြံသို့ရောက်ရှိ၍ ဘက်စုံခြံအတွင်း သမဝါယမအသင်းစုပိုင်မြေပေါ်တွင် တိရစ္ဆာန်အစာတောင့်စက်ရုံ တည်ဆောက်မည့်မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပျဉ်းမနားမြို့ မြောက်လွှတ်ကုန်းရှိစက်ယန္တရားသိုလှောင်ရုံဝင်းအတွင်း၊ ဇမ္ဗူသီရိမြို့နယ်ရှိ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းရုံးမြေနေရာ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ကားပါကင်အတွင်း၊ ဝန်ကြီးဌာနပိုင်မြေနေရာတို့၌ ပြည်ထောင်စုဝန်ကြီးရုံး၊ သမဝါယမဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့မှ ငလျင်ဒဏ်သင့်အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ နေထိုင်နိုင်ရေး တည်ဆောက်ပြီးစီးခဲ့သည့် ယာယီဘာရှာလိုင်းခန်းများတွင်ပြောင်းရွှေ့နေထိုင်နေမှုအခြေအနေများနှင့် ရေ၊ မီး၊ မိလ္လာစနစ်များဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ Fabricated Modular House များနေရာချထားမှုနှင့် တပ်ဆင်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျဖြစ်စေရေးဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့်ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုများ ယာယီဘာရှာအဆောက်အအုံများသို့ ပြောင်းရွှေ့နေရာချထားမှု အခြေအနေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကြည့်ရှုစစ်ဆေး

နေပြည်တော်   မေ   ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်  နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးမြေဧရိယာအတွင်း ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို ဝန်ကြီးဌာန အင်ဂျင်နီယာအဖွဲ့၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ယာယီဘာရှာအဆောက်အအုံများသို့ ပြောင်းရွှေ့နေရာချထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယာယီဘာရှာအဆောက်အအုံများတွင် နေထိုင်သည့်ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများ သောက်ရေသန့်ရရှိရေးအတွက် ရေသန့်စက်နှင့် ကျောက်စိမ်းအိမ်ရာ ယာယီဘာရှာအဆောက်အအုံအသစ်တို့ကို အမွှေးနံ့သာများ ပက်ဖျန်းဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုဝင်များ ပြောင်းရွှေ့နေထိုင်မှုကို ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက ယာယီအဆောက်အအုံများတွင် နေထိုင်ကြသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ အနေဖြင့် ရေ၊ မီး၊ မိလ္လာများကို စည်းကမ်းရှိရှိ သုံးစွဲကြရန်၊ စွန့်ပစ်ပစ္စည်းများ သတ်မှတ်နေရာများ၌ စနစ်တကျစွန့်ပစ်ကြရန်၊ မိုးရာသီကျရောက်လာပြီဖြစ်သည့်အတွက် ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် နေထိုင်စားသောက်မှုများကို ကျန်းမာရေးအသိ၊ သတိဖြင့် အထူးအလေးထားပြုမှု နေထိုင်ကြရန်၊ ယာယီအဆောက်အအုံအတွင်း ထုတ်ပြန်ထားရှိသည့် စည်းကမ်းချက်များနှင့်အညီ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ရိုင်းပင်းကူညီနေထိုင်သွားကြရန်၊ ယာယီအဆောက်အအုံဧရိယာအတွင်းရေမဝပ်စေရေးအတွက် ဆောင်ရွက်ထားရှိသည့် ရေနုတ်မြောင်းများပိတ်ဆို့မှု မရှိစေရေးနှင့် သန့်ရှင်းသပ်ရပ်သာယာလှပရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားကာ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လိုအပ်ချက်ရှိသည်များကိုမေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယာယီအဆောက်အအုံများအတွင်း ဝန်ထမ်းမိသားစုများ၏ပြောင်းရွှေ့နေထိုင်စားသောက်နေမှု၊ လျှပ်စစ်မီးတပ်ဆင်ထားရှိမှု၊ ရေချိုးခန်း၊ အိမ်သာများ စနစ်တကျဆောင်ရွက်ထားရှိမှု၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်နိုင်ရေးအတွက် အမှိုက်ကန်များဆောင်ရွက်ထားရှိမှုနှင့် ယာယီအဆောက်အအုံများ အပြီးသတ်ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။**မြဝတီ**



# မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်(၃၀)ပြည့် ပုလဲရတုနှစ်ပတ်လည် အခမ်းအနားကျင်းပ





နေပြည်တော်   မေ   ၂၁

မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ နှစ်(၃၀)ပြည့် ပုလဲရတုနှစ်ပတ်လည် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး Lotte Hotel ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း နာယကများနှင့် ဥက္ကဋ္ဌ၊ အကြံပေးများ၊ အလုပ်အမှုဆောင်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဘက်စုံထူးချွန်၍ စွမ်းရည်ပြည့်ဝသော မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းကြီးအနေဖြင့် အခြေခံအုတ်မြစ်ကောင်းများစွာမှ ယခုနှစ်(၃၀)တိုင်မှသည် နောင်နှစ်ရာချီထောင်ပေါင်းများစွာ မြန်မာအမျိုးသမီးထုကြီးအတွက် အောင်မြင်စွာလုပ်ဆောင်လမ်းပြဆောင်ရွက်ရပ်တည်ပေးနိုင်သော နိုင်ငံ့ဂုဏ်ဆောင်အသင်းကြီးအဖြစ် အောင်မြင်မှုများစွာရရှိပါစေကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အထွေထွေအတွင်းရေးမှူးက ၂၀၂၄-၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာကိုလည်းကောင်း၊ အသင်းကြီး၏ဘဏ္ဍာရေးမှူးက ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ၂၀၂၃-၂၀၂၅ အလုပ်အမှုဆောင်သက်တမ်း၏ ရွေးချယ်တင်မြှောက်ရေးကော်မရှင်အတွင်းရေးမှူးက ရွေးချယ်တင်မြှောက်ခံရသော ၂၀၂၅-၂၀၂၇ အလုပ်အမှုဆောင်အဖွဲ့ အမည်စာရင်းအား ဖတ်ကြားတင်ပြခန့်အပ်ခြင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ ၂၀၂၃-၂၀၂၅ အလုပ်အမှုဆောင်သက်တမ်း၏ဥက္ကဋ္ဌက ၂၀၂၅-၂၀၂၇ အလုပ်အမှုဆောင်သက်တမ်း၏ ဥက္ကဋ္ဌအား အသင်းကြီး၏လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးအပ်ခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လှိုင်မြို့နယ် အမှတ်(၂၄)အကြီးစားစက်ရုံ(ဒဂုံ) ကြီးကြပ်မှုအောက်ရှိ လျှပ်စစ်နှင့် မော်တာအလုပ်ရုံသို့ရောက်ရှိပြီး ရွှေကသာကုမ္ပဏီလီမိတက်မှ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု(PPP)ဖြင့် ဆိုလာများထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ(အင်းစိန်)သို့ရောက်ရှိပြီး ဘဏ္ဍာရေးနှစ်အတွင်း ဝန်ကြီးဌာနများမှ အမှာစာဖြင့်မှာယူထားသည့်ဆေးဝါးများအား အချိန်မီပေးသွင်းနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# မြန်မာနိုင်ငံလျှပ်စစ်သုံးယာဉ်များ၏ ဘက်ထရီစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာမူဝါဒ(မူကြမ်း) ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော်   မေ   ၂၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ မြန်မာနိုင်ငံလျှပ်စစ်သုံးယာဉ်များ၏ ဘက်ထရီစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒ(မူကြမ်း) ညှိနှိုင်းဆွေးနွေးပွဲ(၁/၂၀၂၅)ကို ယမန်နေ့က အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) စုဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဦးဆောင်ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံလျှပ်စစ်သုံးယာဉ်များ၏ ဘက်ထရီစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒ(မူကြမ်း)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လေ့လာချက်များအရ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်၌ မူဝါဒကိုချမှတ်ထားမှသာလျှင် လျှပ်စစ်သုံးယာဉ်မှထွက်လာမည့် ဘက်ထရီစွန့်ပစ်ပစ္စည်းများမှာ ပြည်သူနှင့် သဘာဝပတ်ဝန်းကျင်မထိခိုက်အောင် နောင်အနာဂတ်အတွက် အဓိကကျသောအခြေခံအုတ်မြစ်တစ်ခုချမှတ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်းက မြန်မာနိုင်ငံလျှပ်စစ်သုံးယာဉ် ဘက်ထရီစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာမူဝါဒ(မူကြမ်း) ပေါ်ထွက်လာရေးဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ညွှန်ကြားရေးမှူး ဒေါက်တာလှမျိုးအောင်က သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ အကြံပြုသဘောထားမှတ်ချက်နှင့်စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်ချက်များကို ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက မြန်မာနိုင်ငံလျှပ်စစ်သုံးယာဉ်များ၏ ဘက်ထရီစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒ(မူကြမ်း)နှင့် စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်လိုသည်များကို အကြံပြုဆွေးနွေးကြကြောင်းသိရသည်။

**မြဝတီ**

# တက်ကြွရွှင်လန်းအပြုံးပန်းနှင့် အနာဂတ်နိုင်ငံတော်ကိုအလှဆင်ကြစို့

ဘုန်းမောင်ဝင်း(ဖျာပုံ)

အချိန်သည်အလွန်ပင်တန်ဖိုးရှိလှသည်။ အချိန်ကို တန်ဖိုးရှိစွာ အသုံးပြုသူများအတွက် အချိန်က ကောင်းစွာဖြည့်ဆည်းပေးသည်။ လူ့ဘဝဆိုသည်မှာ တစ်သမတ်တည်းရပ်တည်နေသည်မဟုတ်ပေ။ လူငယ်လူရွယ်မှ လူကြီးအရွယ်သို့ တဖြည်းဖြည်း ကူးပြောင်းနေကြရသည်။ လူငယ်အရွယ်တွင် အချိန်ကိုတန်ဖိုးထားပြီး ပညာပြည့်ဝနှလုံးလှသူများဖြစ်အောင်ကြိုးစားထားသူများသည် လူကြီးအရွယ်တွင် မိမိနှင့်ထိုက်တန်သော အဆင့်အတန်းကိုရရှိကြသည်။ လူငယ်အရွယ်တွင်အသိပညာ၊ အတတ်ပညာများပြည့်ဝအောင် ဖြည့်ဆည်းထားနိုင်မည်ဆိုပါက နောင်အနာဂတ်တွင် အရေးပါအရာရောက်သူတစ်ဦးဖြစ်လာမည်မှာအမှန်ပင်ဖြစ်သည်။ လူငယ်ဘဝတွင် အချိန်ကိုတန်ဖိုးထား၊ အကျိုးရှိအောင်အသုံးပြုပြီး သိချင်စိတ်၊ တတ်ချင်စိတ်ဖြင့် လေ့လာနေကြရမည်ဖြစ်သည်။ ထိုသို့ လေ့လာသောလူငယ်များကို မြင်တွေ့ရသည်မှာကြည်နူးဖွယ်ဖြစ်သည်။

နွေရာသီကျောင်းပိတ်ရက်သည် တစ်နှစ်တာကာလပတ်လုံး စာပေပညာသင်ကြားခဲ့ရသည်များ ခေတ္တနားထားရသည့်အချိန်ဖြစ်သည်။ ထိုအချိန်သည် ဗဟုသုတဖြည့်ဆည်းလိုသူများအတွက် ကောင်းသည့် အချိန်အပိုင်းအခြားဖြစ်သည်။ တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)မှတာဝန်ရှိသူများသည် နှစ်စဉ်နွေရာသီကျောင်းပိတ်ရက်၌ လူငယ်များအတွက် ရေကြောင်းလူငယ်သင်တန်းများ၊ လေကြောင်းလူငယ်သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ၂၀၂၅ ခုနှစ်အတွက် ရေကြောင်းလူငယ်သင်တန်းများနှင့် လေကြောင်းလူငယ်သင်တန်းများကို ဧပြီလ ၂၂ ရက်မှ မေလ ၂၃ ရက် အထိဖွင့်လှစ်ခဲ့သည်။

**လူငယ်တိုင်းသည် မိမိနိုင်ငံတော်ကို မဖြစ်မနေကာကွယ်ကြရမည့်သူများ၊ စောင့်ရှောက်ကြရမည့်သူများဖြစ်၊ ဘိုးဘွားများရယူပေးထားသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာမဆုံးရှုံးစေရေးမှာ လူငယ်များလက်ဆင့်ကမ်းသယ်ပိုးထမ်းဆောင်ရမည့်တာဝန်ဖြစ်၊ ထို့အတွက် ယခုကဲ့သို့ နွေရာသီကျောင်းပိတ်ရက်အချိန်ကာလများအတွင်း လူငယ်များအား သိသင့်သိထိုက်သောရေကြောင်းဆိုင်ရာပညာရပ်များ၊ လေကြောင်းဆိုင်ရာပညာရပ်များ သင်ကြားပို့ချပေးခြင်းမှာ နိုင်ငံတော်နှင့်လူငယ်များအတွက် ကောင်းကျိုးဖြစ်ထွန်းစေမည်သာဖြစ် . . .**

နိုင်ငံတစ်နိုင်ငံ၏အနာဂတ်ကို အမှန်တကယ်ပိုင်စိုးသူများမှာ ယနေ့လူငယ်များဖြစ်သည်။ ယနေ့လူငယ်နောင်ဝယ်လူကြီးဆိုစကားသည် အစဉ်အမြဲမှန်ကန်သည့်စကားဖြစ်သည်။ လူငယ်တွေကို အကောင်းဆုံးဖြစ်အောင် ပြုစုပျိုးထောင်နိုင်မှသာ အနာဂတ်နိုင်ငံတော်အတွက် စိတ်ချရမည့်အနေအထားဖြစ်သည်။ လူငယ်များ၏အခန်းကဏ္ဍကို စဉ်ဆက်မပြတ်သတိထားကာ မြှင့်တင်နိုင်သမျှမြှင့်တင်ပေးနေရမည်ဖြစ်သည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ လူငယ်များအား ပညာပြည့်ဝနှလုံးလှအောင်ပျိုးထောင်ပေးခြင်းဖြစ်သည်။ လူငယ်မှန်သမျှသည် နိုင်ငံတော်အတွက် အဖိုးတန်အရင်းအနှီးများဖြစ်သည်။ ထိုအရင်းအနှီးများကို တိုးပွားအောင်လုပ်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု



ပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေးဟူသော ဦးတည်ချက်များမှာ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များကို အရည်အသွေးပြည့်ဝထက်မြက်လာစေရန် ဦးတည်ချက်ထားဆောင်ရွက်နေခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံအတွက် အဓိကကျလှသော နိုင်ငံတော်ကာကွယ်ရေးကဏ္ဍတွင် လူငယ်များ၏ စွမ်းအားများလည်း ပါဝင်ရမည်ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရာတွင် နိုင်ငံတော်ကာကွယ်ရေးအင်အားမြင့်မားနေမှလည်း လုပ်ဆောင်သမျှလုပ်ငန်းများ လွယ်ကူချောမွေ့အဆင်ပြေမည်ဖြစ်သည်။ လူငယ်တိုင်းသည် မိမိနိုင်ငံတော်ကို မဖြစ်မနေကာကွယ်ကြရမည့်သူများ၊ စောင့်ရှောက်ကြရမည့်သူများဖြစ်သည်။ ဘိုးဘွားများရယူပေးထားသော လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာမဆုံးရှုံးစေရေးမှာ လူငယ်များလက်ဆင့်ကမ်းသယ်ပိုးထမ်းဆောင်ရမည့်တာဝန်ဖြစ်သည်။ ထို့အတွက် ယခုကဲ့သို့ နွေရာသီကျောင်းပိတ်ရက်အချိန်ကာလများအတွင်း လူငယ်များအား သိသင့်သိထိုက်သော ရေကြောင်းဆိုင်ရာပညာရပ်များ၊ လေကြောင်းဆိုင်ရာပညာရပ်များသင်ကြားပို့ချပေးခြင်းမှာ နိုင်ငံတော်နှင့်လူငယ်များအတွက် ကောင်းကျိုးဖြစ်ထွန်းစေမည်သာဖြစ်သည်။

အနာဂတ်တွင် တပ်မတော်(ရေ)သည် မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်အထိ အပြည့်အဝကာကွယ်နိုင်သော သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်ရေတပ်(Three Dimensional Combat Ready Navy) အဆင့်သို့ တက်လှမ်းရန် အခိုင်အမာ မျှော်မှန်းဖော်ဆောင်လျက်ရှိ၏။ တပ်မတော်(ရေ)ကို တိုက်ပွဲဝင်အသင့်ဖြစ်စေရေးအတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့်လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှုဟူသည့်အသင့်ဖြစ်မှု(၃)ရပ်နှင့်ပြည့်စုံအောင် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်ကို ပင်လယ်ပြင်မှ ရှေ့တန်းကျကျကာကွယ်ရေး၊ နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရေးနှင့် ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်နိုင်စွမ်းရှိရေးဆိုသည့် ရည်မှန်းချက်တာဝန်(၃)ရပ်ဖြင့်လည်း မမိုတ်မသုန်အားကောင်းမောင်းသန်ချီတက်လျက်ရှိသည်။

ထိုသို့ချီတက်လျက်ရှိသည်ကို လူငယ်များသိရှိစေချင်သည်။ တပ်မတော်(ရေ)အကြောင်း ပိုမိုပြည့်စုံစွာ လူငယ်များသိရှိစေချင်သည်။ ထို့ကြောင့် လူငယ်များအတွက် တပ်မတော်(ရေ)က ရေကြောင်းလူငယ်စခန်းများဖွင့်လှစ်ကာ လူငယ်များကို ရေကြောင်းလူငယ်သင်တန်းများဖွင့်လှစ်ပေးနေခြင်းဖြစ်သည်။

ရေကြောင်းလူငယ်သင်တန်းသားများအနေဖြင့် မိမိနိုင်ငံရှိ တပ်မတော်(ရေ)နှင့်ပတ်သက်သည့် ဂုဏ်ယူဖွယ်ရာအကြောင်းအချက်များကိုသိရှိကာ တပ်မတော်(ရေ)အပေါ်စိတ်ဝင်စားလာကြမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ကမ်းရိုးတန်းသည် ရေမိုင် ၁၂၆၀ ရှည်လျားပြီး ကျွန်းပေါင်း ၁၄၀၀ ကျော်ရှိသည်။ ရေပေါ်ရေအောက်အဖိုးတန်သယံဇာတများ၊ ပင်လယ်ကမ်းရိုးတန်းသဘာဝအလှတရားများစွာတို့ဖြင့် ပြည့်နှက်လျက်ရှိသည်။ မြန်မာ့ပိုင်နက်ပင်လယ်ပြင်ကို ကာကွယ်နိုင်ရေးအတွက် တပ်မတော်(ရေ)ကို ခေတ်မီအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်လာစေရေး စဉ်ဆက်မပြတ်တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။

တပ်မတော်(ရေ)တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်က ၁၃၅ မီတာဖရီးဂိတ်စစ်ရေယာဉ်ကြီး အမည်ပေးခြင်းနှင့်ရေချပေးခြင်း၊ ၆၃ မီတာ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ် နှစ်စင်းအား တပ်တော်ဝင်ခြင်းများ ဆောင်ရွက်ခဲ့သည်။ တပ်မတော်(ရေ)အနေဖြင့် မြစ်တွင်းသွားရေယာဉ်များမှ ဖရီးဂိတ်စစ်ရေယာဉ်ကြီးများအထိ အဆင့်ဆင့်တိုးမြှင့်တည်ဆောက်နိုင်ခဲ့သည်။ “ရေတပ်၏တိုက်စွမ်းအားသည် စစ်ရေယာဉ်ဖြစ်သည်” ဟူသည့် ဆောင်ပုဒ်နှင့်အညီ ခေတ်မီစစ်ရေယာဉ်အသစ်များကိုတည်ဆောက်နိုင်ပြီဖြစ်၍ ယခင်ကဝယ်ယူအသုံးပြုသူအဆင့်မှ ယခုအခါ ကိုယ်တိုင်တည်ဆောက်သူအဆင့်သို့တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ တပ်မတော်(ရေ)အနေဖြင့် မြန်မာ့ပင်လယ်ပြင်နှင့်ဆက်စပ်ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့်ရေတပ် (Adjacent Force Projection Navy/ Regional Navy) အဖြစ်သို့တက်လှမ်းနိုင်ရေးအတွက် စစ်ရေယာဉ်ကြီးများ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ပြီဖြစ်သည်။

နိုင်ငံတော်အတွက် တပ်မတော်မရှိမဖြစ်လိုအပ်သလို တပ်မတော်အတွက် တပ်မတော်(ရေ)၊ တပ်မတော်(လေ)တို့သည် မရှိမဖြစ်အရာများဖြစ်သည်။ တပ်မတော်(လေ)၏သမိုင်းကိုပြန်ကြည့်မည်ဆိုပါက အခက်အခဲများကြားမှ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ဓွဲသတ္တိတို့ကိုအရင်းခံပြီး ရှိသည့်လေယာဉ်၊ ရှိသည့်လက်နက်ဖြင့် ရည်မှန်းချက်အောင်မြင်အောင် ကြိုးစားတိုက်ပွဲဝင်ခဲ့သည်မှာ ထင်ရှားသောသမိုင်းမှတ်တမ်းများဖြစ်သည်။ ပြည်ပကျူးကျော်မှုနှင့်ကြုံနေချိန်တွင် တပ်မတော်(လေ)မှ လေသူရဲဗိုလ်ပီတာ၏ သက်စွန့်ဆံဖျားတိုက်ပွဲဝင်ခဲ့သည့် လေကြောင်းတိုက်ပွဲသည် နိုင်ငံအတွက် **စာမျက်နှာ ၁၄ သို့ ●**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၅-၂၀၂၅ ( ကြာသပတေးနေ့ )

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများ သိစေချင်
၃။ ၀၉:၀၀ မြဝတီနေ့စဉ်သတင်း
၄။ ၁၀:၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅။ ၁၁:၀၀ လူတိုင်းကျန်းမာသိမှတ်စရာ
၆။ ၁၂:၀၀ မွေးမြူသုတ
၇။ ၁၃:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၈။ ၁၄:၀၀ ပန်းပေါင်းစုံစွာအနုပညာ
၉။ ၁၅:၀၀ ဇာတ်လမ်းတို
၁၀။ ၁၆:၀၀ နိုင်ငံတကာသတင်း
၁၁။ ၁၇:၀၀ ကျင့်ကြံပွားများလိုက်နာစရာ(၃၈)မင်္ဂလာ
၁၂။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ၁၉:၀၀ **The Unknown War အပိုင်း(၁၈)**

☆ **စာမျက်နှာ ၁၅ မှအဆက်**

စာတွေ့၊ လက်တွေ့သင်ကြားခွင့်ရရှိခဲ့ပြီး ဒေသအသီးသီးမှ လူငယ်မောင်မယ်များနှင့် တစုတစည်းတည်း တွေ့ဆုံခွင့်ရရှိသည့်အတွက် နိုင်ငံတော်အကြီးအကဲနှင့်တကွ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုသင်တန်းများမှရရှိခဲ့သည့် အသိပညာဗဟုသုတများသည် မိမိတို့လူငယ်မောင်မယ်များ ဆက်လက်လျှောက်လှမ်းကြရမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာမှ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ အထောက်အကူပြုသွားမည်ဖြစ်သည်ဟုလည်း ယုံကြည်ပါကြောင်း၊ မိမိတို့လူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတော်အကျိုးစီးပွားအတွက် ထိရောက်စွာ စွမ်းဆောင်ပေးနိုင်သော တက်ကြွသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် အစဉ်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ကျေးဇူးတင်စကားများ အသီးသီး ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြောင်းနှင့်လေကြောင်း လူငယ်မောင်မယ်များကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခြေခံနှင့်တန်းမြင့်ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများနှင့်အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များသည် ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားသို့မတက်ရောက်မီ ဇေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်မှထုတ်လုပ်သည့် လက်နက်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)တွင် ဝတ်ဆင်အသုံးပြုနေသည့် ဝတ်စုံအမျိုးမျိုး၊ မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများ၊ တပ်မတော်(ရေ)မှထုတ်လုပ်သည့် ရေယာဉ်များ၏ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာအသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုနေသည့် လေယာဉ်နှင့်ရဟတ်ယာဉ်များ၏ ပုံစံငယ်များ၊ လေသူရဲများ၏ ဝတ်စုံများနှင့်အသုံးအဆောင်ပစ္စည်းများ၊ Simulator ဖြင့် လေယာဉ်ပျံသန်းမှုသရုပ်ပြကွက်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

● **စာမျက်နှာ ၁၃ မှအဆက်**

မော်ကွန်းတင်ထိုက်သည့်သမိုင်းဖြစ်သည်။ လေကြောင်းနှင့် အာကာသစွမ်းအားသည် စစ်ပွဲအောင်နိုင်ရေးအတွက် အဓိကအရေးပါသည့်အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

လေကြောင်းစွမ်းအားသာလွန်မှုသည် ရန်သူအပေါ်လွှမ်းမိုးထိန်းချုပ်နိုင်ပြီး မိမိတပ်ဖွဲ့များ၏စိတ်ဓာတ်နှင့် တိုက်စွမ်းရည်ပိုမိုအားကောင်းတိုးတက်စေသည်။ နည်းပညာတိုးတက်မှုသည် စဉ်ဆက်မပြတ်ပြောင်းလဲဖြစ်ပေါ်နေသည့်အတွက် **လေ့လာ၊ လေ့ကျင့်၊ လိုက်နာ** ဟူသည့်လုပ်ငန်းစဉ်အတိုင်း အမြဲမပြတ်ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်က ဆောင်ရွက်အကောင်အထည်ဖော်နေသည့် နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် တပ်မတော်(လေ)အနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ကို ထိထိရောက်ရောက်ကာကွယ်စောင့်ရှောက်နိုင်သည့် စွမ်းရည်မြင့်မားသော ခေတ်မီတပ်မတော်(လေ)အဖြစ် အစဉ်ရပ်တည်နိုင်အောင် တည်ဆောက်လျက်ရှိသည်။

တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) တို့ကို သက်ဆိုင်ရာမြို့နယ် အသီးသီးရှိ ရေကြောင်းလူငယ်စခန်းများ၌ စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၈၀၀ ဦးတို့ဖြင့် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည်။ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) တို့ကို လေကြောင်းလူငယ်စခန်းများ၌ စုစုပေါင်းသင်တန်းသား ၈၀၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည်။

တပ်မတော်(ရေ)ကဖွင့်လှစ်သင်ကြားလျက်ရှိသော ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းသားများသည် မေလ ၁၂ ရက်တွင် စခန်းပေါင်းစုံမှ ရန်ကုန်မြို့ရှိတပ်မတော်(ရေ) လှေလှော်ရွက်တိုက်အသင်း(အင်းလျားကန်)၌ စခန်းပေါင်းစုံရေတပ်သားအချက်ပြဆက်သွယ်ရေးဆိုင်ရာပြိုင်ပွဲများနှင့် လှေလှော်ရွက်တိုက်ပြိုင်ပွဲများကျင်းပသည်။ သင်တန်းအလိုက် လက်ရိုက်အလံအချက်ပြ ပို့/ဖမ်းခြင်း လက်တွေ့ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ လေးယောက်လှော်လှေဝမ်းပြားမီတာ ၅၀၀ ပြိုင်ပွဲနှင့် Optimist ရွက်လှေပြိုင်ပွဲများကျင်းပပေးရာ နေပြည်တော်စခန်းတန်းခွဲ(၁)၊ နေပြည်တော်စခန်းတန်းခွဲ(၂)၊ အင်းယားစခန်း၊ ကိုကိုးကျွန်းစခန်း၊ ဟိုင်းကြီးကျွန်းစခန်း၊ ဘားအံစခန်းနှင့် ကျိုင်းတုံစခန်းစသည့်ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခုတို့မှ သင်တန်းသား၊ သင်တန်းသူများက အသင်းလိုက်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့အတူ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)သင်တန်းများမှ သင်တန်းသားများနှင့် နည်းပြအုပ်ချုပ်သူများသည် လေယာဉ်/ ရဟတ်ယာဉ်များ လိုက်ပါပျံသန်းရန်၊ ပြိုင်ပွဲများကျင်းပရန်၊ လေ့လာရေးခရီးစဉ်များဆောင်ရွက်ရန်၊ စုပေါင်းသင်တန်းဆင်းပွဲအခမ်းအနားကျင်းပရန်နှင့် တပ်မတော်အကြီးအကဲ၏ ဩဝါဒခံယူရန်အတွက် မေလ ၁၁ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေသို့ရောက်ရှိကြသည်။ အဆိုပါလေကြောင်းသင်တန်းသားများအနက် သင်တန်းစခန်းများအလိုက်မှ ထူးချွန်ဆုရသင်တန်းသားများသည် မေလ ၁၂ ရက်တွင် နေပြည်တော်လေတပ်စခန်း၌ လေယာဉ်/ရဟတ်ယာဉ်များလိုက်ပါမပျံသန်းမီ အထွေထွေကျန်းမာရေးစစ်ဆေးခြင်းနှင့် ကြိုတင်လေ့ကျင့်သင်ကြားဆွေးနွေးခြင်းများဆောင်ရွက်ပြီး လေယာဉ်မောင်းသင်ကျောင်းမှ နည်းပြလေသူရဲများနှင့်အတူ အမောင်းသင်လေယာဉ်/ ရဟတ်ယာဉ်များအား လက်တွေ့လိုက်ပါပျံသန်းခြင်းများဆောင်ရွက်ကြသည်။ ယခုအခါ ရေကြောင်းဆိုင်ရာပညာရပ်များ၊ လေကြောင်းဆိုင်ရာပညာရပ်များအား သတ်မှတ်အချိန်ကာလ အတွင်း သင်ကြားပို့ချပေးပြီးဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေလ ၂၁ ရက်က နေပြည်တော်ဇေယျာသီရိဗိမာန်၌ အခြေခံနှင့်တန်းမြင့်ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှသင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။ သင်တန်းသားများ၏ကိုယ်စား သင်တန်းသား၊ သင်တန်းသူနှစ်ဦးမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

လူငယ်များအနေဖြင့် ပညာရှာရမည့်အရွယ်တွင် ပညာရှာဖွေကြခြင်းသည် မှန်ကန်သည့်လုပ်ဆောင်ချက်ဖြစ်သကဲ့သို့ ပညာသင်ယူသည့်နေရာတွင်လည်း စာပေဘာသာရပ်တစ်ခုတည်းကို တတ်မြောက်ထူးချွန်ရုံသာမကဘဲ ပြင်ပစာအုပ်၊ စာပေများကို ဖတ်ရှုခြင်းဖြင့် ဖြန့်ကြက်တွေးခေါ်မြော်မြင်နိုင်မှုရှိအောင်ကြိုးစားကြရမည်ဖြစ်သည်။ သို့မှသာ အဆိုးအကောင်း၊ အကျိုးအကြောင်းခွဲခြားသိမြင်မှုနှင့်အတူ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ကောင်းများဖြစ်လာကြမည်ပင်ဖြစ်သည်။ မိမိတို့တစ်ဦးချင်းစီ၏ မှတ်တမ်းပုံရိပ်ကောင်းများသည် မိမိတို့၏မိဘဆွေမျိုးဂုဏ်ကို ဖော်ဆောင်ခြင်းဖြစ်သကဲ့သို့ မိမိတို့ကျောင်း၊ ရပ်ရွာမှသည် နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဖွယ်ရာမှတ်ကျောက်များပင်ဖြစ်သည်။ ဤသည်မှာ ယမန်နေ့က နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဂုဏ်ပြုအမှာစကားတွင် ကြားသိလိုက်ရသည့်တန်ဖိုးရှိစကားများဖြစ်သည်။ အနစ်ချုပ်ဆိုရသော် လူငယ်မောင်မယ်များအနေဖြင့် တက်ကြွရွှင်လန်းအပြုံးပန်းနှင့် အနာဂတ်နိုင်ငံတော်ကို အလှဆင်နိုင်သူများအဖြစ် ကြိုးစားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ရေကြောင်းတို့လူငယ်



❖ မြန်မာ့ပင်လယ် ကာကွယ်မယ်
ရေကြောင်းတို့လူငယ်။
သိဖွယ် တတ်ဖွယ် ပညာများ
လိုက်နာလို့မှတ်သား။

❖ ကျောင်းသူကျောင်းသား များလူငယ်
တိုင်းပြည်ဂုဏ်မြှင့်မယ်။
လူငယ်နှင့်ပင်လယ် ထိတွေ့ခွင့်
သမီးတို့ သဲတစ်ပွင့်။

❖ သဲပွင့်များစွာ စုစည်းကာ
နိုင်ငံအတွက်ပါ။
နိုင်ငံတော်မှာ တည်တံ့မြဲ
သမီးတို့ တာဝန်ပဲ။

❖ နိုင်ငံ့အကြီးကဲ စေတနာ
သမီးတို့ ဂုဏ်ယူတာ။
လက်ဆယ်ဖြာ ဦးထိပ်ထား
ရှိသေမြတ်လေးစား။

❖ ကတိစကား ပြောချင်တာ
သမီးတို့ ရင်ထဲမှာ။
တစ်နေ့ချိန်ခါ တာဝန်ထမ်း
နိုင်ငံအတွက် မျှော်ရည်မှန်း။
သမီးတို့ စိတ်လန်းဆန်း။ ။

**ငုရီကိုကို**

**ရေကြောင်းလူငယ်တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသူ မငုရီကိုကို ရေးသားသည့်ကဗျာအား ဂုဏ်ပြုဖော်ပြအပ်ပါသည်။**

★ **စာမျက်နှာ ၁၇ မှအဆက်**

အားနည်းခဲ့ကြရကြောင်း၊ ထို့ကြောင့်သမိုင်းအစဉ်အလာကြီးမားသည့် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးခဲ့ရကြောင်း။

မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးသည် မျိုးချစ်လူငယ်များက ခေတ်မီတပ်မတော်တစ်ရပ်ထူထောင်ပြီး ပြည်သူလူထု၏ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းကြိုးပမ်းမှုများကြောင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးအတွက် ပြည်သူများ၊ တပ်မတော်သားများ အသက်၊ သွေး၊ ချွေးများစွာပေးဆပ်ပြီး စွန့်လွှတ်စွန့်စားမှုအပြည့်ဖြင့်ဆောင်ရွက်ခဲ့ကြကြောင်း၊ **လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ကိုလိုနီနယ်ချဲ့များ၏ သွေးခွဲအုပ်ချုပ်မှု စနစ်ဆိုးများ၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် “တိုင်းပြည်ကနုန့်၊ မုန်တိုင်းကထန်ထန်” ဆိုသကဲ့သို့ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများနှင့်ကြုံတွေ့ခဲ့ရ**ကြောင်း၊ **ရက်ပိုင်း၊ လပိုင်းသာရှိသေးသည့် လွတ်လပ်ရေးသစ်ပင်သည် အသီးအပွင့်မမြင်ရသေးခင်မှာပင် အမြစ်ကဆွဲနုတ်ခံရမည့်အဖြစ်မျိုး ကြုံခဲ့ရ**ကြောင်း၊ တပ်မတော်နှင့် ပြည်သူလက်တွဲပြီး ခက်ခက်ခဲခဲလွတ်လပ်ရေးကို ကာကွယ်ခဲ့ရကြောင်း၊ ပြည်တွင်းသောင်းကျန်းမှု၊ ပြည်ပ ကူမင်တန်ကျူးကျော်မှုများ နှိမ်နင်းအပြီးတွင် နိုင်ငံရေးအားနည်းချက်များ၊ ပြည်ပပယောဂများကြောင့် တိုင်းပြည်ပြိုကွဲမည့်အန္တရာယ်နှင့် ကြုံတွေ့ရပြန်ကြောင်း၊ **အမြစ်ကနုတ်ခံရမည့်လွတ်လပ်ရေးသစ်ပင်ကို ခက်ခက်ခဲခဲကြိုးပမ်းကာကွယ်နိုင်ခဲ့ပြီး နောက်ပိုင်းတွင် အပိုင်းပိုင်းဖြတ်မည့်အန္တရာယ်နှင့် ထပ်မံကြုံတွေ့ရခြင်းဖြစ်**ကြောင်း၊ ထို့ကြောင့် အခြေအနေအရပ်ရပ်ကိုသုံးသပ်ပြီး နိုင်ငံရေးစုစည်းညီညွတ်မှု၊ လူမှုရေးနှင့် စီးပွားရေးစည်းလုံးညီညွတ်မှုရရှိစေရေးအတွက် ဗဟိုကွပ်ကဲအုပ်ချုပ်မှုနှင့် နိုင်ငံကို ပြန်လည်စုစည်းတည်ဆောက်ခဲ့ရကြောင်း။

ဗဟိုကွပ်ကဲအုပ်ချုပ်မှုတွင် အားနည်းချက်များရှိသကဲ့သို့ အားသာချက်များလည်း ရှိခဲ့ကြောင်း၊ စုစည်းသည့်နိုင်ငံရေးစနစ်ကို တည်ဆောက်နိုင်ခဲ့သော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် အားနည်းခဲ့ကြောင်း၊ ထိုအပေါ်တွင် အခွင့်ကောင်းယူပြီး ပြည်တွင်း ပြည်ပအဖျက်သမားများသည် နှစ်ရှည်လများ နည်းအမျိုးမျိုးဖြင့် ထိုးနှက်တိုက်ခိုက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ရယူခဲ့ရပြီး ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို တည်ငြိမ်အေးချမ်းစွာ ကူးပြောင်းနိုင်ရန် တည်ဆောက်ဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုနေရာတွင် သတိပြုမိရန်ကလည်း ပြည်ပ၏ပယောဂပင်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန်ကတည်းက မတည်မငြိမ်ဖြစ်အောင်စဉ်ဆက်မပြတ်လုပ်ဆောင်လာခဲ့သည့် အဆိုပါအင်အားစုများနှင့်၎င်းတို့၏အဆက်အနွယ်များကပင် အဆိုပါကိစ္စကိုနှုတ်ကြောင်းပေး ဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ အချိန်မရွေးဝင်ရောက်စွက်ဖက်၍ ကောင်းစေရန် ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယင်းကိုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ **အဖျက်သမားများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ထိန်းသိမ်းထားသည့် မြန်မာနိုင်ငံ၏နိုင်ငံရေးဟန်ချက်ညီမှု၊ လူမှုစီးပွားဘဝဟန်ချက်ညီမှုများကို သိရှိကြကြောင်း၊ အဆိုပါဟန်ချက်ညီမှုများကို ဖျက်ဆီးနိုင်မှသာ ၎င်းတို့၏ယုတ်မာသည့် နိုင်ငံတော်ပြိုကွဲစေရေးအကြံအစည်များနှင့် ဒေသအတွင်းမြန်မာကိုတည်ကြက်ထားပြီး ၎င်းတို့ထိန်းချုပ်လိုသည့်နိုင်ငံများကို ထိန်းချုပ်လိုသည့် အကြံအစည်များအား အကောင်အထည်ဖော်နိုင်မည်ကို သိရှိကြကြောင်း၊ ယင်းကို ၎င်းတို့စဉ်ဆက်မပြတ်ဆောင်ရွက်နေကြသည်ကို မိမိတို့နိုင်ငံသားများအားလုံးက သိရှိသတိရှိကြရမည်ဖြစ်ကြောင်း။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အဖြစ် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်အဖြစ် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးတို့ကို ချမှတ်ထားကြောင်း၊ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းသည့်နေရာတွင် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတုန်းကကဲ့သို့ သမိုင်းတွင်အရုပ်ဆိုးအကျည်းတန်သည့် အဖြစ်မျိုးများ၊ ရွေးကောက်ပွဲမတိုင်မီကာလတွင် **ကျေးဇူးသစ္စာကို စောင့်သိကြရမည့်တာဝန်ဝတ္တရားရှိ**ကြကြောင်း၊ အလားတူ မိမိအပေါ်ပြုဖူးသည့် ကျေးဇူးမှန်သမျှကိုလည်း အစဉ်အသိအမှတ်ပြုနိုင်မှသာ လူပီသပြီး လူ့အဖွဲ့အစည်းက အသိအမှတ်ပြုခံရသည့် လူသားများ ဖြစ်လာကြမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ရာမှတစ်ဆင့် ရရှိခဲ့သည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှုများကို ဆက်လက်မွေးမြူပြီး ပြည်ထောင်စုစိတ်ဓာတ်ကိုမွေးမြူကြရန်၊ နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များ မွေးမြူလည်း ဒီမိုကရေစီအမည်ခံဥပဒေမဲ့ လုပ်ဆောင်မှုများ၊ အာဏာရှင်ဆန်ဆန် လုပ်ဆောင်မှုများကြောင့် တိုင်းပြည်၏ စည်းလုံးညီညွတ်မှု၊ ဟန်ချက်ညီရပ်တည်မှုများပြိုကွဲမည့်အဖြစ်များ ထပ်မံမဖြစ်ပေါ်စေရေး လုပ်ဆောင်ကြရန်လိုအပ်ကြောင်း၊ ထို့ကြောင့် **နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံ၏သမိုင်းဖြစ်ရပ်မှန်များကိုသိရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ဦးဆောင်လူငယ်များအဖြစ်ပါဝင်ကြရန်လို**ကြောင်း။

တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုသည့်စကားနှင့်အညီ **ဒီမြေမှာမွေး၊ ဒီမြေမှာကြီးပြင်းကြသူများသည် နိုင်ငံတော်၏** နေချိန်တွင် သင်ယူခဲ့သည့်ပညာရပ်များ၏ အခြေခံသဘောတရားများမှစူးစမ်းလေ့လာမှုများပြုလုပ်ပြီး တိုးတက်အောင်မြင်အောင် ထပ်မံကြိုးစားသွားကြရန်၊ မှန်ကန်သည့် အသိအမြင်များရရှိစေရန် စာကောင်းပေမွန်များကိုဖတ်ရှုပြီး မိဘဆရာသမားများ၏ အဆုံးအမများအတိုင်း လိုက်နာနေထိုင်သွားကြရန်၊ **“ပညာရွှေအိုး လူမခိုး”** ဆိုသည့်အတိုင်း ပြောင်းလဲတိုးတက်နေသည့် ပညာခေတ်တွင်ပညာကိုတစိုက်မတ်မတ်ရှာဖွေရင်း တစ်ဖက်တွင်လည်း မိမိတို့၏ကျန်းမာရေးအတွက် ဂရုပြုဆင်ခြင်နေထိုင်သွားကြရန်၊ အမိတိုင်းပြည်အပေါ် သစ္စာစောင့်သိရိုသေပြီး သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့်နောင်တစ်ချိန်တွင် နိုင်ငံတော်က အားကိုးအားထားပြုရမည့်မျိုးဆက်သစ်မောင်မယ်များဖြစ်အောင် ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြောင်းနှင့်လေကြောင်းလူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး လူငယ်မောင်မယ်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

၎င်းနောက်ရေကြောင်းလူငယ်သင်တန်းမှ မငုရီကိုကိုနှင့်လေကြောင်းလူငယ်သင်တန်းမှ မသုရတနာအောင်တို့က အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့် လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅)တို့တွင် တက်ရောက်သင်ကြားခဲ့ရသည့် ရေကြောင်း၊ လေကြောင်းဆိုင်ရာ အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် ဗဟုသုတများနှင့် အကျိုးကျေးဇူးများကို ဦးစွာရှင်းလင်းပြောကြားကြသည်။

ထို့နောက်မိမိတို့ရေကြောင်း၊ လေကြောင်း လူငယ်မောင်မယ်များအနေဖြင့် နွေရာသီအားလပ်ရက်ကာလများတွင် အနာဂတ်နိုင်ငံတော်အကျိုး ဖြစ်ထွန်းစေမည့် ပညာရပ်များကို **စာမျက်နှာ ၁၄ သို့** ★



ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များ တပ်မတော်(ရေ)မှထုတ်လုပ်သည့် ရေယာဉ်များ၏ပုံစံငယ်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းပြသစဉ်။



ရေကြောင်းနှင့်လေကြောင်းလူငယ်မောင်မယ်များ တပ်မတော်(လေ)တွင်အသုံးပြုနေသည့် လေယာဉ်နှင့် ရဟတ်ယာဉ်များ၏ ပုံစံငယ်များကို စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းပြသစဉ်။



ရေကြောင်းနှင့်လေကြောင်းလူငယ်မောင်မယ်များ ရေတပ်ဆိုင်ရာအသုံးအဆောင်ပစ္စည်းများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းပြသစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခြေခံနှင့်တန်းမြင့်ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

★ ရှေ့ဖုံးမှအဆက်

ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူ နည်းပြများအား တွေ့ဆုံအမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်မောင်မယ်များ၊ အုပ်ချုပ်သူနည်းပြများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နှစ်စဉ်နွေရာသီကျောင်းပိတ်ရက်ရှည်ကာလတွင် မိမိတို့၏ကိုယ်ပိုင်အချိန်များကိုအကျိုးမဲ့မဖြစ်စေဘဲ မိမိအတွက်သော်လည်းကောင်း၊ တိုင်းပြည်အတွက်သော်လည်းကောင်း အကျိုးရှိစေသည့် ရေကြောင်း၊ လေကြောင်းပညာရပ်ဆိုင်ရာ လူငယ်သင်တန်းအသီးသီးကို လေ့လာသင်ယူတက်ရောက်ခဲ့ကြသည့် နိုင်ငံတစ်ဝန်းမှ မောင်မယ်များနှင့်တွေ့ဆုံပြီး ဂုဏ်ပြုအမှာစကား ပြောကြားခြင်းဖြစ်ကြောင်း။

ယခုသင်တန်းများကို ၂၀၁၄ ခုနှစ်၌ စတင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအထိ သင်တန်း ၉ ကြိမ် ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ သင်တန်းစတင်ဖွင့်လှစ်ချိန်တွင် သင်တန်းသားတစ်ဦးကို သင်တန်းတစ်ကြိမ်သာ တက်ရောက်နိုင်ရန် စီစဉ်ခဲ့သော်လည်း နောက်ပိုင်းတွင် သင်တန်းတက်ရောက်ပြီး လူငယ်များ၊ သင်တန်းမတက်ရသေးသည့် လူငယ်များ၏ ထက်သန်သည့်စိတ်ပါဝင်စားမှုနှင့် တင်ပြမှုများကြောင့် သင်တန်းတက်ရောက်ပြီး လူငယ်များကို နောက်နှစ်တွင်သင်တန်းဆက်တက်နိုင်ရန် တန်းမြင့်သင်တန်းများကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ထို့ကြောင့် ယနေ့အထိ အခြေခံရေကြောင်း၊ လေကြောင်းလူငယ်သင်တန်း ၉ ကြိမ်၊ သင်တန်းသား ၈၄၄၆ ဦး၊ တန်းမြင့်ရေကြောင်း၊ လေကြောင်းလူငယ်သင်တန်း ၈ ကြိမ်၊ သင်တန်းသား ၁၆၄၄ ဦး၊ စုစုပေါင်း လူငယ် ၁၀၀၉၀ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကြောင်းလူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လေကြောင်းလူငယ်မောင်မယ်များက ဂါရဝပြုလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

သင်တန်းဖွင့်လှစ်ရသည့်မူလရည်မှန်းချက်များအောင်မြင်ခဲ့ရုံသာမက သင်တန်းကာလတွင် **နိုင်ငံ၏ဒေသအသီးသီးမှ လူငယ်များသည် သင်တန်းအတူတက်ရောက်ခွင့်၊ အတူပူးပေါင်းဆောင်ရွက်ခွင့်၊ အတွေ့အကြုံဗဟုသုတဖလှယ်ခွင့်များရရှိခဲ့ပြီး စိတ်တူကိုယ်တူ မိတ်ကောင်းဆွေကောင်းများရရှိခဲ့ကြခြင်းသည် တန်ဖိုးမဖြတ်နိုင်သည့်အခွင့်အလမ်းကောင်းတစ်ရပ်ပင်ဖြစ်**ကြောင်း၊ **အဆိုပါမိတ်ကောင်းဆွေကောင်း အသိုက်အဝန်းမှတစ်ဆင့် သူ့မိတ်ဆွေ၊ ကိုယ့်မိတ်ဆွေ အသိုက်အဝန်းများထပ်တိုးပြီး ဖလှယ်ခွင့်ရရှိခြင်းကြောင့် လူငယ်ဘဝ၌ပင် ကျယ်ပြန့်သည့် လူမှုဆက်ဆံရေးနယ်ပယ်များကို ရရှိလာမည်ဖြစ်**ကြောင်း။



ရေကြောင်းလူငယ်သင်တန်းမှ
မငုရီကိုကိုက ကျေးဇူးတင်စကားပြောကြားစဉ်။



လေကြောင်းလူငယ်သင်တန်းမှ
မသုရတနာအောင်က ကျေးဇူးတင်စကားပြောကြားစဉ်။

**မိတ်ဆွေကောင်း၏အရေးပါမှု**

နိုင်ငံတော်ကိုတည်ငြိမ်အေးချမ်းမှုရှိပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိရာတွင် လူငယ်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရေကြောင်းနှင့်လေကြောင်း လူငယ်မောင်မယ်များအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံပြီး မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက အခြေခံနှင့်တန်းမြင့်ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြစဉ်။

အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဦးတည်ချက်(၉)ရပ်တွင်ပြဋ္ဌာန်းထားသည့်လူမှုရေးကဏ္ဍ၌ လူငယ်များနှင့်ပတ်သက်ပြီး **“နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး ”**ဟူ၍ ပြဋ္ဌာန်းပေးထားပြီးဖြစ်ကြောင်း၊ ဗလငါးတန်အနက် မိတ္တဗလဟူသည်မှာ လူရယ်လို့ဖြစ်လာပါက မိတ်ကောင်းဆွေမွန်ရှိရန်လိုအပ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ရိုင်းပင်းကူညီမှု၊ စာနာဖေးမမှု၊ အမှားတွေ့ပါက စေတနာဖြင့် ဝေဖန်ထောက်ပြမှု စသည်တို့သည် မိတ်ဆွေအချင်းချင်းပြုမူပေးတတ်သည့် အလေ့အကျင့်ကောင်းများပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ မိတ်ဆွေကောင်းများကိုပိုင်ဆိုင်ခြင်းအားဖြင့် မိမိတို့ဖြတ်သန်းရမည့် အနာဂတ်ဘဝကို ဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်ကြမည်ပင်ဖြစ်ကြောင်း။

လူတိုင်းတွင်မိတ်ဆွေကောင်းရှိရန်အရေးကြီးသကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် မိမိတို့နိုင်ငံတော်ကြီးသည်လည်း မိတ်ဆွေကောင်းများပိုင်ဆိုင်ထားသည့်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ပြည်တွင်းရေးအခြေအနေများနှင့်ပတ်သက်ပြီး အမှန်တရားဘက်က အရှိအတိုင်းရပ်တည်ပေးသည့်နိုင်ငံများသည် နိုင်ငံတော်၏ မိတ်ဆွေကောင်းများပင်ဖြစ်ကြကြောင်း။

မကြာခင်ကဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကို မောင်တို့မယ်တို့လည်း သိရှိခဲ့ကြပြီးဖြစ်ကြောင်း၊ ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရချိန်တွင် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများလုပ်ကိုင်ပေးရန် ရောက်လာသည့် မိတ်ဆွေကောင်းနိုင်ငံများ၊ ဝမ်းနည်းစာနာကြောင်း သဝဏ်လွှာပေးပို့ခဲ့ကြသည့် နိုင်ငံ့ခေါင်းဆောင်များ၊ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ စားသောက်နေထိုင်ရေးကဏ္ဍစုံတွင် ပံ့ပိုးကူညီပေးကြသည့်အဖွဲ့အစည်းများနှင့်နိုင်ငံများသည် မိမိတို့နိုင်ငံအတွက် မိတ်ဆွေကောင်းများဟုဆိုရမည်ဖြစ်ကြောင်း။

**လူငယ်ဘဝကတည်းက အသိမှန်**
**အတွေးမှန် ရှိကြရန်လို**

စာအုပ်စာပေများသည်လည်း လူသားတို့၏ မိတ်ဆွေများဖြစ်ကြောင်း၊ လူများ၏ စိတ်ကိုနူးညံ့စေသည့် ရသစာပေများ၊ အတွေးအခေါ် ဗဟုသုတမြင့်မားစေသည့် သုတစာပေများကိုဖတ်ရှုလေ့လာပြီး မိမိ၏ ဘဝအစဉ်တိုးတက်နေအောင် ကြိုးပမ်းသွားကြရန်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် အနာဂတ်သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**နိုင်ငံတော်၏ ကျေးဇူးသစ္စာကို**
**စောင့်သိရန်လို**

**ဒီမြေမှာမွေး ဒီမြေမှာကြီးပြင်းခဲ့ကြသူများပီပီ အမိနိုင်ငံတော်ကြီး၏ သမိုင်းကြောင်းအစဉ်အလာများကို ကောင်းစွာသိရှိနားလည်ထားရမည်ဖြစ်**ကြောင်း၊ ခိုင်မာသည့်သမိုင်းအထောက်အထားများအရ မိမိတို့နိုင်ငံသည် လွန်ခဲ့သည့်နှစ်ပေါင်း ၂၁၀၀ (ဘီစီ ၁ ရာစု)ခန့်ကတည်းက မြို့ပြနိုင်ငံများ စတင်ထူထောင်နေထိုင်ခဲ့ကြသည့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်သမိုင်းကြောင်းရှိသည့်နိုင်ငံဖြစ်ကြောင်း၊ လွန်ခဲ့သည့်နှစ်ပေါင်း ၁၁၀၀ ခန့်က ပုဂံအင်ပါယာကို စတင်ထူထောင်ခဲ့ပြီး နောက်ပိုင်းတွင် တိုင်းရင်းသားပေါင်းစုံစုစည်းပြီး ကိုယ့်မင်း၊ ကိုယ့်ချင်းနှင့်ရပ်တည်ခဲ့သည့် ဘုရင့်နိုင်ငံဖြစ်ကြောင်း၊ သမိုင်းကြောင်းအရ ရှည်လျားလှသော်လည်း အဆိုပါခေတ်က ခေတ်နှင့်လျော်ညီသည့် ခေတ်မီပညာရပ်များသင်ကြားသင်ယူမှုမရှိနိုင်ခဲ့သဖြင့် ခေတ်ပညာတတ်များမရှိခြင်း၊ စည်းလုံးညီညွတ်မှုအားနည်းခြင်းများကြောင့် ခေတ်မီနိုင်ငံ၊ ခေတ်မီလူ့အဖွဲ့အစည်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ခေတ်မီတပ်မတော်တည်ဆောက်ရာတွင် **စာမျက်နှာ ၁၅ သို့** ☆

❖ **နိုင်ငံ၏ဒေသအသီးသီးမှ လူငယ်များသည် သင်တန်းအတူတက်ရောက်ခွင့်၊ အတူပူးပေါင်းဆောင်ရွက်ခွင့်၊ အတွေ့အကြုံဗဟုသုတဖလှယ်ခွင့်များရရှိခဲ့ပြီး စိတ်တူကိုယ်တူမိတ်ကောင်းဆွေကောင်းများရရှိခဲ့ကြခြင်းသည် တန်ဖိုးမဖြတ်နိုင်သည့်အခွင့်အလမ်းကောင်းတစ်ရပ်ပင်ဖြစ်၊ အဆိုပါမိတ်ကောင်းဆွေကောင်း အသိုက်အဝန်းမှတစ်ဆင့်သူ့မိတ်ဆွေ၊ ကိုယ့်မိတ်ဆွေ အသိုက်အဝန်းများထပ်တိုးပြီး ဖလှယ်ခွင့်ရရှိခြင်းကြောင့် လူငယ်ဘဝ၌ပင် ကျယ်ပြန့်သည့်လူမှုဆက်ဆံရေးနယ်ပယ်များကိုရရှိလာမည်ဖြစ် . . .**

❖ **နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံ၏သမိုင်းဖြစ်ရပ်မှန်များကိုသိရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ဦးဆောင်လူငယ်များအဖြစ် ပါဝင်ကြရန်လို . . .**

❖ **ဒီမြေမှာမွေး၊ ဒီမြေမှာ ကြီးပြင်းကြသူများသည် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိကြရမည့်တာဝန်ဝတ္တရားရှိ . . .**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Special priority given to youth sector

NAY PYI TAW May 21

In its utmost efforts for peace and stability and all-round development of the nation, the State Administration Council (SAC) is giving special priority to the youth sector. At the time when human resources are nurtured for the country, youths should make more progress through exploration and studies based on the various branches of knowledge they have learnt, said Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing at his meeting with trainees of basic and advanced marine youth course 1/2025 and basic and advanced aviation youth course 1/2025 and their instructors at Zeyathiri Beikman here this morning.



Senior General Min Aung Hlaing delivers an address to honour marine youths and aviation youths.



Senior General Min Aung Hlaing cordially converses with marine youths and aviation youths.

Also present were Daw Kyu Kyu Hla, wife of the Senior General, Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife, Daw Than Than Nwe, Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and wife, Commander-in-Chief (Navy) Admiral Htain Win and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from the Office of the Commander-in-Chief and wives, union level dignitaries and wives, and invited guests.

In his address, the Senior General said the meeting is to honour the youth members of the whole country, who have studied marine and aviation sciences at the respective levels for themselves and for the benefit of the country during the long summer holidays annually, instead of wasting their time for nothing.

The courses started in 2014 and they have already opened nine times till now. Initially, one youth could attend the course only once, but due to enthusiasm and request of youths who have completed the course and those who have not attended the course yet, advanced level courses were opened in 2015 for the former youths to participate in the next level courses. Till today, 8,446 youths have attended the basic level marine youth course and aviation youth course during the nine sessions and 1,644 have attended the advanced level marine youth course and aviation youth course during the eight sessions, totalling 10,090.

The courses have provided **invaluable opportunity for the trainees to learn together, work together and share knowledge together and share experiences and knowledge with their counterparts of various regions, and gained like-minded friends, apart from realizing their original goals. From the circle of friends they met at the courses, youths can extend the circle by adding friends of their friends. In this way, they acquire an extensive area of social relationships.**



Marine youths present a commemorative gift to Senior General Min Aung Hlaing.

**Importance of good friends**

In its utmost efforts for peace and stability and all-round development of the nation, the SAC is giving special priority to the youth sector. The State has already adopted the social objective **"To nurture the youth sector, bringing out versatile, physically strong, knowledgeable, morally upright, socially adept and economically empowered young individuals, poised to lead the nation's development efforts"** in its nine objectives. Everyone needs good friends in his life as they always exercise mutual understanding, mutual help, empathy and support, and good, honest, and constructive criticism between one another. With a circle of good friends, a person can build a bright future.

As good friends are vital for every person, Myanmar set up with peoples of multiple ethnicities also have good friends. Countries that stand firm on

See Page - 21

From Page - 21

controlled under the Constitution. **Those saboteurs understand harmonized situations of politics and socio-economic life of Myanmar. They understand that only when they can undermine these harmonized situations will they implement their conspiracy to break up the State and control regional countries showing Myanmar as an example. Hence, all Myanmar citizens need to raise awareness of their attempts.**

The State Administration Council has set two political objectives: to strengthen a genuine, disciplined multi-party democracy, and to build a union based on democracy and federalism. Additionally, two national objectives have been established: the prosperity of the nation and food security. In striving for the multi-party democracy desired by the people, it is essential to prevent a recurrence of the disgraceful events witnessed during the 2020 general election, as well as the unlawful actions and authoritarian behavior carried out in the name of democracy before the election, which threatened national unity and stability. Therefore, **all citizens must be aware of the true historical events of our country and actively participate as leading youths in building a modern, developed nation under a disciplined multi-party democratic system.**

As the saying goes, "One who has eaten even a single bite must remember the kindness"—**those born and raised in this land have a duty to uphold loyalty to the nation.** Only by always acknowledging the kindness shown to them can they become virtuous individuals recognized by society. Through the training they have received, they must continue to nurture unity and brotherly love among ethnic groups, fostering a union spirit. While developing human resources for the nation, they should further explore the fundamental principles of the knowledge they have acquired and strive for progress. To gain correct understanding, they must read good literature, follow the guidance of parents and teachers, and live accordingly. As the saying goes, **"Knowledge is a golden pot that no thief can steal"**—in this era of advancing education, they must diligently pursue knowledge while also taking care of their health. They must remain loyal to the motherland, master the knowledge they have learned, and strive to become a new generation that the nation can rely on in the future.

Following this, the Senior General presented commemorative gifts to the maritime and aviation youth trainees. In return, the youth trainees respectfully offered gifts to the Senior General.

Subsequently, trainees Ma Ngu Yi Ko Ko from the maritime youth training course and Ma Thu Yadana Aung from the aviation youth training course shared their experiences and knowledge gained from the Basic and Advanced Maritime Youth Training Course (Batch 1/2025) and the Basic and Advanced Aviation Youth Training Course (Batch 1/2025).

They expressed gratitude for the opportunity to learn theoretical and practical skills during the summer break, which will contribute to the future of the nation, as well as for the chance to meet and unite with youth from various regions. They believe that the knowledge gained from these courses will serve as a stepping stone toward their personal goals and contribute to the nation's development like "a brick or a grain of sand in the foundation." They pledged to strive diligently to become active and capable citizens who can effectively serve the national interest.

Afterward, the Senior General and party hosted a tea reception for the maritime and aviation youth trainees. The Myawady Music Band performed songs in their honor.

Later, the Senior General and party warmly greeted the trainees and instructors from the courses.

Before attending the ceremony, the maritime and aviation youth trainees toured the exhibits inside Zeyathiri Beikman, which included weapons produced by the Myanmar Tatmadaw, various uniforms used by the Army, Navy, and Air Force, communication devices manufactured by the military, scale models of naval vessels, maritime equipment, aircraft and helicopter models, air force gear, and flight simulation demonstrations. Responsible officials provided detailed explanations on topics of interest.

**100**

---

From Page - 20

at a competitive level with international standards.

Then, the Vice-Senior General and members inspected the construction sites of relevant companies, including poultry farms and other facilities for livestock operations in the Taikkyi farming zone.

The Yangon Region Government, following the guidance of the Chairman of the State Administration Council, is implementing agricultural and livestock breeding zones to ensure the security of food and basic needs for the population within the region and , the Taikkyi Livestock Breeding Zone is being developed over an area of 2,101.04 acres, with implementation starting on September 3, 2023, in phases. In this regard, activities such as land surveying, road construction, plot demarcation, water resource development, and electrification have been completed and currently, livestock breeding activities have commenced. It was learnt that necessary arrangements are being made continuously, day and night, to support breeding operations for meat-producing cattle, goats, sheep, pigs, broiler chickens, layer chickens, dairy cows, beef cattle, ducks, breeder ducks, quails, geese, fish, and edible-net swiftlets being carried out by entrepreneurs in the zone.

Then, the Vice-Senior General and party visited the Yangon Region Military Command's No. 4 Agriculture and Livestock Camp. At the briefing hall, the regional commander presented updates on the agricultural and livestock breeding camps under the Regional Military Command, their implementation status in line with higher-level directives, and ongoing operations at these camps and farms and also reported on the availability of products such as meat, fish, vegetables, eggs, and milk, which are being sold at affordable prices to officers, military families, retired personnel, police force members and their families, as well as local civilians. The Vice-Senior General emphasized the importance of ensuring that food products from these integrated agricultural/livestock farms are fresh and nutritious and said that the purpose of these integrated agriculture and livestock breeding farms is to supply affordable goods to not only military personnel but also government employees at prices lower than market rates. He stressed prioritizing affordability over profit, systematically feeding the livestock with proper animal feed, and preventing the spread of infectious diseases through proactive measures. He also advised that consultations be held with veterinary and livestock breeding experts to ensure that the products meet health standards. Efforts should continue until all military personnel and their families under the Regional Military Command have sufficient access to food and plans should be developed and implemented systematically by phase and period to expand production further and to boost surplus production before making additional necessary instructions.

Then, the Vice-Senior General and party inspected the dairy cattle at Agriculture and Livestock Camp No. 4 and observed the operations at Camp No. 3, where Novogen Brown layer chickens, high-quality meat-producing pigs using an evaporative cooling system, and Khaki Campbell ducks are being bred, and gave necessary instructions to the responsible officials.

**100**

---

# More than 7,000 acres of soya bean harvested in Mawlaik District

MAWLAIK May 21

According to the statistics from the Mawlaik District Department of Agriculture, a total of 7,220 acres of soya bean from the winter crop season have been fully harvested in Mawlaik District, Sagaing Region.

During the winter cropping season in Mawlaik District, a total of 7,892 acres of soya bean were cultivated. Harvesting began in January of this year, and so far, 298 acres have been harvested in Mawlaik Township, while 6,922 acres have been harvested in Phaungpyin Township, making a total of 7,220 acres. The average yield is reported to be 17.96 baskets per acre.

"The total soya bean cultivation area in Mawlaik District for this winter cropping season reached 7,892 acres, out of which 7,220 acres have already been harvested. Currently, farmers have been able to expand cultivation beyond the initially planned acreage. We are also conducting awareness campaigns to prevent pest infestations. Additionally, we have made arrangements to ensure the availability of quality seeds and have informed farmers accordingly," said Daw Kywe Kywe Hlaing, the head of the Mawlaik District Agriculture Department.

The township agriculture departments in Mawlaik District have provided technical support to soya bean farmers, ensuring they use high-quality and pure seeds suited to the local environment, follow proper farming practices, prevent pest infestations, apply fertilizers systematically, and achieve high yields.

This winter cropping season, in collaboration with farmers, necessary measures have been taken to ensure the productivity and quality of soya bean crops. This includes providing quality seeds, improving soil fertility, and offering technical training on post-harvest techniques.

**SMK**

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win inspects Taikkyi farming and Yangon Command multiple farming and agriculture camps






Vice-Senior General Soe Win hears a report on the activities of Taikkyi farming zone.

NAY PYI TAW May 21

Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, accompanied by Yangon Region Chief Minister U Soe Thein, senior military officers from the Office of the Commander-in-Chief, the Yangon Command commander and officials, inspected Taikkyi farming zone under construction and Yangon Command multiple farming and agriculture camps in Yangon Region this afternoon.



Vice-Senior General Soe Win inspects eggs produced by No. 3 farming zone.

On arrival at the zone, the Vice-Senior General and party heard a report on points of a meeting with authorized entrepreneurs of the zone and departmental personnel of Taikkyi Township, salient points of the area, formation of Taikkyi farming zone steering committee, types and number of animals authorized companies are going to raise in the zone, ongoing farming activities in the zone, and endeavours for building roads and installing powerlines and water supply system, presented by the chief minister.

In response, the Vice-Senior General asked for more information and gave guidance. He said the SAC has adopted two political goals and two national goals. It is implementing the two national goals – national prosperity and food sufficiency – till success is achieved. The zone must be successfully implemented to ensure local food sufficiency as a way. Yangon Region has a population of over 7.3 million, and it has to rely on food produced from other regions and states because it cannot produce enough food for its residents. The Prime Minister has given guidance to systematically extend agriculture and farming zones for ensuring food sufficiency for the local people. Hence, the zone must be implemented part by part according year-wise plans for it to export food, apart from enabling the region to produce adequate amount of food for its people.

Business owners who plan to invest in the livestock breeding zone are encouraged to work in collaboration with relevant departmental staff, who should provide necessary support, advice, and assistance to ensure smooth and efficient operation of livestock businesses. In addition, authorities responsible for animal health should collectively implement disease prevention measures for the animals. Since this involves livestock breeding, biosecurity measures are of primary importance. Infectious diseases can spread due to uncontrolled human movement and then transmit from animal to animal, affecting the ecosystem. Therefore, it is necessary to establish and implement preventive measures from the early planning stages based on ecosystem knowledge.

In livestock operations, ensuring animals receive sufficient and nutritious feed is crucial. There are different breeding systems such as herding, caging and hybrid systems that combine both. Among these, the confined breeding system is considered the most effective. If this system is to be used, it is important to provide daily feed and supplements for the animals. For these supplementary feeds, efforts should be made to consistently cultivate and produce them locally within the breeding zone itself.

It is also important to promptly and fully implement the designated targets within the zone and ensure that no unrelated businesses operate within the livestock breeding zone. Relevant authorities must strictly monitor this. Businesspersons implementing the Taikkyi livestock breeding zone have to emphasize their functions and duties leading to systematic livestock breeding measures.

Water and electricity are the main requirements for farming. It was found that the regional government has provided both. In cases of insufficient electricity, business owners can undertake solar power generation projects.In addition, beginning this rainy season, fast-growing trees must be planted in a three-row zigzag pattern in respective yards, as instructed by the Prime Minister.Planting trees in this manner can provide effective protection for animals and buildings against natural disasters.To establish the Taikkyi farming zone as a model farming area, it is essential to develop detailed plans for each activity based on a defined timeline and implement them without delay.

If capital is required to carry out activities within the zone, funding sources such as the regional government's non-repayable grants, MSME loans, and national economic development funds may be utilized. Loans must be repaid regularly within the specified timeframe. He emphasized that everyone must work together with unwavering determination, diligence, and effort to ensure the Taikkyi farming zone progresses and achieves success

See Page - 19

●● From Page - 18

the right side of the internal situation of Myanmar are its good friends.

Everybody knows about the recent Mandalay earthquake. Countries that delivered rescue teams in time, leaders of the countries that sent messages of condolences, and organizations and countries that provided multiple aid including healthcare, food and accommodation for the victims soon after the quake triggered losses and destruction are the good friends of the country.

**Needs to have correct knowledge and idea since life of youth**

Books are friends of human. Hence, everybody needs to read fiction books which can soften souls of human and non-fiction literature which add more knowledge to the people so as to constantly improve their lives. And they have to strive to become good and able persons on whom the State can rely in the future.

**Needs to be loyal to gratitude of the State**

**Being growing up on this land, all have to know historical evidences of the mother land.** According to the firm evidences, Myanmar has been established as city states with own culture, literature and history for some 2,100 years, since 1st century BC. The Bagan empire was established some 1,100 years ago, and it was a kingdom standing tall as an own monarch with unity of all ethnics. Although the history is very long, people missed chances to learn modern techniques of relevant eras. Hence, the country did not have educated individuals and lack of unity. Consequently, the country was weak in building the modern state, the modern society as well as a modern armed force. That is why Myanmar lost its independence despite fine traditions.

Myanmar regained its independence due to the fact that patriotic youths established a modern Tatmadaw with the united endeavours of the people. People and Tatmadaw members sacrificed life, blood and sweat for regaining independence. **In the post-independence era, the country experienced internal armed insurgencies due to the divide-and-rule bad system of colonialists and their instigations which can be dubbed as the immature country facing worse experiences. The country faced the experiences like an event that the immature independence was undermined before having fruits of independence.** Hence, Tatmadaw joining hands with the people defended the State hardly. After the Tatmadaw had combatted internal insurgencies and Kuomintang invasion, the country experienced dangers of disintegration of the State due to weakness of politics and destructive attempts of external elements. **The independence of the State could be safeguarded difficultly, and then, the country faced dangers of assaulting the independence again.** Hence, reviewing all situations, the country was rebuilt under the central control in order to ensure political solidarity, and social and economic unity.

The centralized administration has both weak and strong points. Despite initiating the united political system, the country had lesser development in the economic sector. Taking advantages over it, internal and external saboteurs had attacked the country for many years in various ways. After taking State responsibilities, the Tatmadaw has been making efforts to peacefully initiate the multi-party democratic system that entire people aspire to. In this regard, it is necessary to notice attempts of external elements. **These forces and their accomplices which have been committing attempts to ensure instability of the State since the post-independence era led a similar event.** Such occurrences aim to take interference of foreign elements at any time. As such, such attempts were

See Page - 19 ●●



Senior General Min Aung Hlaing presents a commemorative gift to aviation youths.



Trainees of basic and advanced marine youth course 1/2025 and aviation youth course 1/2025 keenly visit the exhibition of Tatmadaw products.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# မြစ်ကြီးနားမြို့၌ Grade-12 ကျောင်းသား၊ ကျောင်းသူများ စခန်းသွင်းပညာသင်ကြားမှုအခြေအနေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ကြည့်ရှုအားပေး

မြစ်ကြီးနား မေ ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ယနေ့နံနက်ပိုင်းတွင်ရောက်ရှိပြီး မြစ်ကြီးနားမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပနိုင်ရေး Grade–12 ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်အလိုက် စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဒေါ်ဒွဲဘူသည်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပနိုင်ရေး မြို့ပေါ်အခြေခံပညာအထက်တန်းကျောင်း(၈)ကျောင်းမှ Grade–12 ကျောင်းသား၊ ကျောင်းသူ ၄၁၀ တို့အား အခြေခံပညာဆရာ၊ ဆရာမများက ဘာသာရပ်အလိုက် ပြန်လည်သင်ကြားပို့ချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းခန်းမ၌ စခန်းဝင်ကျောင်းသား၊ ကျောင်းသူများအား နေ့လယ်စာ၊ ညစာကျွေးမွေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက်မြစ်ကြီးနားမြို့ သီတာရပ်ကွက်အတွင်းရှိအမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း (၆)ကျောင်းမှ Grade–12 ကျောင်းသား၊ ကျောင်းသူ ၄၂၁ ဦးတို့အား စခန်းသွင်းလေ့ကျင့်သင်ကြားပေးလျက်ရှိသော အခြေအနေများနှင့်နေ့လယ်စာကျွေးမွေးနိုင်ရေးပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က Grade–12 ကျောင်းသားလူငယ်အားလုံး ပထမအကြိမ်ဖြေဆိုသည့်စာရင်းရှိအတိုင်း ပြန်လည်ဖြေဆိုနိုင်ရေး စီမံဆောင်ရွက်သွားကြရန် လိုကြောင်း တာဝန်ရှိသူများအားမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမ၌ ကျင်းပသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေါင်စန်းပြည်နယ်ခွဲ ပြည်သူ့အစိုးရက ပြည်နယ်အစိုးရအဖွဲ့ထံ လျှောင်ဘေးဒဏ်သင့်ဒေသများမှ ပြည်သူများအတွက် ယာယီတဲအိမ်များနှင့် မိုးကာလိပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပေါင်စန်းပြည်နယ်ခွဲ ပြည်သူ့အစိုးရထံမှ ပေးပို့လှူဒါန်းလာသော ယာယီတဲအိမ် (အဆောင်သေး) ၁၀၀ စုံနှင့် မိုးကာလိပ် ၃၁၂ လိပ်ကို ကိုယ်စားလှယ်အဖွဲ့ထံမှလက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ စက်မှုရပ်ကွက်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ပထမနှစ်စက်ဝန်း၊ ဒုတိယနှစ်စက်ဝန်းမှ မတည်ရန်ပုံငွေကျပ်သိန်း ၂၀၀၀ ကျော်ဖြင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည့် "ဖြိုးဝေဝေ" စက္ကူနှင့်စာအုပ်ထုတ်လုပ်ရေးလုပ်ငန်းသို့ သွားရောက်ကြပြီး စက်ရုံအတွင်း နှစ်ဖက်ချောကျောင်းသုံးဗလာစာအုပ်များ၊ အကြမ်းစာအုပ်များ၊ တစ်ရှူးနှင့် ကတ်ထူစက္ကူများအားလည်ပတ်ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ဝိုင်းမော်မြို့နယ် စန်းကားကျေးရွာမှ ယာယီတိမ်းရှောင်လာသော အိမ်ထောင်စုများအား ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် မန်ခိန်ရပ်ကွက် ကချင်ပြည်နယ်လွှတ်တော်ရုံး အနောက်ဘက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ပိုင်မြေနေရာ၌ နေရာချထားပေးမှုအခြေအနေအား သွားရောက်ကြည့်ရှုအားပေးထောက်ပံ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အဆိုပါ စခန်းအတွင်းရှိ အိမ်ထောင်စု ၅၀ ၊ လူဦးရေ ၂၈၁ ဦးတို့အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ဆန် ၂၄ ပြည်ပါ ဆန်အိတ် ၅၀ နှင့် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ဆီပိဿာ ၅၀၊ ရေသန့်ကတ် ၅၀၊ ခေါက်ဆွဲခြောက်ဖာ ၅၀၊ အသင့်စားဆန်ပြုတ်ထုပ် ၁၂ ဖာနှင့် အသားချောင်း ၁၀ ဖာတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ယင်းနောက် စခန်းတာဝန်ခံက လိုအပ်ချက်များကိုတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အဆိုပါ မြေဧရိယာအတွင်း ချီဖွေခရိုင်မှဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများအတွက် နေရာချထားပေးနိုင်ရေး ယာယီတဲအိမ်များ တည်ဆောက်ပေးလျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ မိုးမကျမီ အမြန်ဆုံးဆောက်လုပ်ပြီးစီးရေးနှင့် ဝန်ထမ်းများအား စနစ်တကျရွှေ့ပြောင်းနေရာချထားပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူ ၃၂၆၁ ဦးကို ပထမအကြိမ်အဖြစ် ပညာသင်ချီးမြှင့်ငွေကျပ် ၁၄၉ ဒသမ ၈၉ သန်းနှင့် ကျောင်းသုံးဗလာစာအုပ် ၂၉၃၇ ဒါဇင် ချီးမြှင့်ပေးအပ်

နေပြည်တော် မေ ၂၁






၂၀၂၅–၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၏ သားသမီး၊ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ချီးမြှင့်ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရုံးအမှတ်(၈) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၏ သားသမီးများဖြစ်သည့် ၂၀၂၅–၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူ ၃၂၆၁ ဦးအတွက် ပညာသင်ချီးမြှင့်ငွေများနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ချီးမြှင့်ရာ တပ်ဖွဲ့/ဦးစီးဌာနအလိုက် ကျောင်းသား၊ ကျောင်းသူများက လက်ခံသည်။

ထို့နောက်ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား ကျောင်းသား၊ ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၂၅–၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် မူလတန်းကျောင်းသား၊ ကျောင်းသူ ၁၆၁၈ ဦး၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူ ၆၇၄ ဦး၊ အထက်တန်းကျောင်းသား၊ ကျောင်းသူ ၆၄၇ ဦး၊ တက္ကသိုလ်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူ ၃၂၂ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၂၆၁ ဦးတို့ကို ပထမအကြိမ်အဖြစ်ပညာသင်ချီးမြှင့်ငွေကျပ် ၁၄၉ ဒသမ ၈၉ သန်းနှင့် ကျောင်းသုံးဗလာစာအုပ် ၂၉၃၇ ဒါဇင်တို့ကို ချီးမြှင့်ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# အသံနှုန်းလွန်ဒုံးကျည်များနဲ့ အာကာသမှပစ်လွှတ်လိုက်တဲ့ဒုံးကျည်များကိုကာကွယ်မယ့် အမေရိကန်ရဲ့ ဒေါ်လာ ၁၇၅ ဘီလီယံတန် ရွှေကွန်ချာ

ရွှေကွန်ချာဆိုတာ တင်စားပြီးပြောထားတဲ့ စကားရပ်တစ်ခုဖြစ်ပေမယ့် သူ့ရဲ့လုပ်ဆောင်ချက်ကတော့ နိုင်ငံကိုကာကွယ်ရေးမှာ တော်တော်လေးအသုံးဝင်စေမယ့် လက်နက်စနစ်တစ်မျိုးဖြစ်ပါတယ်။ ဒီလက်နက်ကိုအသုံးပြုမယ့်သူက အမေရိကန်ပြည်ထောင်စုဖြစ်ပြီး အသုံးပြုဖို့အတွက်ခွင့်ပြုလိုက်သူက သမ္မတဒေါ်နယ်ထရမ့်ပဲဖြစ်ပါတယ်။



အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က မေလ ၂၁ ရက်မှာ အိမ်ဖြူတော်ရဲ့ဘဲဥပုံရုံးခန်းထဲရှိနေစဉ် သူစီစဉ်ထားတဲ့ ရွှေကွန်ချာစနစ်တည်ဆောက်ရေးကို အတည်ပြုလိုက်တာဖြစ်ပါတယ်။ အဲဒီစနစ်ကိုတည်ဆောက်ဖို့အတွက် အမေရိကန်ဒေါ်လာ ၁၇၅ ဘီလီယံအထိအသုံးပြုသွားမယ်လို့ တရားဝင်ထုတ်ပြန်လိုက်တာဖြစ်ပါတယ်။ ရွှေကွန်ချာဆိုတဲ့ ဘက်စုံသုံးဒုံးကျည်ကာကွယ်ရေးစနစ်က မြေပြင်၊ ရေပြင်၊ ဝေဟင်မှသာမက အာကာသထဲကပါရောက်ရှိလာမယ့် မျိုးဆက်သစ်ဒုံးကျည်တွေရဲ့အန္တရာယ်ကနေ ကာကွယ်ဖို့ဖြစ်ပါတယ်။ ဒေါ်နယ်ထရမ့်ကိုယ်တိုင်က သူ့ရဲ့ရွှေကွန်ချာစနစ်ဟာ ကမ္ဘာတစ်ဖက်ခြမ်းကနေပစ်လွှတ်လိုက်တဲ့ ဒုံးကျည်တွေကိုတောင်မှ ဟန့်တားကာကွယ်နိုင်စွမ်းရှိမယ်လို့ အမွှမ်းတင်ပြောထားတာပါ။

အမေရိကန်ရဲ့ရွှေကွန်ချာစနစ်က တကယ်တမ်းတော့ အစ္စရေးရဲ့အစွမ်းထက်လှတဲ့ သံကွန်ချာအမည်ရ ဒုံးကျည်ကာကွယ်ရေးစနစ်ကို မှီငြမ်းပြီးအမည်ပေးထားပေမယ့် ရွှေကွန်ချာကတော့ သံကွန်ချာထက် စွမ်းဆောင်ရည်ပိုမိုမြင့်မားကာ အဆင့်မြင့်ဒုံးကျည်တွေရဲ့အန္တရာယ်ကနေ နိုင်ငံကိုကာကွယ်ပေးနိုင်မယ်လို့ဆိုပါတယ်။ အဲဒီအန္တရာယ်တွေထဲမှာ အသံနှုန်းလွန်ဒုံးကျည်များမှသည် FOBS လို့လူသိများတဲ့ ကမ္ဘာပတ်လမ်းမှဗုံးကြဲစနစ်များမှပစ်လွှတ်လိုက်သော ဒုံးကျည်ထိပ်ဖူးများအထိပါဝင်ပါတယ်။

သံကွန်ချာစနစ်က လူဦးရေထူထပ်တဲ့နေရာတွေကိုသာ တာတိုပစ်ဒုံးကျည်တွေရဲ့အန္တရာယ်ကနေ ကာကွယ်နိုင်ဖို့ ဖန်တီးထားတာဖြစ်ပါတယ်။ အရွယ်အစားအားဖြင့် နယူးဂျာစီပြည်နယ်တစ်ခုမျှလောက်သာရှိတာပါ။ အခုရွှေကွန်ချာစနစ်ကကျတော့ သံကွန်ချာစနစ်ကကာကွယ်နိုင်တဲ့ အရွယ်အစားထက်ကို အဆပေါင်း ၄၅၀ အထိ ကြီးမားတဲ့နယ်မြေပမာဏကို ကာကွယ်နိုင်စေမှာဖြစ်ပါတယ်။

ဒီစနစ်ထဲမှာ အာကာသအခြေပြု အာရုံခံကိရိယာများမှသည် ဘက်စုံလွှမ်းခြုံကာကွယ်နိုင်ရေးအတွက် ကြားဖြတ်ဒုံးကျည်များအထိ နောက်ဆုံးပေါ်ဖြစ်တဲ့ နည်းပညာများပေါင်းစပ်ပါဝင်ထားပါတယ်။ ဒီအတွက်ကြောင့် ရွှေကွန်ချာစနစ်က ရန်သူ့ဆီကနေဒုံးကျည်ကိုမပစ်လွှတ်မီ၊ ပစ်လွှတ်စဉ်စတဲ့အဆင့်အမျိုးမျိုးမှာ ရန်သူ့ဒုံးကျည်တွေကို ဖျက်ဆီးနိုင်စွမ်းရှိစေမယ်လို့ ထရမ့်ကပြောထားပါတယ်။

ဒီစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံကို ကနဦးအသုံးပြုသွားမှာဖြစ်ပြီး အဲဒီငွေကြေးတွေက လက်ရှိအစိုးရရဲ့မူဝါဒများအရ အသုံးစရိတ်ဖြတ်တောက်မှုနဲ့ အခွန်ကောက်ခံရရှိမှုတွေကနေ ပေးဆောင်သွားမှာဖြစ်ပြီး ဒီစီမံကိန်းကိုဦးဆောင်မယ့်သူက အမေရိကန်အာကာသတပ်ဖွဲ့မှ အာကာသစစ်ဆင်ရေးများဌာနဒုတိယအကြီးအကဲ ဗိုလ်ချုပ်ကြီး မိုက်ကယ်အေဂူးအက်လိမ်းဖြစ်ပါတယ်။

ဒီလိုမျိုးရွှေကွန်ချာစနစ်ကို တည်ဆောက်နိုင်ဖို့အတွက် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အိမ်ဖြူတော်ကိုပြန်တက်လာချိန်မှာပဲ အမိန့်ပေးခဲ့တာပါ။ အခုတော့ ဒီစနစ်ကိုစတင်တည်ဆောက်ဖို့အတည်ပြုလိုက်တာဖြစ်ပါတယ်။ ထရမ့်က သူ့ရဲ့သမ္မတသက်တမ်းမကုန်ဆုံးမီမှာ ဒီစနစ်ကြီးအပြီးသတ်စေရမယ်လို့ဆိုထားပါတယ်။

Ref: IE

K.H

# ဒရုန်းတွေရဲ့ပျံသန်းနိုင်စွမ်းကို ၈၈ ရာခိုင်နှုန်းတိုးစေမယ့် တရုတ်ရဲ့နည်းပညာအသစ်



စစ်ဆင်ရေးမှာ ဒရုန်းတွေရဲ့အခန်းကဏ္ဍက မပါမဖြစ်ပါဝင်လာတဲ့ အချိန်မှာ ဒရုန်းများရဲ့ပျံသန်းနိုင်စွမ်းကလည်း မရှိမဖြစ်အရေးကြီးလာပါတယ်။ အထူးသဖြင့် အမြင့်ပျံဒရုန်းများအနေနဲ့ တာဝေးပျံသန်းနိုင်စွမ်းက ပိုလို့အရေးကြီးလာတာဖြစ်ပါတယ်။ ဒီလိုမျိုး အရေးကြီးမှုကို တရုတ်ကာကွယ်ရေးဆိုင်ရာသိပ္ပံပညာရှင်များက ရှုမြင်ထားတာကြောင့် ဒရုန်းများအနေနဲ့ ခရီးဝေးပိုမိုပျံသန်းနိုင်မယ့် နည်းပညာတစ်ခုကို တီထွင်လိုက်ပါတယ်။

တရုတ်သိပ္ပံပညာရှင်များတီထွင်လိုက်တဲ့နည်းပညာက ပလာစမာနိုးကြားမှုနည်းပညာဖြစ်ပါတယ်။ ဒီနည်းပညာက လေစီးဆင်းမှုကို ထိန်းချုပ်ကိုင်တွယ်ခြင်းဖြင့် ဒရုန်းရဲ့လေခွင်းနိုင်မှုစွမ်းရည်ကို ပိုမိုတိုးတက်စေကာ ခရီးဝေးပျံသန်းမှုစွမ်းရည်ကိုရရှိပိုင်ဆိုင်နိုင်စေမှာဖြစ်ပါတယ်။

အမေရိကန်ရဲ့ RQ-4 Global Hawk ဒါမှမဟုတ် တရုတ်ရဲ့ CH-9 လိုမျိုးအမြင့်ပျံဒရုန်းများက မြေပြင်အထက်မှမီတာ ၁၀၀၀၀ အကွာအဝေးကနေ လေထဲမှာ နာရီပေါင်း ၄၀ အထိနေနိုင်စွမ်းရှိပါတယ်။ ဒါပေမဲ့ ဒီလောက်ထိမြင့်တဲ့အမြင့်ကနေ ပျံသန်းချိန်မှာ လေထုကပါးလွှာလာတာကြောင့် ဒရုန်းရဲ့လေခွင်းနိုင်စွမ်းကိုလျော့ကျသွားစေတာပါ။ လေခွင်းနိုင်စွမ်းလျော့ကျသွားချိန်မှာ ဒရုန်းရဲ့အရှိန်သည်လည်း တစ်စက္ကန့်ကို ၁၅ မီတာကနေ ၈ မီတာအထိကျဆင်းသွားတဲ့အခါ လေပင့်အားက ၆၀ ရာခိုင်နှုန်းအထိထိုးကျသွားတာကို သုတေသီများကတွေ့ရှိလိုက်ပါတယ်။

ဒါကြောင့် တရုတ်နိုင်ငံရဲ့လေကြောင်းနည်းပညာသုတေသနနဲ့ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ သုတေသနပညာရှင်များက ဒရုန်းတောင်ပံများမှာ ပလာစမာနိုးကြားမှုကိရိယာကိုတပ်ဆင်ပြီး လေဥမင်ထဲမှာ စမ်းသပ်မှုတွေလုပ်ဆောင်ခဲ့ပါတယ်။ ဒီကိရိယာက လေအမှုန်များကိုဓာတ်အားပေးနိုင်တဲ့ ပလာစမာပေါက်ကွဲမှုများကို ဖြစ်ပေါ်စေတာတွေ့လိုက်ရပါတယ်။

တောင်ပံတစ်ဝိုက်မှာဖြစ်ပေါ်လာတဲ့ ပလာစမာများက လေစီးကြောင်းနဲ့အပြန်အလှန်တုံ့ပြန်မှုဖြစ်ပေါ်ပြီး လေပင့်အားအချိုးကို ၈၈ ရာခိုင်နှုန်းအထိမြင့်တက်လာစေတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒီနည်းပညာက အလွန်နှေးကွေးတဲ့အရှိန်နဲ့ပျံသန်းနေတဲ့ ဒရုန်းတွေကိုတောင်မှ လေထဲမှာ အချိန်ကြာမြင့်စွာတည်ရှိနေနိုင်စေတယ်လို့ဆိုပါတယ်။

ဒါပေမဲ့ အားနည်းချက်တစ်ခုက ပလာစမာလေဝဲများကြောင့် ဒရုန်းကိုကွေ့တဲ့အခါ ဒါမှမဟုတ် အထက်ကိုတက်တဲ့အခါမျိုးတွေမှာ မတည်ငြိမ်မှုကိုဖြစ်ပေါ်စေတာဖြစ်ပါတယ်။ ဒီအတွက် သင့်လျော်တဲ့ထိန်းချုပ်မှုစနစ်ရှိဖို့လိုအပ်ပြန်ပါတယ်။ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့အတွက် သုတေသနပညာရှင်များက ထိန်းချုပ်ရေးစနစ်တစ်ခုကိုဖန်တီးထားတယ်လို့ဆိုပါတယ်။ အဲဒီစနစ်က ဒရုန်းရဲ့လုပ်ဆောင်မှုအပေါ်မူတည်ပြီး ပလာစမာထွက်ရှိမှုကို လိုအပ်သလိုထိန်းချုပ်ပေးမယ့်စနစ်ဖြစ်တာကြောင့် အခုတီထွင်မှုကဒရုန်းစစ်ဆင်ရေးအတွက် အရေးကြီးတယ်လို့ဆိုနိုင်ပါတယ်။

Ref: IE

K.H

# F-35 နှင့် B-2 တို့ထက် စစ်အေးကာလလက်ကျန် B-52 က ပိုမိုအန္တရာယ်များဟု တရုတ်သုတေသနအဖွဲ့သတ်မှတ်

**ပေကျင်း၊ စစ်ရေး**

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်(လေတပ်)၏ကြိုတင်သတိပေးစနစ်အကယ်ဒမီမှ သုတေသနပညာရှင်ဝမ်ဘင်းချီ ဦးဆောင်သောအဖွဲ့က အမေရိကန်လေတပ်၏ F–35 နှင့် B–2 လေယာဉ်များထက် စစ်အေးကာလလက်ကျန် B–52 ဗုံးကြဲလေယာဉ်က ပိုမိုအန္တရာယ်များသည်ဟု သတ်မှတ်လိုက်ကြောင်းသိရသည်။

သုတေသနပညာရှင်များသည် တရုတ်ရေယာဉ်စုများ သို့မဟုတ် တရုတ်နိုင်ငံ၏ ကုန်းတွင်းပိုင်းပစ်မှတ်များကို အမေရိကန်လေတပ်၏ ထိုးဖောက်တိုက်ခိုက်မှုလေကြောင်းစစ်ဆင်ရေးကို သဏ္ဍာန်တူပြုလုပ်ကာ လေ့လာမှုများလုပ်ဆောင်ခြင်းဖြစ်သည်။

ထိုသို့ သဏ္ဍာန်တူပြုလုပ်လေ့လာရာတွင် တရုတ်တပ်မတော်က အမေရိကန်၏ နျူကလီးယားလက်နက်များသယ်ဆောင်နိုင်သော F–35 တိုက်လေယာဉ်နှင့် B–2 ဗုံးကြဲလေယာဉ်တို့အပြင် ၎င်းတို့နှင့်ပူးတွဲစစ်ဆင်နိုင်သည့် ဒရုန်းများ၏စွမ်းဆောင်ရည်ကို ထည့်သွင်းလေ့လာခြင်းဖြစ်သည်။

အဆိုပါလေယာဉ်များသည် နျူကလီးယားဖြင့်တိုက်ခိုက်ရာတွင် စိုးရိမ်ရသည့်အဆင့်ရှိသော်လည်း နျူကလီးယားဗုံးလေးလုံးအထိသယ်ဆောင်နိုင်သည့် B–52 ဗုံးကြဲလေယာဉ်က အခြားလေယာဉ်များထက် ပိုမိုအန္တရာယ်ရှိသည်ကိုတွေ့ရှိရသည်ဟု သုတေသနပညာရှင်များကထုတ်ပြန်ထားသည်။

အလားတူ သုတေသနပညာရှင်များထုတ်ပြန်သော လေ့လာမှုစာရင်း၌ C–17 သယ်ယူပို့ဆောင်ရေးလေယာဉ်များနှင့် B–1B ဗုံးကြဲလေယာဉ်များက ၎င်းတို့၏ အကန့်အသတ်ရှိသော တိုက်ပွဲဝင်နိုင်စွမ်း သို့မဟုတ် အဆင့်မမီတော့သောအီလက်ထရွန်နစ်စနစ်တို့ကြောင့် အန္တရာယ်ရှိမှုတွင် နောက်ဆုံးအဆင့်၌ရှိကြောင်း သုတေသီများ၏ထုတ်ပြန်ချက်၌ ဆက်လက်ဖော်ပြထားသည်။

Ref: SCMP




# ဗြိတိန်တောင်တက်သမားများက ဇီနွန်ဓာတ်ငွေ့အသုံးပြုပြီး ဧဝရတ်တောင်ပေါ်သို့ စံချိန်တင်အချိန်တိုအတွင်းတက်ရောက်နိုင်

**လန်ဒန်၊ နည်းပညာ**

ဗြိတိန်တောင်တက်သမားများက ဇီနွန်ဓာတ်ငွေ့အသုံးပြုပြီး မေလ ၂၁ ရက်တွင် ဧဝရတ်တောင်ပေါ်သို့ စံချိန်တင်အချိန်တိုအတွင်း တက်ရောက်နိုင်ကြောင်း စူးစမ်းလေ့လာရေးခရီးသွားကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သာမန်အားဖြင့် တောင်တက်သမားများသည် ဧဝရတ်တောင်ပေါ်သို့တက်မည်ဆိုပါက ခန္ဓာကိုယ်အခြေအနေနှင့် တောင်ပေါ်ပတ်ဝန်းကျင်အခြေအနေတို့ သဟဇာတဖြစ်စေရန် အချိန်ပေးရသောကြောင့် သီတင်းပတ်ပေါင်းများစွာကြာမြင့်လေ့ရှိသည်။



ဗြိတိန်တောင်တက်သမားများသည် ဧဝရတ်တောင်တက်ခရီးမသွားခင် ဇီနွန်ဓာတ်ငွေ့ကိုရှူပြီးနောက် အမြင့်ပေ ၈၈၄၈ မီတာရှိသည့် ဧဝရတ်တောင်ကိုငါးရက်ပင်မကြာဘဲတက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ခရီးစဉ်ကိုစီစဉ်သူ လူးကတ်ဖာတန်ဘတ်ကပြောသည်။

ယင်းဓာတ်ငွေ့က တောင်တက်သမားများကို အချိန်တိုအတွင်းပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေကာ တောင်ပေါ်တက်စဉ်ဖြစ်ပေါ်လေ့ရှိသည့် ဝေဒနာကိုလည်း သက်သာစေသောကြောင့် ၎င်းတို့အနေဖြင့် အချိန်တိုအတွင်း ဧဝရတ်တောင်ပေါ်သို့ တက်နိုင်ခြင်းဖြစ်သည်။

Ref: SCMP

# ရုရှားက အမေရိကန်ကို နိုင်ငံတကာလုံခြုံရေးဖိုရမ်သို့ဖိတ်ခေါ်

**မော်စကို၊ ဆက်ဆံရေး**

ရုရှားအစိုးရက မော်စကိုမြို့၌ကျင်းပမည့် နိုင်ငံတကာလုံခြုံရေးဖိုရမ်သို့ အမေရိကန်နိုင်ငံကို ဖိတ်ခေါ်လိုက်ကြောင်းသိရသည်။ အဆိုပါလုံခြုံရေးဖိုရမ်ကို မေလ ၂၇ ရက်မှ ၂၉ ရက်အထိကျင်းပမည်ဖြစ်ပြီး ထိုဖိုရမ်သို့ အမေရိကန်အပါအဝင် ရုရှား၏မိတ်ဆွေမဟုတ်သော နိုင်ငံများကိုပါ ဖိတ်ခေါ်ထားကြောင်းနှင့် ထိုနိုင်ငံများကလည်း ဖိုရမ်သို့တက်ရန်စိတ်ဝင်စားသည်ဟုတုံ့ပြန်ထားကြောင်း ရုရှားလုံခြုံရေးကောင်စီ ဒုတိယအတွင်းရေးမှူး အလက်ဇန်းဒါးဗီနီဒစ်တော့ကပြောသည်။

၁၃ ကြိမ်မြောက်အဖြစ်ကျင်းပမည့် ထိုနိုင်ငံတကာလုံခြုံရေးဖိုရမ်ကို ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူး ဆာဂျီရှွိုင်ဂူကဦးစီးဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကိုယ်စားလှယ်အဖွဲ့ပေါင်း ၁၂၅ ဖွဲ့ကျော်တက်ရောက်မည်ဖြစ်သည်။

Ref: Sputnik

## သတင်းတိုကဏ္ဍ

# အစ္စရေးက အီရန်၏နျူကလီးယားစက်ရုံများကို တိုက်ခိုက်ရန်ပြင်ဆင်ထားဟု ထောက်လှမ်းရေးပြော

အစ္စရေးက အီရန်၏နျူကလီးယားစက်ရုံများကိုတိုက်ခိုက်ရန်ပြင်ဆင်ထားသည်ဟု အမေရိကန်ထောက်လှမ်းရေးသတင်းများကဖော်ပြထားကြောင်း အမေရိကန်တာဝန်ရှိသူများ၏ ပြောဆိုမှုကို ကိုးကား၍ CNN သတင်းဌာနကထုတ်ပြန်ထားသည်။

သို့သော် အစ္စရေးအနေဖြင့် အီရန်ကို တိုက်ခိုက်မှုပြုလုပ်ရန် ဆုံးဖြတ်ချက်ချထားခြင်းရှိ၊ မရှိကို တိတိကျကျမသိရသေးကြောင်း၊ ထို့အတူ အစ္စရေး၏ တိုက်ခိုက်မှုလုပ်ရန်ဆုံးဖြတ်ချက်အပေါ် အမေရိကန်အစိုးရအဖွဲ့အတွင်း တာဝန်ရှိသူများက သဘောမတူသည်များလည်း ရှိကြောင်း သတင်းဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အီရန်နျူကလီးယားစက်ရုံကို အစ္စရေးကတိုက်ခိုက်မှုလုပ်မည့်အလားအလာက ပြီးခဲ့သည့်လများအတွင်း ပိုမိုမြင့်တက်လာကြောင်း၊ အကယ်၍ အမေရိကန်က အီရန်နှင့်သဘောတူညီချက်ရရှိသွားပါက အဆိုပါတိုက်ခိုက်မှုလုပ်နိုင်ခြေသည် ပိုမိုမြင့်တက်လာနိုင်ကြောင်းသိရသည်။

Ref: Xinhua

# ယူကရိန်းတွင် နောက်ဆုံးအခွင့်အရေးတစ်ခုသာရှိတော့ဟု မက်ဗီဒက်သတိပေး

ယူကရိန်းနိုင်ငံအနေဖြင့် ပဋိပက္ခကို မလွဲကေန်ဖြေရှင်းပြီးနောက် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် နောက်ဆုံးအခွင့်အရေးတစ်ခုသာရှိတော့ကြောင်းနှင့် ယူကရိန်းအစိုးရကို ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်ပါဝင်ရန် တိုက်တွန်းကြောင်း ရုရှားလုံခြုံရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒီမီထရီမက်ဗီဒက်ကပြောသည်။

ရုရှားနိုင်ငံသည် ယူကရိန်းနှင့်ကြိုတင်သတ်မှတ်ချက်မရှိသော တိုက်ရိုက်ဆွေးနွေးပွဲများကျင်းပရန် လမ်းဖွင့်ပေးထားကြောင်း၊ ထိုဆွေးနွေးမှုများသည် မြေပြင်ရှိလက်တွေ့အခြေအနေများကို ထင်ဟပ်စေကြောင်းနှင့် ပဋိပက္ခ၏အကြောင်းရင်းဇာစ်မြစ်များကို ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း မက်ဗီဒက်က မေလ ၂၀ ရက်တွင်ကျင်းပသော အပြည်ပြည်ဆိုင်ရာတရားရေးဖိုရမ်၌ပြောသည်။

လက်ရှိအချိန်တွင် ရုရှားနှင့်မည်သို့သောငြိမ်းချမ်းရေးသဘောတူညီချက်ကိုမဆိုလက်မှတ်ထိုးရန် ယူကရိန်းတွင် တရားဝင်ဖြစ်သည့်အာဏာပိုင်ဟူ၍မရှိကြောင်း ၎င်းကဆက်ပြောသည်။ Ref: RT

# ဂျိုးဘိုင်ဒင်၏အကြံပေးများ သစ္စာဖောက်မှုကျူးလွန်ဟု ဒေါ်နယ်ထရမ့်စွပ်စွဲ

အမေရိကန်သမ္မတဟောင်း ဂျိုးဘိုင်ဒင်၏အကြံပေးများသည် အမြင့်ဆုံးသောသစ္စာဖောက်မှုကို ကျူးလွန်သည်ဟု လက်ရှိအမေရိကန်သမ္မတဒေါ်နယ်ထရမ့်က စွပ်စွဲလိုက်ကြောင်းသိရသည်။

အဆိုပါအကြံပေးများသည် ဂျိုးဘိုင်ဒင်၏ မှတ်ဉာဏ်ကျဆင်းမှုအပေါ်အခွင့်ကောင်းယူကာ ဘိုင်ဒင်ကိုယ်တိုင်ယခင်ကတည်းကလုပ်ဆောင်လိုခြင်းမရှိသည့် ခွင့်ပြုချက်မရှိသောမူဝါဒများကိုအကောင်အထည်ဖော်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ထရမ့်ကလူမှုကွန်ရက်တွင်ရေးထားသည်။

ဂျိုးဘိုင်ဒင်သည် နယ်စပ်များကိုဖွင့်ရန်မည်သည့်အခါကမျှ ထောက်ခံအားပေးခဲ့ခြင်းမရှိကြောင်း၊ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများဝင်ရောက်မှုများပြားလာစေရန်အကြံပေးများက သမ္မတ၏ အလိုအလျောက်လက်မှတ်ထိုးစက်ကို အသုံးပြု၍ ပူးပေါင်းကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ထရမ့်ကပြောထားသည်။

Ref: RT

# အိန္ဒိယကွန်မန်ဒိုများက နိုင်ငံအလယ်ပိုင်း၌ သောင်းကျန်းသူ ၃၀ ခန့်ကို ပစ်ခတ်ချေမှုန်း

အိန္ဒိယကွန်မန်ဒိုများသည် မေလ ၂၁ ရက်တွင် နိုင်ငံအလယ်ပိုင်း၌သောင်းကျန်းသူ ၃၀ ခန့်ကို ပစ်ခတ်ချေမှုန်းလိုက်နိုင်ကြောင်း ရဲတပ်ဖွဲ့ကထုတ်ပြန်ထားသည်။

အိန္ဒိယအစိုးရတပ်ဖွဲ့များသည် နာရာလိုက်သောင်းကျန်းသူများအဖွဲ့အပေါ် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ထိုးစစ်ဆင်တိုက်ခိုက်မှုများလုပ်ဆောင်လာခြင်းဖြစ်ပြီး ၁၉၆၇ ခုနှစ်နောက်ပိုင်းဖြစ်ပွားသည့် တိုက်ခိုက်မှုများကြောင့် လူပေါင်း ၁၂၀၀၀ ကျော်သေဆုံးထားသည်။

ယခုဖြစ်ပွားသည့် အပြန်အလှန်တိုက်ခိုက်မှုတွင် သောင်းကျန်းသူအင်အား ၃၀ ခန့်ကိုဖြိုခွင်းလိုက်နိုင်ကြောင်း၊ အဆိုပါတိုက်ခိုက်မှုသည် ချက်တစ်ဂါ့ပြည်နယ်ရှိ တောအုပ်တစ်ခုအတွင်းဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ထိုတောအုပ်သည် သောင်းကျန်းသူများအခြေချရာနေရာတစ်ခုဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးကပြောထားသည်။ ချေမှုန်းခံရသူများတွင် သောင်းကျန်းသူအဖွဲ့၏ ခေါင်းဆောင်ပိုင်းများပါဝင်ကြောင်းသိရသည်။

Ref: Xinhua

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီဖြန့်ဝေပေးလျက်ရှိ

နေပြည်တော် မေ ၂၁

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေလျှိုကြီးကြောင့်နေပြည်တော် ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး တို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ပြည်ပစေတနာရှင်၊အလှူရှင်များ ၏လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများလှူဒါန်း ထောက်ပံ့မှုနှင့် မေလ ၅ ရက်မှ ၁၂ ရက် အထိ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲ ထောက်ပံ့ဆောင်ရွက်မှုများကို အပတ်စဉ် သတင်းထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအခါ မေလ ၁၃ ရက်မှ ၁၉ ရက် အထိ ရက်သတ္တတစ်ပတ်အတွင်း အိန္ဒိယ နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ရုရှားဖက်ဒရေး ရှင်းနိုင်ငံနှင့် Singapore Lotus Charity Society တို့မှ ထပ်မံပေးပို့လှူဒါန်းလာ သော စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန် ပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်း များအနက် ဆေးနှင့်ဆေးပစ္စည်းများ ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန) သို့ လည်းကောင်း၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်းများကို နေပြည်တော်အတွင်းရှိလိုအပ်သည့်ဝန်ကြီး ဌာနများသို့လည်းကောင်း လွှဲပြောင်း ထောက်ပံ့ပေးခဲ့သည်။

သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ငလျင် ဘေးသင့်ဒေသများတွင် ယာယီရုံးများ အဖြစ်အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတ နိုင်ငံက လှူဒါန်းမည့် Prefabricated Office ၅၀၀ လုံးအနက် ၃၄၀ လုံး ရောက်ရှိခဲ့ပြီး ယာယီရုံးများအဖြစ် တပ်ဆင်ဆောင်ရွက် လျက်ရှိသည်။ အလားတူ တရုတ်ပြည်သူ့ သမ္မတနိုင်ငံက ယာယီအိမ်များအဖြစ် အသုံးပြုရန် လှူဒါန်းမည့် Prefabricated House ၄၅၀၀ လုံး အနက် ၁၅၇၆ လုံးသည် ၉-၅-၂၀၂၅ ရက်တွင်လည်းကောင်း၊ ၁၈၀၄ လုံးသည် ၁၃-၅-၂၀၂၅ ရက်တွင် လည်းကောင်း ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း သို့ရောက်ရှိခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော် သို့ ပေးပို့ခဲ့ပြီး လိုအပ်သည့်နေရာများတွင် တပ်ဆင်အသုံးပြုရန် ဆောင်ရွက်လျက်ရှိ သည်။ ထပ်မံရောက်ရှိလာပါကလည်း ဆက်လက်ဖြန့်ခွဲဆောင်ရွက်သွားမည်ဖြစ် သည်။

ငလျင်လှုပ်ခတ်ခဲ့သည့် ၂၈-၃-၂၀၂၅ ရက်မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှုစုစုပေါင်းမှာ မန္တလေးတိုင်း ဒေသကြီးသို့ မော်တော်ယာဉ် ၅၇ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၂၉ စီး၊ ရှမ်းပြည်နယ်တောင်ပိုင်းသို့မော်တော် ယာဉ် ကိုးစီးဖြစ်သည်။

နိုင်ငံတကာအလှူရှင်များက ၁၃-၅-၂၀၂၅ ရက်မှ ၁၉-၅-၂၀၂၅ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း ပေးပို့လှူဒါန်း သည့် ပစ္စည်းများကို ဘေးသင့်ပြည်သူများ အတွက်ဖြန့်ခွဲပေးပို့နိုင်ရေးဆောင်ရွက်ထား မှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါ သည်။ ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများ ရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများ ထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို တစ်ပတ်လျှင်တစ်ကြိမ် ဆက်လက်သတင်း ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်း ထုတ်ပြန်အပ်ပါသည်။ မြဝတီ



အိန္ဒိယနိုင်ငံမှလှူဒါန်းပစ္စည်းများရောက်ရှိမှုမှတ်တမ်း။



တရုတ်နိုင်ငံမှလှူဒါန်းသည့် Prefabricated House များ နေပြည်တော်သို့ရောက်ရှိမှုမှတ်တမ်း။



ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လှူဒါန်းပစ္စည်းများရောက်ရှိမှုမှတ်တမ်း။



မလေးရှားနိုင်ငံမှလှူဒါန်းပစ္စည်းများရောက်ရှိမှုမှတ်တမ်း။

## ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံလက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ်

(၃၀-၃-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ နေပြည်တော် | ဖြန့်ခွဲ မန္တလေး | ဖြန့်ခွဲ စစ်ကိုင်း | ဖြန့်ခွဲ ရှမ်း | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | မိုးကာတဲ အရွယ်အစားမျိုးစုံ | လုံး | **၁၄၅၇၁** | ၂၇၉၈ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၅၂၈ | **၄၆၀၅** | |
| ၂ | တာပေါ်လင်/ မိုးကာစ မျိုးစုံ | လိပ် | **၇၇၅** | ၁၀ | ၄၁၅ | - | - | - | **၃၅၀** | |
| | | အိတ် | **၄** | - | ၄ | - | - | - | - | |
| | | ထုပ် | **၂၇၆၁** | ၄ | ၂၅ | ၁၄၉၇ | - | ၃၆၄ | **၈၇၁** | |
| | | ဖာ | **၁၈၉** | ၁၈၉ | - | - | - | - | - | |
| | | ချပ် | **၂၃၉၀** | - | ၁၅၆ | ၁၂ | | ၆၄၈ | **၁၅၇၄** | |
| ၃ | Hygiene Kit | ခု | **၃၀၁၇** | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | **၄၃၈၆** | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | **၃၆၂၄** | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | **၆၁၈** | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | **၁၅၆** | ၃၄ | ၉၇ | ၂၃ | ၂ | - | - | |
| ၆ | ရေသန့်စက် | လုံး | **၁၀၀၃** | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | **၁၈** | ၈ | ၈ | ၁ | ၁ | - | - | |
| ၇ | Sleeping Bags | ထုပ် | **၄၀၀** | ၁၄၈ | ၂၂၄ | ၁၂ | ၁၆ | - | - | |
| | | ခု | **၁၄၄** | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | **၁၆၄** | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက် ကုန်ပစ္စည်း မျိုးစုံ | မျိုး | **၇၈** | ၁၉ | ၃၉ | ၁၈ | ၂ | - | - | |
| | | ဖာ | **၁၆၇၉၉** | ၈၇၂၀ | ၆၄၃၂ | ၁၂၅၃ | ၃၀၈ | ၈၆ | - | |
| | | အိတ် | **၂၅၀** | ၉၂ | ၁၄၀ | ၈ | ၁၀ | - | - | |
| | | ကတ် | **၁၀၀** | ၁၀၀ | - | - | - | - | - | |
| ၉ | လူသုံးကုန် ပစ္စည်း မျိုးစုံ | မျိုး | **၇၃** | ၁၉ | ၃၁ | ၇ | ၇ | ၉ | - | |
| | | ဖာ | **၃၅၉၂** | ၆၄၁ | ၁၉၃၇ | ၉၁၈ | ၆၃ | ၃၃ | - | |
| | | ထုပ် | **၁၄၇၅** | ၅၄၈ | ၈၂၁ | ၆၀ | ၄၆ | - | - | |
| | | ခု | **၂၂၀** | ၈၁ | ၁၂၃ | ၉ | ၇ | - | - | |
| ၁၀ | အိမ်သုံး ပစ္စည်းများ | မျိုး | **၃၆** | ၃ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | **၁၁** | ၃ | ၄ | ၂ | - | ၂ | - | |
| | | စုံ | **၂၀၀၀** | ၂၀၀၀ | - | - | - | - | - | |
| ၁၁ | လျှပ်စစ် ပစ္စည်းမျိုးစုံ | မျိုး | **၇** | ၂ | ၃ | ၁ | ၁ | - | - | |
| | | ဖာ | **၃၁၀** | ၁၂၂ | ၁၆၈ | ၁၂ | ၈ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်း မျိုးစုံ | မျိုး | **၆၅၆** | ၁ | ၈ | - | ၂ | ၆၄၅ | - | |
| | | အိတ် | **၁၅၀၂၀** | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | **၁၆၇၇** | ၂၆ | - | - | - | ၁၆၅၁ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံး ပစ္စည်း | မျိုး | **၁၁၆** | - | - | - | - | ၁၁၆ | - | |

## အိန္ဒိယနိုင်ငံမှ လှူဒါန်းပစ္စည်းများလက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု

(၁၃-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ နေပြည်တော် | ဖြန့်ခွဲ မန္တလေး | ဖြန့်ခွဲ စစ်ကိုင်း | ဖြန့်ခွဲ ရှမ်း | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဆေးနှင့် ဆေးပစ္စည်း မျိုးစုံ | ဖာ | **၆** | - | - | - | - | ၆ | - | ကျန်းမာရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

စာမျက်နှာ ၂၆ သို့

# အထူးမိုးလေဝသ သတင်း

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်


နေပြည်တော် မေ ၂၁

ယနေ့နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း မေလ ၂၃ ရက်မှ ၃၀ ရက်အတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၀-၅-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၃-၅-၂၀၂၅ ရက်နေ့မှ ၂၆-၅-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၀-၅-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၇-၅-၂၀၂၅ ရက်နေ့မှ ၃၀-၅-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




❍ စာမျက်နှာ ၂၅ မှအဆက်

### မလေးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၁၃-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့ အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၄၂ | - | - | - | - | ၄၂ | - | |
| ၂ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | ၃၃ | - | - | - | - | ၃၃ | - | |
| ၃ | အိမ်သုံးပစ္စည်းများ | ဖာ | ၂ | - | - | - | - | ၂ | - | |
| ၄ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၆ | - | - | - | - | ၆ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

### ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၁၃-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့ အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | လူသုံးကုန်ပစ္စည်း | မျိုး | ၈ | - | - | - | - | ၈ | - | |

### Singapore Lotus Charity Society မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု
(၁၃-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့ အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၄၄ | - | - | - | - | ၄၄ | - | |

# ရေလှောင်တမံနှင့် ဆက်စပ်အဆောက်အအုံများ ဘေးကင်းလုံခြုံမှုအခြေအနေ မျက်မြင်စစ်ဆေးမှုအစီရင်ခံစာပါ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်မှာကြား

နေပြည်တော် မေ ၂၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်း မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် အုတ်တွင်းမြို့နယ်ရှိ ရေသိုးရေလှောင်တမံနှင့်ဖြူးမြို့နယ်ရှိ ငမြွေရေလှောင်တမံထိခိုက်ပျက်စီးခဲ့မှုအား ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ယာယီပြုပြင်ဆောင်ရွက်ထားရှိမှုနှင့်အခိုင်အမာပြန်လည်ပြင်ဆင်ဆောင်ရွက်ရန်လျာထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ယခုမိုးမကျမီကာလအတွင်း ပြုပြင်ဆောင်ရွက်ရန်လျာထားမှုများအား လျာထားချက်အတိုင်းပြီးစီးအောင် ဆောင်ရွက်ရေး၊ မိုးရာသီအကုန်ပွင့်လင်းရာသီတွင်အခိုင်အမာပြုပြင်ခြင်းလုပ်ငန်းများကို နည်းပညာပိုင်းဆိုင်ရာ ရေးဆွဲအတည်ပြုထားပြီးဖြစ်သောဒီဇိုင်းပုံစံများအတိုင်း ဆောင်ရွက်နိုင်ရေး ကြိုတင်စီမံထားရန်၊ ရေလှောင်တမံနှင့်ဆက်စပ်ရေအား အဆောက်အအုံများဘေးကင်းလုံခြုံမှုအခြေအနေ မျက်မြင်စစ်ဆေးမှုအစီရင်ခံစာပါ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရေသိုးရေလှောင်တမံသည် ဆည်ရေသောက်ဧရိယာဧက ၁၃၅၀ ခန့်ကို နှစ်စဉ်စိုက်ပျိုးရေပေးဝေနေသည့် တမံဖြစ်ပြီး စစ်ကိုင်းပြတ်ရွေ့အနီးတည်ရှိသော ရေလှောင်တမံဖြစ်သည့်အတွက် နည်းပညာပိုင်းဆိုင်ရာ အားနည်းချက်မရှိစေရေး အလေးထားပြီးပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ခဲ့သည့် ဖြူးမြို့နယ်ရှိငမြွေရေလှောင်တမံထိခိုက်ခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပင်မတမံနှင့် ကုန်းကြောတမံများတွင် မျက်မြင်စစ်ဆေးတွေ့ရှိချက်များ၊ အင်ဂျင်နီယာနည်းပညာရပ်ပိုင်းဆိုင်ရာအသေးစိတ်စူးစမ်းမှုရလဒ်များအပေါ်အခြေခံ၍ ဒီဇိုင်းပုံစံများကိုရေးဆွဲပြီး ပြုပြင်ဆောင်ရွက်ကြရန်၊ ပင်မတမံနှင့် ကုန်းကြောတမံကြားဆက်သွယ်မြောင်းတူးဖော်ရာတွင် စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရန်၊ ရေထုတ်ပြွန်ထိခိုက်ခဲ့မှုအပေါ်မူတည်၍ ပြန်လည်ပြုပြင်ဆောင်ရွက်ရန်၊ ရေလွှဲလမ်းကြောင်းအား မိုးမကျမီအချိန်မီပြီးစီးအောင်စီမံဆောင်ရွက်ကြရန်၊ မူလရေပေးဝေရေးအစီအမံများအတိုင်း ဆက်လက်ရေပေးဝေနိုင်ရေးအတွက် လုပ်ဆောင်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ မြဝတီ


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
လုံခြုံလျှင်မြန်ဆန်စွာ ဆောင်ရွက်ပြန်မှန် မြဝတီဘဏ်
Card Services
Individual Debit Card/ Credit Card
Corporate Debit Card
Automated Teller Machine Services
Point of Sales Services
Online Payment / Tax Payment Via E-commerce
Phone No : (01) 2301367, 2301368, 2301452, 2301378


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
KHA YAE PIN MART
STARMART nine mile Showroom
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ နေပြည်တော်၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART Mandalay Wholesale
၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
RHINO
Lemon Tea
NAN MYAING
2+1 coffee
LIFE
TRISTAR
“အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း”
NAY PYI TAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

# အာဆီယံ-တရုတ်၊ အာဆီယံ-သြစတြေးလျ-နယူးဇီလန်၊ အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပ




နေပြည်တော်  မေ ၂၁

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့်အဖွဲ့သည် ယမန်နေ့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အာဆီယံ-တရုတ် စီးပွားရေးဝန်ကြီးများအထူးအစည်းအဝေး၊ အာဆီယံ-သြစတြေးလျ-နယူးဇီလန် စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးနှင့် အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးတို့ကို တက်ရောက်သည်။

အစည်းအဝေးတွင် မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာန၊ တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သြစတြေးလျနိုင်ငံ ကုန်သွယ်မှုနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ နယူးဇီလန်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာနတို့မှ ဝန်ကြီးများက ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံစီးပွားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။


အစည်းအဝေး၌ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ ပွင့်လင်းမြင်သာပြီး လွတ်လပ်၍ အားလုံးပါဝင်သည့်စည်းမျဉ်းအခြေခံ နိုင်ငံစုံကုန်သွယ်ရေးစနစ်ကို ထပ်မံအတည်ပြုကြသည်။ ထို့ပြင် နိုင်ငံများအကြားဖြစ်ပေါ်လာသည့် ကုန်သွယ်ရေးဆိုင်ရာတင်းမာမှုများကို နှစ်ဖက် ဘက်ညီမျှတမှု၊ အပြန်အလှန်နားလည်မှုနှင့် အကျိုးစီးပွားဖြစ်ထွန်းနိုင်မှုများကိုအခြေခံ၍ ညှိနှိုင်းဖြေရှင်းရန် ထပ်မံအတည်ပြုသည်။

အစည်းအဝေးများတွင် ဒုတိယဝန်ကြီးက လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့ကုန်သွယ်ရေးအခြေအနေများကြောင့် ဒေသတွင်းထောက်ပံ့မှုကွင်းဆက်တွင် စိန်ခေါ်မှုများရှိနေကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် ဒေသတွင်းနိုင်ငံများအနေဖြင့် စည်းမျဉ်းအခြေခံသော ကုန်သွယ်ရေးစနစ်ကို ပိုမိုအားကောင်းအောင် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အနာဂတ်တွင် ဒေသတွင်းစီးပွားရေးကြံ့ကြံ့ခံနိုင်စေရေးအတွက် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်၊ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် (၃.၀)၊ အာဆီယံ - သြစတြေးလျ - နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်နှင့်အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုစသည့် သဘောတူစာချုပ်များအောက်မှအတူတကွ ပူးပေါင်းဆောင်ရွက်သွားနိုင်ကြောင်းတို့ကို အလေးပေးပြောကြားသည်။

ထို့နောက် အစည်းအဝေးများတွင် အာဆီယံ-တရုတ် စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေး၊ အာဆီယံ-သြစတြေးလျ-နယူးဇီလန်စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးနှင့် အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးတို့၏ ပူးတွဲကြေညာချက်တို့ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြဝတီ

## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ချောက် | ၃၉.၂˚C |
| အောင်လံ | ၃၉.၂˚C |
| တောင်တွင်းကြီး | ၃၈.၅˚C |
| ညောင်လေးပင် | ၃၈˚C |
| ပခုက္ကူ | ၃၈˚C |
| မြင်းခြံ | ၃၇.၉˚C |
| မကွေး | ၃၇.၁˚C |
| မိတ္ထီလာ | ၃၆.၅˚C |
| ညောင်ဦး | ၃၆.၅˚C |
| ကလေး | ၃၆.၄˚C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ပြင်ဦးလွင်(ဇီးပင်ကြီး) | (၅.၁၅)လက်မ |
| ပြင်ဦးလွင် | (၄.၁၃)လက်မ |
| မတ္တရာ | (၃.၃၀)လက်မ |
| မန္တလေး (ချမ်းအေးသာစံ) | (၃.၂၇)လက်မ |
| အမရပူရ | (၂.၆၄)လက်မ |
| ပုသိမ်ကြီး | (၂.၅၈)လက်မ |
| မုံရွာ | (၂.၅၆)လက်မ |
| စစ်ကိုင်း | (၂.၂၈)လက်မ |
| မန္တလေး (အောင်မြေသာစံ) | (၂.၂၄)လက်မ |
| ပုသိမ်ကြီး(ရွှေစာရံ) | (၂.၁၃)လက်မ |
| မြစ်ငယ် | (၁.၇၇)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၁ | ၃၂ |
| ရှမ်း(မြောက်) | ၂၁ | ၃၁ |
| ရှမ်း(အရှေ့) | ၂၁ | ၃၅ |
| ရှမ်း(တောင်) | ၁၉ | ၃၀ |
| ချင်း | ၁၂ | ၂၆ |
| စစ်ကိုင်း(အထက်) | ၂၃ | ၃၄ |
| စစ်ကိုင်း(အောက်) | ၂၄ | ၃၆ |
| နေပြည်တော် | ၂၃ | ၃၅ |
| မန္တလေး | ၂၄ | ၃၅ |
| မကွေး | ၂၅ | ၃၆ |
| ရခိုင် | ၂၁ | ၃၀ |
| ပဲခူး | ၂၄ | ၃၅ |
| ရန်ကုန် | ၂၅ | ၃၄ |
| ဧရာဝတီ | ၂၄ | ၃၅ |
| ကယား | ၂၁ | ၃၀ |
| ကရင် | ၂၅ | ၃၄ |
| မွန် | ၂၅ | ၃၂ |
| တနင်္သာရီ | ၂၄ | ၃၄ |

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။





*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။

**ပျောက်ဆုံးကြောင်း**
အေးနန္ဒာလင်း(ဘ)ဦးဝင်းလတ်၆/ပလန(နိုင်)၁၂၄၁၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၄၉၃၇၀၇၇

**ပျောက်ဆုံးကြောင်း**
ကိုကိုလတ်(ဘ)ဦးလေးခန့် ၁၂/မဂတ(နိုင်)၀၇၈၇၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၃၂၃၄၃၉၃

**ပျောက်ဆုံးကြောင်း**
ထွန်းအေး(ဘ)ဦးအောင်ထွန်း ၁၂/မဂတ(နိုင်)၁၀၁၂၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 470530)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၅၅၅၅၅၆၄

**ပျောက်ဆုံးကြောင်း**
နှင်းအိဖြူ(ဘ)ဦးမှုံကြီး ၁၂/ခရန(နိုင်)၁၃၂၅၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၇၂၀၃၅၆

**ပျောက်ဆုံးကြောင်း**
ချိုချိုလှိုင်(ဘ)ဦးအောင်ဖုံညို ၁၁/ကတန(နိုင်)၀၉၁၇၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၃၉၄၄၁၇၇

**ပျောက်ဆုံးကြောင်း**
အောင်သိန်းဝင်း(ဘ)ဦးမောင်မောင် ၁၂/ကတတ(နိုင်)၀၁၉၉၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၁၅၇၆၁၀၀

**ပျောက်ဆုံးကြောင်း**
တင်စိုးဦး(ဘ)ဦးတင်ဝင်း ၉/ခအဇ(နိုင်)၀၃၃၅၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၆၃၃၃၆၀၀

**ပျောက်ဆုံးကြောင်း**
လှသီတာ(ဘ)ဦးတင်လေး ၁၂/ဥကတ(နိုင်)၀၆၀၀၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၇၅၈၉၅၁၆

**ပျောက်ဆုံးကြောင်း**
ညီညီ(ဘ)ဦးမောင်ကြည်(ခ)လင်ကျင်တီ ၁၂/လမန(နိုင်)၁၂၃၁၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၇၆၂၁၃၉၅

**ပျောက်ဆုံးကြောင်း**
နော်ခိုင်ခိုင်မိုး(ဘ)ဦးမိုးဇက် ၁၄/ပတန(နိုင်)၁၃၅၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ထားထားနု(ဘ)ဦးမိုက်ကယ် ၁၃/လခန(နိုင်)၀၂၂၈၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၀၀၁၀၉၉၂

**ပျောက်ဆုံးကြောင်း**
သင်းသင်းမာ(ဘ)ဦးကျော်မြင့် ၁၂/လမန(နိုင်)၀၁၈၀၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စိုးသန္တာထွန်း(ဘ)ဦးသောင်းထွန်း ၁၂/ဆကခ(နိုင်)၀၂၆၆၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အောင်ဖြိုးသူ(ဘ)ဦးကျော်မင်းသန်း ၇/ပခတ(နိုင်)၀၄၆၃၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 311984)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၁၆၁၀၃၂၈

**ဖခင်အမည်မှန်**
လယ်ဝေးမြို့၊ အ.ထ.က(၂) Grade-11 မှ မအိမ့်မြတ်သဉ္ဇာ၏ဖခင်အမည်မှန်မှာ ဦးဇော်လင်းအောင် ၉/ပမန(နိုင်)၁၂၅၅၂၁ ဖြစ်ပါကြောင်း။
ဦးဇော်လင်းအောင်

**အမည်ပြောင်း**
ဦးကျော်မြင့်နိုင် ၁၄/ပတန(နိုင်)၀၀၁၅၉၄၏သမီး နန်းသုမွန်ကျော်အား နမ့်သီရိစံဟု ပြောင်းလဲခေါ်ဆိုပါရန်။
နမ့်သီရိစံ

**ပျောက်ဆုံးကြောင်း**
ဒေါ်အိမွန်ချို(ဘ)ဦးစိန်မြင့် ၁၄/ပသန(နိုင်)၂၂၉၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 636680)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၁၆၇၄၄၅၂

**ပျောက်ဆုံးကြောင်း**
မောင်သိန်းဝင်း(ဘ)ဦးစိန်လင်း ၈/ရနခ(နိုင်)၁၃၆၇၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၁၆၇၄၄၅၂

**ပျောက်ဆုံးကြောင်း**
ခင်စန်းဝေ(ဘ)ဦးထွန်းမြင့် ၈/တတက(နိုင်)၂၄၅၇၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 492625)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၅၇၂၆၇၂၂

**ပျောက်ဆုံးကြောင်း**
မောင်စည်သူဖုန်းနိုင်(ဘ)ဦးမက်အောင် ၅/မမန(နိုင်)၀၈၅၇၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 110547)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၁၁၅၈၄၆

**စာပေမြင့်မှ လူမျိုးတင့်မည်**

# အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များအား လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန် ကျွေးခြင်းပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက်ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိ ဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှမွေးမြူရန်၊

(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ကုန်မျိုးစုံများနှင့်ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ၅၁ ရက်မြောက်လှည့်လည်ရောင်းချ

နေပြည်တော် မေ ၂၁

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ (နေပြည်တော်) စစ်ကိုင်းနှင့်မန္တလေးမြို့တို့အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ၅၁ ရက်မြောက်အဖြစ် လှည့်လည်ရောင်းချပေးလျက်ရှိရာ မေလ ၂၁ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဝန်ထမ်းများနှင့်ပြည်သူများသို့ ဆန် ၆ ပြည်ပါ(မနော်သုခ- Export Quality) ၄၅ အိတ်၊ ဆန် ၅ ပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၂ အိတ်၊ ဆီ ၁၃၂၀ ပိဿာ၊ ဆား ၁၂ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၅၅ ထုပ်၊ ငါးပိ ၃ ပိဿာ ၆၀ ကျပ်သား၊ ငါးတံခွန် ၁၀ ကျပ်သားပါ ၁၈ ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ ၂၅ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၂၃ ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သားပါ ၂၀ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ၁၄ ထုပ်၊ ကြက်ဥအလုံး ၄၀၀၊ ဘဲဥအလုံး ၆၀၊ ခေါက်ဆွဲခြောက် ၁၂ ထုပ် တို့ကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည့် ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဈေးကားကြီး (အရောင်းယာဉ်)ဖြင့် ၂၀၂၅ ခုနှစ် မေလ ၅ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

ထို့အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်းစီစဉ်မှုဖြင့် ယနေ့တွင် အမဲသား ၆၀ ပိဿာ၊ ဝက်သား ၇၅ ပိဿာတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အလားတူ စစ်ကိုင်းမြို့၌ ဆန် ၂၄ ပြည်ပါ(ရွှေဝါထွန်း) ငါးအိတ်၊ စားအုန်းဆီ ၆၀ ပိဿာ၊ ဆား ၃ ပိဿာ၊ ကုလားပဲ ၁၀ ဘူး၊ ငါးပိ ၁ ပိဿာ၊ ငါးနီတူခြောက် ၁ ပိဿာ၊ ပုစွန်ခြောက် ၁၀ ကျပ်သားပါ သုံးထုပ်၊ ကြက်ဥအလုံး ၆၀၊ ဘဲဥအလုံး ၂၀၊ ကြက်သွန်နီ ၅ ပိဿာနှင့် အသားတု ၂ ပိဿာတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မေလ ၂၁ ရက်တွင် မန္တလေးမြို့၌ ဆန် ၂၄ ပြည်ပါ (မနော်သုခ) ၁၆ အိတ်၊ စားအုန်းဆီ ၂၂၀၀ ပိဿာ၊ ဆား ၁ ပိဿာ ၅၀ ကျပ်သား၊ ကုလားပဲ ၂၅ ကျပ်သားပါ ငါးထုပ်၊ ငါးပိ ၂၅ ကျပ်သားပါ လေးထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားနှစ်ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သား နှစ်ထုပ်၊ ကြက်ဥအလုံး ၂၆၇၀၊ ဘဲဥအလုံး ၆၂၀ နှင့်ခေါက်ဆွဲခြောက်အထုပ် ၄၀ တို့ကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ


ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး

စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် — ၂၀၂၅ ခုနှစ်၊ မေလ (၂၂)ရက်နေ့မှ ဇွန်လ (၁)ရက်နေ့



ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

"အသိပေးကြေညာချက်"


- ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။


# အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသို့ ဝင်ရောက်

နေပြည်တော် မေ ၂၁

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

(မိုး/ဇလ)




၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့်ရက်များပြပုံ

၂၁-၅-၂၀၂၅

## ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ချောက် | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

## ပြည်ထဲရေးဝန်ကြီးဌာန
## တနင်္သာရီတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတွင် မီးသတ်စက်ပစ္စည်းကိရိယာများဝယ်ယူခြင်းအတွက် ပြည်တွင်းကုမ္ပဏီများ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

Lot(1) -

| | |
|---|---|
| (Rescue Boat & Yamaha Engine With 40 HP) | ၂ စီး |
| (Passenger 12 Persons, Engine Power 40 HP,Brand New Engine (Yamaha) | |
| - Length of boat; 5900 mm(19' 4") | |
| - Width of boat; 1860 mm(6' 10") | |
| - Depth of boat; 830 mm (2' 7") | |
| - တာယာဆိုဒ်စုံ | ၉၈ လုံး |
| - Rescue Rope 100 M (ကြိုး ၃၀၀ပေ)(China) | ၂၀ ခု |

၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာစတင်ဝယ်ယူရန် - (၂၂-၅-၂၀၂၅)မှ (၅-၆-၂၀၂၅)အထိ

(ခ) တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် - (၁၂-၆-၂၀၂၅)

(ဂ) တင်ဒါဖွင့်မည့်ရက် - (၁၉-၆-၂၀၂၅)

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး ဖုန်း(၀၅၉ ၂၃၈၇၁)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၅-၂၀၂၆)ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်မြို့တွင် လိုအပ်သော ဓာတ်ခွဲခန်းသုံးဆေးနှင့်ဆေးပစ္စည်းများ၊ Consumables များနှင့် Reagents များဝယ်ယူရန် အိတ်ဖွင့်တင်ဒါအား ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - (၂၁-၅-၂၀၂၅)ရက် (ဗုဒ္ဓဟူးနေ့)

ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ - အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန အမှတ်(၃၅)၊ မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

တင်ဒါပိတ်မည့်ရက်နှင့် အချိန် - (၃-၆-၂၀၂၅)ရက် (အင်္ဂါနေ့) ညနေ (၄:၀၀)နာရီ

ဆက်သွယ်ရန်ဖုန်း - ၀၁-၈၃၇၁၉၅၇၊ ၀၉-၄၄၃၀၉၇၁၈၃

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**
**၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## ချင်းပြည်နယ်၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ချင်းပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများဝယ်ယူခြင်း

(ခ) ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများ

(ဂ) အသေးစားရေအားစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းနှင့်ထိန်းပြင်လုပ်ငန်းများ

(ဃ) ရေအားစူးစမ်းတိုင်းတာခြင်းလုပ်ငန်းများ

၂။ တင်ဒါစတင်ရောင်းချမည့်ရက် - ၁၅-၅-၂၀၂၅

တင်ဒါပိတ်မည့် ရက်၊ အချိန် - ၂၉-၅-၂၀၂၅ ၁၆:၀၀ နာရီအစား ၁၆-၆-၂၀၂၅ ၁၆:၀၀ နာရီ ပြင်ဆင်ထားပါသည်။

၃။ တင်ဒါနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်များရှိပါက ဖုန်း ၀၇၀၂၁၉၄၄ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

### ပျောက်ဆုံးကြောင်း
ကျော်မြင့်ဦး(ဘ)ဦးမြင့်ဌေး ၈/မကန(နိုင်)၁၂၈၀၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၁၆၇၁၄၅၆

### ပျောက်ဆုံးကြောင်း
သိန်းဝင်း(ဘ)ဦးစိန်လင်း ၈/ရနခ(နိုင်)၁၃၆၇၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၁၆၇၄၄၅၂

### ပျောက်ဆုံးကြောင်း
ခိုင်သီဆွေ(ဘ)ဦးခင်မောင်ဆွေ ၅/ထခန(နိုင်)၀၅၁၇၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၉၈၂၉၆၃၉

### ပျောက်ဆုံးကြောင်း
ဇော်ဇော်(ဘ)ဦးဝင်း ၁၄/ဟသတ(နိုင်)၂၄၈၀၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၁၆၃၁၁၀၆

### မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်ပျောက်လျှောက်ထားခြင်း
မော်တော်ဆိုင်ကယ်အမှတ်၊ ၂၃ဃ/၂၄၆၄၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာချို ၁၀/ဘလန(နိုင်)၀၇၆၉၆၁ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံးမိတ္တူ လျှောက်ထားလာပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ခရိုင်ရုံး(သထုံ)**

### ပျောက်ဆုံးကြောင်း
ဦးသာစိုး(ဘ)ဦးခင်ဆွေ ၉/မခန(နိုင်)၁၆၀၉၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB 836883)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
မချိုချို(ဘ)ဦးလောင်ယင် ၁၃/လရန(နိုင်)၂၅၄၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
မွေးမွေးပြုံး(ဘ)ဦးအောင်လင်း ၈/တတက(နိုင်)၁၅၇၀၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 168243)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၄၀၈၄၈၇၆၅

### ပျောက်ဆုံးကြောင်း
မောင်ဇေအောင်(ဘ)ဦးအောင်ဝင်း ၁၂/တတန(နိုင်)၁၇၂၀၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သန်းလွင်(ဘ)ဦးဘသန်း ၁၂/သကတ(နိုင်)၁၂၃၆၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၉၄၇၆၄၉၉

### ပျောက်ဆုံးကြောင်း
စိုးဝင်း(ဘ)ဦးစံညွန့် ၂/ဒမဆ(နိုင်)၀၄၀၃၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (M 922047)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၇၇၉၁၆

### ပျောက်ဆုံးကြောင်း
ခင်ဝင်း(ဘ)ဦးထွန်းထော် ၆/ကသန(နိုင်)၀၃၀၅၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
နိုဂျန်ဘီဘီ(ဘ)ဦးအပ္ပဒူဟာမစ် ၇/ပခန(နိုင်)၁၈၀၉၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၁၂၃၅၂၈

### ပျောက်ဆုံးကြောင်း
လှဝင်းအေး(ဘ)ဦးမောင်လှ ၁၂/သလန(နိုင်)၁၁၀၀၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၀၇၉၇၅၁၆

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်နေ မအိအိဖြိုး(ဘ)ဦးကြည်ဝင်း ၇/ပခန(နိုင်)၃၂၅၈၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ငွေလုံးငွေရင်းအသုံးစရိတ်မှ စက်ကိရိယာပစ္စည်း(၂၀)မျိုးနှင့် သာမန်အသုံးစရိတ်မှ ရုံးအသုံးအဆောင်ပစ္စည်း(၂၂)မျိုး၊ ရုံးသုံးစာရေးကိရိယာ(၂)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး တင်ဒါပုံစံများကို **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂၉)နေပြည်တော်**တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**စက်ကိရိယာပစ္စည်း(၂၀)မျိုး**

တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် - ၂၃-၅-၂၀၂၅ ရက်မှ ၅-၆-၂၀၂၅ ရက်အထိ

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၆-၆-၂၀၂၅ ရက်(သောကြာနေ့)(၁၅:၀၀)နာရီ

တင်ဒါဖွင့်ဖောက်မည့်ရက် - ၁၂-၆-၂၀၂၅ ရက်(ကြာသပတေးနေ့)

**ရုံးအသုံးအဆောင်ပစ္စည်း(၂၂)မျိုး၊ ရုံးသုံးစာရေးကိရိယာ(၂)မျိုး**

တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် - ၂၃-၅-၂၀၂၅ ရက်မှ ၆-၆-၂၀၂၅ ရက်အထိ

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၉-၆-၂၀၂၅ ရက်(တနင်္လာနေ့)(၁၅:၀၀)နာရီ

တင်ဒါဖွင့်ဖောက်မည့်ရက် - ၁၇-၆-၂၀၂၅ ရက်(အင်္ဂါနေ့)

၃။ တင်ဒါတင်သွင်းရန် တင်ဒါလျှောက်လွှာပုံစံဝယ်ယူသည့်နေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (အစည်းအဝေးခန်းမ)၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၄။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ Website www.motc.gov.mm နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ Website www.rtad.gov.mm ၊ www.myanmarrtad.com တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊**
**ဖုန်း- ၀၆၇-၄၀၅၀၉၈၊ ၀၆၇-၄၀၅၃၆၀**

### ပျောက်ဆုံးကြောင်း
ကျော့ကျော့ခိုင်(ဘ)ဦးမြင့်ကျော် ၉/မသန(နိုင်)၂၀၄၁၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၇၅၄၉၉၀၀

### ပျောက်ဆုံးကြောင်း
အောင်ကြည်ဇော်(ဘ)ဦးဝင်းနိုင် ၉/ညဥန(နိုင်)၂၅၂၅၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 577231)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
တူးတူးနိုင်(ဘ)တန်ကာဟုတ်(ခ)ဝင်းနိုင် ၁၂/ဗတထ(နိုင်)၀၃၉၉၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မြတ်မင်းသူ(ဘ)ဦးနောင်နောင် ၁၄/ဝခမ(နိုင်)၃၅၀၈၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၂၀၃၃၄၃၅

### ပျောက်ဆုံးကြောင်း
မြဇော်ဝင်း(ဘ)ဦးဇော်ဝင်း ၁၂/ကမတ(နိုင်)၀၆၁၇၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၉၅၈၇၈၀

### ပျောက်ဆုံးကြောင်း
မော်ကွန်းထက်(ဘ)ဦးဟန်ဟန်ဝင်း ၉/ပဥလ(နိုင်)၁၁၈၉၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ရှိန်းထက်အောင်(ဘ)ဦးလှဦးမြင့် ၆/ကစန(နိုင်)၁၃၉၄၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၁၃၉၉၆၅

### ပျောက်ဆုံးကြောင်း
နော်ချစ်စံပယ်ဖော(ဘ)စောဒက်ခူ ၇/ကတခ(နိုင်)၂၃၉၁၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 810504)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၁၃၉၉၆၅

### ပျောက်ဆုံးကြောင်း
စန္ဒာဦး(ဘ)ဦးရွှေဖြူ ၁၁/ကဖန(နိုင်)၀၄၁၆၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၁၂၁၈၁၆၅၃

### ပျောက်ဆုံးကြောင်း
စိုးစိုးဦး(ဘ)ဦးချစ်စိန် ၁၂/သကတ(နိုင်)၀၃၁၁၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၁၂၇၈၈၅၂

### ပျောက်ဆုံးကြောင်း
မင်းကိုမောင်(ဘ)ဦးထွန်းအောင် ၉/မထလ(နိုင်)၃၁၉၉၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၂၀၁၈၇၆၁

### ပျောက်ဆုံးကြောင်း
အိအိဖြိုး(ဘ)ဦးသိန်းမင်းစိုး ၇/ကဝန(နိုင်)၂၀၇၁၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၆၃၀၃၈၁၇

### ပျောက်ဆုံးကြောင်း
မြတ်စုလှိုင်(ဘ)ဦးခင်မောင်တင့် ၉/တသန(နိုင်)၁၉၈၁၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 480134)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၂၇၅၅၈၃၇

### ပျောက်ဆုံးကြောင်း
တင်မာထွေး(ဘ)ဦးလှထွန်း ၉/မထလ(နိုင်)၃၄၆၅၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၂၇၂၈၂၀၂

### ပျောက်ဆုံးကြောင်း
ချစ်ကောင်း(ဘ)ဦးဝင်းညွန့် ၉/သစန(နိုင်)၁၄၈၂၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၂၀၅၉၂၂၅

### ပျောက်ဆုံးကြောင်း
မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ငါပိုင်ရပ်ကွက်၊ ငါပိုင်ကျေးရွာ၊ အမှတ်(၇၄)နေ သန်းထိုက်(ဘ)ဦးမောင်ခန့် ၉/ညဥန(နိုင်)၁၃၃၀၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ကွတ်ခိုင်မြို့နယ်၊ တာမိုးညဲ၊ ခိုပျဉ်ရွာနေ မတင်အေးဝင်း(ဘ)ဦးဖုန်ကျွေချုန် ၁၃/ကခန(နိုင်)၁၂၆၇၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ ချောင်းလမုကျေးရွာ၊ အေးချမ်းသာယာ(၂) ကျောင်းတိုက်ဆရာတော် သာသနာဝင်စိစစ်ရေးကတ်အမှတ်(၀၀၁၈၆) အရှင်သုမန ကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၀၂၀၈၉၁၁

# Prefabricated Office များ ပြင်ဆင်တည်ဆောက်နေမှုကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၁

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဦးဇင်မင်းထက်တို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအတွက် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း၌ Prefabricated Office များ ပြင်ဆင်တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိမြားပစ်လေ့ကျင့်ရေးကွင်း၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)နှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp)တို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မြားပစ်အားကစားသမားများ၏ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို လက်ရည်ဆန်းစစ် မြားပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက်ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ (အမျိုးသား/အမျိုးသမီး) Recurve နှင့် Compound တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့ကြသည့် သီဟထက်ဇော်နှင့် အောင်ကိုဦးတို့ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ Recurve တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင် ဒုတိယဆုနှင့် တတိယဆုရရှိခဲ့ကြသည့် နိုင်လင်းထက်နှင့် ကောင်းခန့်မော်တို့ကို ဒုတိယဝန်ကြီး ဦးထိန်လင်းကလည်းကောင်း၊ Compound တစ်ဦးချင်းရှုံးထွက် ပြိုင်ပွဲတွင် ဒုတိယဆုနှင့် တတိယဆုရရှိခဲ့ကြသည့် ဇင်သူရိန်မှူးနှင့် စုစုလှိုင်တို့ကို ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ လက်ရည်ဆန်းစစ် မြားပစ်ပြိုင်ပွဲကို မေလ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကျင်းပခဲ့ရာ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)နှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp)တို့မှ (အမျိုးသား/အမျိုးသမီး) Recurve အားကစားသမား ၇ ဦး၊ Compound အားကစားသမား ၅ ဦး၊ စုစုပေါင်း မြားပစ်အားကစားသမား ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မန္တလေးလျှင်ဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

နေပြည်တော် မေ ၂၁

ဖြူးမဟာစည် ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရနှင့် ဒါယကာ၊ ဒါယိကာမများ၊ ရဟန်း ဒါယကာ၊ ဒါယိကာမများ၊ ကျောင်းဒါယကာ၊ ဒါယိကာမများပြည်တွင်း/ပြည်ပ ဒါယကာ၊ ဒါယိကာမများ၊ ရပ်နီးရပ်ဝေး ဒါယကာ၊ ဒါယိကာမများက မန္တလေးလျှင်ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် ၁၀၀၀၀၀၀၀ နှင့် ငွေကျပ် ၆၇ သိန်းတန်ဖိုးရှိ စားသောက်ကုန်/ လူသုံးကုန်ပစ္စည်းများကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC)ရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ၂၁-၅-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ** (၅,၇၃၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# မြန်မာ့အာမခံလုပ်ငန်းရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့်လုပ်ငန်း စွမ်းဆောင်ရည်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၁

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့်လုပ်ငန်းစွမ်းဆောင်ရည်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် မြန်မာ့အာမခံလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရန်ကုန်မြို့ရှိဦးစီးဌာန၊ လုပ်ငန်းများမှညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် နှစ်စဉ်ဝင်ငွေတိုးတက်ရရှိလျက်ရှိပြီး ဝင်ငွေလျာထားချက်ပြည့်မီကျော်လွန်အောင် စွမ်းဆောင်ခဲ့ကြသည့် ဌာနအကြီးအကဲများနှင့်တကွ အရာထမ်း/အမှုထမ်းအားလုံး တက်ညီလက်ညီဆောင်ရွက်ခဲ့မှုကို ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ အရာထမ်း/ အမှုထမ်းများအနေနှင့် မိမိတို့လုပ်ငန်းတာဝန်များ ကြိုးပမ်းထမ်းဆောင်ကြရာတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များကိုလိုက်နာစောင့်ထိန်းကြရန် လိုအပ်ကြောင်း၊ အများပြည်သူနှင့် နေ့စဉ်ထိတွေ့ဆက်ဆံကြရာတွင် ကောင်းမွန်သောဝန်ဆောင်မှုပေးနိုင်ရန်လည်း လိုအပ်ကြောင်း၊ နိုင်ငံခြားသားပိုင်အာမခံလုပ်ငန်းများ၊ ပုဂ္ဂလိကပိုင်အာမခံလုပ်ငန်းများနှင့် တန်းတူယှဉ်ပြိုင်၍ လုပ်ကိုင်နေရသည့် အချိန်ဖြစ်၍ မိမိတို့၏ဝန်ဆောင်မှုများကို ကောင်းသည်ထက်ကောင်းအောင် ကြိုးစားနိုင်မှ ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်အစည်းအဝေးကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြီး လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်သော ဆုရရှိသည့်ရုံးခွဲများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ယာယီတဲများတွင်နေထိုင်နေသော ဝန်ထမ်းများနှင့် မိသားစုဝင်များအား Container House များသို့ အမြန်ဆုံးပြောင်းရွှေ့နေရာချထားနိုင်ရန် စီစဉ်ဆောင်ရွက်

နေပြည်တော် မေ ၂၁

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ ရုံးဝင်းအတွင်း၌ ဝန်ကြီးဌာနမှ လျှင်ဘေးသင့်ဝန်ထမ်းများနှင့်မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသည့် အိပ်ခန်းတစ်ခန်းပါ Container House များအား တပ်ဆင်တည်ဆောက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် နှင့် Kyaw Maw Group Construction ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသော အိပ်ခန်းတစ်ခန်းပါ Container House များ တပ်ဆင်တည်ဆောက်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စနစ်တကျသိမ်းဆည်းထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Container House များ တပ်ဆင်တည်ဆောက်နိုင်ရေးအတွက်မြေနေရာရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများ၊ စနစ်တကျသိမ်းဆည်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တပ်ဆင်တည်ဆောက်ရာတွင် သတ်မှတ်ချက်များအတိုင်း စနစ်တကျတပ်ဆင်တည်ဆောက်ကြရေး၊ Container House တစ်လုံးနှင့် တစ်လုံး အကွာအဝေးသတ်မှတ်ချက်များ ကိုက်ညီရေး၊ လမ်းများသတ်မှတ်ချက်အတိုင်းဖြစ်စေရေး၊ အညစ်အကြေးများ စနစ်တကျစွန့်ပစ်နိုင်ရန် စီစဉ်ထားရှိကြရေး၊ Container House များ တပ်ဆင်တည်ဆောက်ရာတွင် ပျက်စီးဆုံးရှုံးလေလွင့်မှုမဖြစ်စေရန် အဖွဲ့များဖွဲ့၍ စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရေး၊ ရေ၊ မီးနှင့် အခြေခံလိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးရေး၊ ဝင်လမ်း/ထွက်လမ်းများ စီစဉ်ထားရှိရေး၊ ယာယီတဲများတွင် နေထိုင်နေသော ဝန်ထမ်းများနှင့် မိသားစုဝင်များအား Container House များသို့ အမြန်ဆုံးပြောင်းရွှေ့နေရာချထားနိုင်အောင် စီစဉ်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၁

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် မေလ ၂၁ ရက်အထိ သေဆုံးသူ ၃၇၂၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၇၈ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၆ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

❖ **ပြည်တွင်းကုန်ပစ္စည်းထုတ်လုပ်မှု ကောင်းမွန်မှသာ ပို့ကုန်များရရှိမည်ဖြစ်သဖြင့် မိမိတို့နိုင်ငံ၏အဓိကကုန်ထုတ်လုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင်ပြုလုပ်သော ရာဂိမုန်တိုင်းနှင့်ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ တတိယအကြိမ်ပေးအပ်လှူဒါန်းပွဲတွင် ကျေးဇူးတင်စကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## တိုက်ကြီးမွေးမြူရေးဇုန်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုး/မွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ဆဲ တိုက်ကြီးမွေးမြူရေးဇုန်နှင့် တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုး/မွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တည်ဆောက်ဆဲ တိုက်ကြီးမွေးမြူရေးဇုန်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အဆိုပါဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်ရ လုပ်ငန်းရှင်များ၊ တိုက်ကြီးမြို့နယ်အတွင်းမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ တိုက်ကြီးမွေးမြူရေးဇုန် **စာမျက်နှာ ၅ ကော်လံ ၁** ■



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိုက်ကြီးမွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်ရလုပ်ငန်းရှင်များ၊ တိုက်ကြီးမြို့နယ်အတွင်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လမ်းညွှန်အမှာစကားပြောကြားစဉ်။

**ဆောင်းပါး**


အနာဂတ်ပန်းကလေးများပွင့်လန်းဖို့ ကျောင်းအပ်နှံကြပါစို့ (စာ - ၁၀ သို့)

တက်ကြွရွှင်လန်းအပြုံးပန်းနှင့် အနာဂတ်နိုင်ငံတော်ကို အလှဆင်ကြစို့ (စာ - ၁၃ သို့)

39th Junior Golf Myanmar Championship ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ (စာ - ၉ သို့)






ပဒုမ္မာဆပ်ပြာ

ရေမှာဆို 'ကြာ'

ဆပ်ပြာမှာ 'ပဒုမ္မာ'